www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၁၂၂၅၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၂၉၆၀၆၁၁

●

မျက်နှာဖုံးဒီဇိုင်း
မင်းသစ္စာ

●

အတွင်းစာစီ
မြစ်ခွဲ ၉ စင်းကွန်ပျူတာ

●

ထုတ်ဝေသူ
ဦးအေးသိန်း (အိပ်မက်နန်းစာပေ)
တိုက် ၂၅၊ အခန်း ၃၀၄၊ ၅ လမ်း(ဘီ)၊
ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

●

ပုံနှိပ်သူ
ဒေါ်မြမြကြွေ(၀၃၃၇၉)၊ မင်းမြင့်မာလာပုံနှိပ်တိုက်၊
အမှတ် ၂၄၊ တာဝတိံသာလမ်း၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


●

ပုံနှိပ်ခြင်း
ပထမအကြိမ်

ထုတ်ဝေခြင်း
၂၀၀၆

●

အုပ်ရေ - ၅၀၀
တန်ဖိုး - ၅၀



www.burmeseclassic.com



## ၁။

ဘဝမှာ သွေးမတော်သားမစပ်ဘဲ အချစ်ရဆုံး သံယောဇဉ် အဖြစ်ရဆုံးသောသူ နှစ်ယောက်ရှိသည်။

တစ်ယောက်မှာ သူငယ်၏ချစ်သူ 'မင်းသွေး'။ သူမထက် သုံးနှစ်လောက်ငယ်ပြီး အရမ်းကို ပေတေဆိုးသွမ်းလွန်းသော ချစ်လှမိုက်ကလေး။

ဒီချစ်လှမိုက်လေးကြောင့်ပင် မိဘမောင်ဖွား အသိုင်းအဝိုင်းတွေကြားမှာ မျက်နှာငယ်ရသည်။ ချစ်သူသဘာဝအရ ပျော်ရွှင်ချမ်းမြေ့မှုတို့မှာ မဆိုသလောက်ပင် ခံစားရသည်။ 'မင်းသွေး'နှင့် ပတ်သက်ပြီး သူမစိတ်တို့ နေ့နေ့ညည ပူပန်မှုဖြစ်ရတာချည်းပင်။

'နှင့်စိတ်ပျော့လွန်းလို့ ဒီချာတိတ်နဲ့ ချစ်သူဖြစ်နေရတာ'ဟု အမြဲပြောတတ်သူမှာ သူမ ချစ်ရ သံယောဇဉ်ဖြစ်ရသော 'မိုးသက်ဝေ'ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ပတ်သက်ပြီး မိုးသက်ဝေကတော့ ဘယ်လောက် ပြောပြော မင်းသွေးအား သေမလောက်ချစ်မိသည်။ မိန်းမချင်း သဘာဝအရ နားဝင်အောင် မိုးသက်ဝေ ဘယ်လောက်ပြောပြော မင်းသွေးအား သံယောဇဉ်ဖြတ်ဖို့ခက်၏။

မင်းသွေးနှင့် တစ်တန်းတည်းထားပြီး သံယောဇဉ်ရှိသည်ဟုပြောလျှင် မိုးသက်ဝေက လက်မခံ။

မင်းသွေးနှင့် ပတ်သက်ပြီး သူမ အသိုင်းအဝိုင်းက နူကြည့်သည်။ ကြမ်းကြည့်ကြသည်။ နောက်ဆုံးတော့ လုံးဝ လက်လျှော့ပြီး မင်းသွေးနှင့် အနေဝေးရန်ကိစ္စကို မိုးသက်ဝေ ထံသို့ လုံးလုံးပုံအပ်ထားကြသည်။

နောက်ဆုံးနှစ် စာမေးပွဲပြီးသည်နှင့် မိုးသက်ဝေမှာ မိန်းမစီးဖိနပ်မျိုးစုံကို စနစ်တကျ ခင်းကျင်းရောင်းချသော ဖိနပ် အရောင်းပြခန်းဆိုင်လေး ဖွင့်လှစ်နိုင်ခဲ့သည်။

မိုးသက်ဝေ၏ အသိုင်းအဝိုင်းမှာ သူမတို့လို စီးပွားရေး တောင့်တင်းကြသူများ မဟုတ်ပေ။ သူမဘဝကတော့ ရွှေဘုံပေါ် မှာစံ၊ မတောင့်တ မကြောင့်ကြပေ။ ပန်းချီလေး မတောက် တခေါက်ဆွဲပြီး မင်းသွေးနှင့် ပတ်သက်ရာ အိပ်မက်များဖြင့်သာ စိတ်ကူးနေသူပင်။

အလုပ်အကိုင်အတွက်လည်း မပူရ။ စီးပွားရေးနှင့် လည်း အနေစိမ်းသည်။ အချိန်တန်တော့ ဘွဲ့တစ်ခုသာရပြီး ဘဝအမောကို လုံးလုံးနားမလည်ခဲ့ပေ။





'မင်းသွေးနဲ့ ငါ နှစ်ယောက်တည်းက ဘယ်သူ့ကိုဖြတ် လဲလို့ ငါတော့ တစ်သက်လုံး မမေးဘူး 'မြတ်နိုးဖြူ'၊ နင်နဲ့ မင်းသွေးကို မရရအောင် ငါခွဲပြမယ်'

မင်းသွေးနှင့်ပတ်သက်ပြီး မိုးသက်ဝေကတော့ အလျှော့ မပေး။ တစ်နေ့မဟုတ် တစ်နေ့ မင်းသွေးအပေါ် သူမ စိတ်ကုန် သာလိမ့်မည်ဟု ယုံကြည်ထားဟန်ရှိသည်။

BURMESE CLASSIC

အပြင်မှာ မိုးမှောင်ကျနေ၏။

မိုးဦးလေဦးမှာ မင်းသွေးအား သတိရဖြစ်သည်။ မင်း သွေး၏ မျက်နှာနုဖတ်ဖတ်လေးအား မြင်ယောင်ဖြစ်သည်။

ဆိုးတာပေတာ အကျပ်ကိုင်လွန်းတာတွေကို သိ၏။ သူမအပေါ် အရမ်းချစ်ရှာ မြတ်နိုးရှာပါလားဟူသော အသိတစ် ခုတည်းဖြင့် အရာရာကို သူမ ခွင့်လွှတ်နိုင်ခဲ့၏။

ပြူမယောင်ဖြစ်နေသော ကောင်းကင်အောက်မှာ စိတ် လွင့်မျောနေတုန်း သူမ၏ လက်ကိုင်ဖုန်း အသံမြည်လာသည်။ မင်းသွေးများ ဆက်ရင် အရမ်းကောင်းမှာပဲဆိုသော အတွေးဖြင့် လက်ကိုင်ဖုန်းအား ကောက်ကိုင်လိုက်သည်။

✠ ✠ ✠

ပေါ်နေသော ဖုန်းနံပါတ်ကြောင့် မင်းသွေးမဟုတ်ဘူး ဆိုတာသိပြီး မိုးသက်ဝေထံမှဆိုတာ သိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'မိုးသက်ဝေ… နင် ဆိုင်နဲ့ပတ်သက်ပြီး ဘာများ အမှာတော်ရှိဦးမလို့လဲ'

'မှာလို့မဟုတ်ဘူး မြတ်နိုးဖြူ၊ အရေးတကြီး ပြောချင်လွန်းလို့ လှမ်းဆက်လိုက်ရတာ'

ဦးလေးတော်သူ၏ နာရေးကြောင့် 'ပြည်'ကို မိုးသက်ဝေ နှစ်ရက်ခရီးသွားရမည်။ ဆိုင်ကို သူမ ခဏလာထိုင်ပေးဖို့ ပြောပြီးဆိုပြီးသား။

'အခုလည်း ညနေစောင်းနေပြီ၊ မိုးလည်းမှောင်နေတယ်၊ ဆိုင်ကိုတော့ ငါမလာတော့ဘူး မိုးသက်ဝေ'

မိုးဦးလေဦးကို မမိချင်သလို မိုးတစိမ့်စိမ့်မှာ အတွေးနှင့်နေချင်တာလည်းပါ၏။

'ကော်ဖီဆိုင်ကိုတော့ အခုချက်ချင်း နင်ထွက်လာခဲ့ မြတ်နိုးဖြူ၊ အဝတ်အစားတွေ ဘာတွေ လဲမနေနဲ့'

မိုးသက်ဝေနှင့် ဆက်ဆံပြီး သံယောဇဉ်ဖြစ်ခဲ့တာ နှစ်ချီနေပြီ။ အခုလို အလောသုံးဆယ်နိုင်တာမျိုး တစ်ခါမှ မကြုံခဲ့ဖူးပေ။

'နေဦး… မိုးသက်ဝေ၊ နင် ဘာတွေဖြစ်ပြီး ဘယ်ကနေဆက်နေတာလဲ'

'အခွေငှားဆိုင်ရှိတဲ့ လမ်းထဲကဆက်နေတာ မြတ်နိုးဖြူ'

အခွေငှားဆိုင်ဆိုသော စကားကြောင့် သူမပြဿနာပဲဟု ထင်လိုက်သည်။ မိုးသက်ဝေက DVD, VCD နိုင်ငံခြားခွေတွေ





ကို မလွတ်တမ်း အရူးအမူးကြည့်သူ။ ကြည့်သည့်ကားတွေထဲလည်း အကြမ်းအရမ်း အက်ရှင်ကားတွေချည်းပင်။ လမ်းကြုံသို့ မိုးသက်ဝေနှင့် အတူတူ အခွေငှားဆိုင်သို့ ရောက်သွားတုန်းမှာ သူမတို့ မမွေးခင်က နာမည်ကြီးခဲ့သည်ဆိုသော ဂျပန်အချစ်ကားကို တွေ့သည်နှင့် ငှားလာဖြစ်သည်။ ဒီကားကို အဒေါ်တွေ၊ ဦးလေးတွေပြောလွန်းလို့ ရင်းနှီးနေခဲ့တာ ကြာပြီ။ ရှားရှားပါးပါး အခွေမို့ သူမကြည့်ပြီး တစ်ဆင့်တစ်ဆင့် လက်ဆင့်ကမ်းလိုက်တာ တစ်လနီးပါးကြာသွားခဲ့၏။ ဒီမှာတင် အခွေငှားဆိုင်နှင့် မိုးသက်ဝေ ပြဿနာဖြစ်သည်။ အဲဒီအခွေက ပျောက်သလိုလိုဖြစ်နေပြီးမှ သူမလက်ထဲသို့ ပြန်ရောက်တော့ သူမကိုယ်တိုင် ဆိုင်ကိုတောင်းပန်ပြီး ပြန်အပ်ခဲ့တာ မနေ့တစ်နေ့ကဖြစ်၏။

'ခွေကို ငါ ပြန်အပ်ပြီးပြီလေ မိုးသက်ဝေ၊ ဘာလဲ ဆိုင်က နင့်ကို ထပ်ပြဿနာရှာ ပြန်ပြီလား'

'အဲဒါနဲ့မဆိုင်ဘူး မိုးသက်ဝေ၊ နင်ကော်ဖီဆိုင်ကို မြန်မြန်ထွက်လာခဲ့၊ နေဦး… ဖုန်းကို လုံးဝမပိတ်ဘဲ နားထောင်နေနော်'

ရုတ်ခြည်းဆိုသလို အပြင်မှာ မိုးပြိုတော့သည်။ ဖုန်းထဲမှာလည်း မိုးသံလေသံတွေ လွှမ်းမိုးနေ၏။

ဆင်ဝင်အောက်ရောက်အောင် အပြေးတစ်ပိုင်း ထွက်လာဖြစ်သည်။ ကားတံခါးကို ဆွဲဖွင့်ရင်းကပင်-

'ရင်တုန်စရာကောင်းလိုက်တာ မိုးသက်ဝေရယ်၊ နင်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေများ ဖြစ်နေတာတုန်း'

သူမကသာ စိုးရိမ်မကင်းဖြစ်နေရသည်။ မိုးသက်ဝေ လေသံကတော့ အရယ်အမော လုံးဝမပျက်ပေ။

'ရင်တုန်စရာ၊ ရင်ခုန်စရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ အဲဒါကို ငါကိုယ်တိုင် ရုတ်တရက်ကြီး ဖန်တီးဖြစ်တာ မြတ်နိုးဖြူ၊ နင့်ကိုရှင်းပြဖို့ အချိန်မရတော့ဘူး၊ နင် သေသေချာချာ ဂရုစိုက်ပြီး နားထောင်ပေတော့'

မိုးသက်ဝေ၏ စကားသံ ပြတ်သွားသည်။ ဖုန်းထဲမှာတော့ မိုးသံလေသံမပြတ်။ မိုးကြားလေကြားမှာ ကားကို ဂရုတစိုက်မောင်းရင်း နားစွင့်ထားဖြစ်သည်။

'အို... အမေ့'

ရုတ်တရက်ထွက်ပေါ်လာသော မိုးသက်ဝေ၏ အာမေဋိတ်သံ။ ဒီတော့ သူစိမ်းယောကျ်ားတစ်ယောက်၏အသံ။

'ဘာဖြစ်သွားသေးလဲ'

မရှေးမနှောင်းမှာ မိုးသက်ဝေ၏ ကန့်ကလန့် အသံထွက်ပေါ်လာသည်။

'ရှင်သာ အလိုက်မသိဘဲ မဖေးမဘူးဆိုရင် ဒီမြောင်းပေါက်ထဲကို ခြေထောက်ကျွံကျသွားမှာ သေချာတယ်၊ အဲဒါဆိုရင်တော့ ကျွန်မ ခေါင်းကွဲမလား၊ ခြေကျိုးမလား မသိဘူး'

ဒီစကားတွေ ပြောပြီးသောအခါမှ-

'ဟောတော့... ကျွန်မဖိနပ် ပြတ်သွားပြီ'





လှုပ်ရှားမှုတွေကို မမြင်ရပေမယ့် အသံတွေ ကြားနေရသည်။ ရေဒီယိုမှ လွှင့်လေ့လွှင့်ထရှိသော ဇာတ်လမ်းပမာကို နားထောင်ရသလိုမျိုး။ ရုပ်မမြင်အသံကြားဟု အောက်မေ့ဖြစ်သေးသည်။

စိုးရိမ်စရာအခြေအနေမဟုတ်မှန်း သဘောပေါက်သွားသည်။

ဒါပေမဲ့ စိတ်ထဲမှာတော့ အတော်လေး အထူးအဆန်းဖြစ်မိ၏။

'ဘယ်အထိ လမ်းဆက်လျှောက်ရမှာလဲ'

မိုးသံလေသံဖြင့် ရောထွေးနေသော်လည်း သူစိမ်းယောကျ်ား၏အသံမှာ စူးရှပြတ်သားနေ၏။

'ကျွန်မကားက ဟိုနားမှာရပ်ထားတာလေ'

မိုးသက်ဝေ၏အသံမှာ ပုံမှန်မဟုတ်တာ သေချာ၏။ ကန့်ကလန့် နိုင်တာလား၊ မောပန်းထိတ်လန့်ဟန် ပြုထားတာလား ဟု ဝေခွဲလို့မရပြန်။

'ဒါဆို အဲဒီအထိ ဖိနပ်စီးသွားလို့ရအောင် ကြံဖန်ပြီး ပြင်ဆင်ပေးလိုက်မယ်'

မိုးသက်ဝေ၏ တုံ့ပြန်သံ ပေါ်ထွက်မလာပေ။ ထုရိုက်သံ သဲ့သဲ့ကြားရသည်။ ပြီးမှ-

'ရှင့်ကိုယ်တွေ မိုးစိုကုန်ပါပြီ'

ဒီသူစိမ်းယောကျ်ား ဘယ်သူဘယ်ဝါဆိုတာ စိတ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တွေးကြည့်သော်လည်း ပုံမပေါ်။ တကယ်တမ်း ပြောကြ ကြေးဆိုရင်လည်း မိုးသက်ဝေအနားမှာ ရင်းရင်းနှီးနှီး ဆက်ဆံသော ယောကျ်ားဆိုတာ မရှိသလောက်ပင်။

'ရပြီ… ခင်ဗျား စီးကြည့်လိုက်ဦး'

'ဟိုလေ… ရှင် မိုးခိုနေတာမျိုးဆိုရင် ကားနားအထိ လိုက်ခဲ့ပြီးမှ ဒီထီးကိုယူသွားပါလား'

'ရပါတယ်… အသိတစ်ယောက်ကို ဒီမှာပဲ ဆက် စောင့်စရာရှိသေးလို့ပါ'

စကားသံတွေ မကြားရတော့ပေမယ့် ဖုန်းလိုင်းကတော့ ပြတ်တောက်သွားခြင်းမရှိ။

မိုးသက်ဝေတစ်ယောက် ဘာတွေများ စိတ်ရှုပေါက်သွားသည်မသိ။ မိုးဦးလေဦးမှာ စိတ်တို့ဆောက်တည်ရာမရ ဖြစ်နေခြင်းများလား။

'အားလုံးကြားတယ်နော် မြတ်နိုးဖြူ'

'ကြားပါတယ်၊ နင် ဘာတွေဖြစ်နေတာလဲ'

'ရင်ခုန်စရာ အတွေ့အကြုံတစ်ခုပေါ့ဟာ၊ ငါ့ကိုလူချောက အရမ်းကိုစမတ်ကျပြီး ယောကျ်ားပီသလွန်းတယ်'

'ဘယ်လိုဖြစ်ရတာလဲ မိုးသက်ဝေ'

သူစိမ်းယောကျ်ားတစ်ယောက်အတွက် ရင်ခုန်လှုပ်ရှားမှု ဖြစ်လေ့ဖြစ်ထမရှိသော မိုးသက်ဝေ။

မိုး၏ လှည့်ဖြားဖမ်းစားခြင်းကို ရုတ်တရက် ခံလိုက်





ခြင်းလေလား။

'ကော်ဖီဆိုင်ကို မြန်မြန်ရောက်အောင်သာ မောင်းလာခဲ့တော့ မြတ်နိုးဖြူ။ ငါ ကိုလူချောကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ထားတယ်၊ နင့်ကိုပြပြီး ကြွားချင်နေပြီ၊ နင့်အတွက် ကော်ဖီပူလေးတစ်ခွက် အဆင်သင့် မှာထားပေးပါ့မယ်'

သူမအနေဖြင့် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ခဲ့ပေ။

စိတ်ရှိလက်ရှိပြောပြီး မိုးသက်ဝေက ဖုန်းပိတ်ပစ်လိုက်သည်။

မိုးသက်ဝေထံသို့ ဖုန်းပြန်ခေါ်ဖို့ ကြိုးစားသည်ထက် ကော်ဖီဆိုင်သို့ရောက်အောင် သွားခြင်းက အကောင်းဆုံးဟု တွေးဖြစ်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



၂။

ကော်ဖီဆိုင်သို့ ရောက်လုရောက်ခင်မှာပင် မိုးစဲသွားသည်။ ကော်ဖီဆိုင်နှင့် မလှမ်းမကမ်းမှာ ကားရပ်လိုက်တော့ ကောင်းကင်တစ်ခုလုံး လင်းရှင်းလို့သွား၏။ လမ်းများပေါ်မှာတော့ ရေများစွာတို့ တင်ကျန်နေရစ်သည်။

နေရောင်သည် မြူးတူးစွာဖြင့် ထွန်းလင်းလာသည်။ မိုးခိုသောငှက်တို့သည်လည်း တညံညံဖြင့် ပျံသန်းထွက်လာကြသည်။

ရန်ကုန်မြို့လယ်ခေါင်မှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကို အမှတ်ထားဟန်မရှိဘဲ သက်ဝင်လှုပ်ရှားလျက်ရှိနေသည်။

ကော်ဖီဆိုင်ရှေ့တည့်တည့်မှာပင် မိုးသက်ဝေ၏ကားလေး ရပ်ထားသည်ကို တွေ့လိုက်ရသည်။





စားပွဲနားသို့ သူမရောက်သွားသည့်ကိုပင် မိုးသက်ဝေတစ်ယောက် ဂရုမထားနိုင်။ သူမသောက်ဖို့အတွက်တော့ ကော်ဖီတစ်ခွက်ကို အဆင်သင့်မှာထားပေး၏။

လက်ကိုင်ဖုန်းတစ်လုံးဖြင့် မိုးသက်ဝေတစ်ယောက် သဲကြီးမဲကြီး အလုပ်ရှုပ်နေသောကြောင့် စိတ်မရှည်နိုင်တော့ပေ။

'ငါရောက်လာတာကို ခရီးဦးကြိုဖို့မပြောနဲ့၊ ကော်ဖီတစ်ငုံသောက်ပြီးတာတောင် စကားမပြောနိုင်တာ ဘာအချိုးလဲ မိုးသက်ဝေ'

အမြဲတမ်း သာလိကာမလေးလို စကားဖောင်ဖွဲ့ပြောတတ်သော မိုးသက်ဝေတစ်ယောက် မော်ကြည့်ပြီး မခို့တရို့ပြုံးပြရှာသည်။

'ဟန်းဖုန်းနဲ့ ငါ ရိုက်ထားခဲ့တဲ့ပုံတွေကို ပြန်ကြည့်နေတာပါ'

'နင်နဲ့ ဆုံခဲ့တဲ့ ကိုလူချောဆိုတာက…'

မိုးသက်ဝေတစ်ယောက် သဲသဲလှုပ်ဖြစ်ရသည့် ယောကျ်ားတစ်ယောက်ကိုတော့ အရမ်းစိတ်ဝင်စားမိတာ အမှန်ပင်။

'နင့်ဘာသာနင်ကြည့်တော့ မြတ်နိုးဖြူ၊ ဘက်ထရီအားနည်းတာလား၊ ရာသီဥတုကြောင့်လား၊ စက်ကြောင်တာလားတော့မသိဘူး၊ တောက်လျှောက်ကြီး ရိုက်ထားဖြစ်တာဆိုတော့ ပုံတွေက မျက်နှာမပေါ်ဘူး၊ မျက်နှာပေါ်တဲ့ပုံတွေကျပြန်တော့လည်း ဖိုးကပ်စ်မပြတ်ဘဲ အားလုံး မှုန်ဝါးဝါးနဲ့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ဝေလက်ကိုင်ဖုန်းမှာ ဓာတ်ပုံရိုက်ယူနိုင်သော်လည်း သေသေချာချာ မရိုက်နိုင်ခဲ့တာရော၊ ရာသီဥတုကြောင့်ပါ ပုံတွေအားလုံးမှာ လူလုံးမကွဲဘဲ ဝေဝါးနေ၏။

'ကိုယ်လုံးကိုယ်ပေါက်ရော၊ အရုပ်အမောင်းရော နင်ပြောသလို ယောကျ်ားပီသတဲ့ ဟန်မျိုးပဲ၊ ဖုန်းထဲမှာကြားရရုံနဲ့ အသံသြဇာလည်း ရှိပါတယ်၊ ဒါပေမဲ့ ဒီအထဲမှာတော့ အသားအရေတို့ မျက်နှာပေါက်တို့ နှုတ်ခမ်းတို့က ဘာဆိုဘာမှ မပြတ်သားဘူး မိုးသက်ဝေ၊ အားမနာတမ်းပြောရရင်တော့ နင့်ကိုလူချောက ဒီထဲမှာတော့ တကယ့်ကို ကုလားတစ်ယောက်ပဲ မိုးသက်ဝေ'

ပိုပိုသာသာလေး မညှာမတာ ပြောပစ်လိုက်သည်။ မိုးသက်ဝေတစ်ယောက် သူမစကားတွေကြောင့် ဆွေ့ဆွေ့ခုန်သွားသည်။ မျက်နှာလည်း ရှုံ့မဲ့သွား၏။

'နင့်ပါးစပ်ကို သွားစင်အောင်တိုက်ပြီး ချက်ချင်း ပလုပ်ကျင်းလိုက်ဖို့ကောင်းနေပြီ မြတ်နိုးဖြူ'

'ငါက အမြင်ကို အရှိအတိုင်းပြောတာလေ၊ နင်ရိုက်သားခဲ့တဲ့ မှတ်တမ်းတင်ထားခဲ့တဲ့ ပုံတွေလည်း ပြန်ကြည့်ပါဦး မိုးသက်ဝေရယ်၊ ဒါတောင် နင့်ကို အားနာလို့ ငါလျှော့ပြောလိုက်တာ၊ နင် ဖီလင်အောက်သွားမှာစိုးလို့လေ'

မင်းသွေးနှင့်ပတ်သက်ပြီး သူမအပေါ် နှိပ်ကွပ်ထားသမျှတွေကို ပညာပြန်ပေးမိသည်။ မိုးသက်ဝေကတော့ သူ့





အကြောင်းနှင့်သူ မွန်ထူနေပြီး ရေရေရာရာမသိပေ။

'ငါ့ဆီ ဟန်းဖုန်းပြန်ပေး မြတ်နိုးဖြူ၊ စောစောက ငါကြည့်ထားတာ တစ်ပုံရှိတယ်'

သူမလက်ထဲမှ လက်ကိုင်ဖုန်းကို ဆတ်ခနဲဆိုသလို မိုးသက်ဝေ လုယူလိုက်သည်။ ခလုတ်တွေကို သူ့ဘာသာသူ ပြန်နှိပ်ရင်းက ရှာဖွေနေပြန်၏။

မိုးသက်ဝေကို ကြည့်ရင်းကပင် ကော်ဖီကို ဖိမ်ကျကျသောက်နေဖြစ်သည်။

'ဒီမှာတွေ့လား မြတ်နိုးဖြူ၊ သူ့မျက်နှာနဲ့ သူ့ပုံကို အနီးကပ်ရိုက်ဖြစ်ခဲ့တာ၊ အားလုံးထဲမှာတော့ ဒီပုံက အပြတ်သားဆုံး အပေါ်ဆုံးပဲ'

အဆိုးတွေထဲမှ အကောင်းဆုံးတစ်ကွက်ကို မိုးသက်ဝေက ရွေးထုတ်ပြလာသည်။ အားနာနာနှင့် ယူကြည့်ဖြစ်သည်။ ပုံကို မမြင်ရခင်ကတည်းက ပစ်ပစ်ခါခါ ပြောပစ်ဖို့ စကားလုံးတွေက အသင့်ရှိနေပြီးသား။

'ဟုတ်ပါရဲ့… မျက်နှာလည်းပေါ်ပါတယ်၊ ဒါပေမဲ့ဟာ မည်းမည်းတူးတူးကြီး၊ နင်က သေသေချာချာချိန်ရိုက်တာမျိုးမဟုတ်တော့ ဆံပင်မပါဘူးဖြစ်နေတယ်၊ မျက်လုံးကလည်း မှိတ်နေတယ်၊ တကယ့်ကို ကုလားဒိန်ရှပ်မျိုးပါဟာ'

'နင်ကတော့ အကောင်းမမြင်တတ်တဲ့ မိန်းမတစ်ယောက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ဝေတစ်ယောက်တော့ နည်းနည်းလေး ကျွဲမြီးတိုသွားပုံရသည်။ ရှုံ့ရှုံ့ရှဲရှဲဖြစ်သွားပြီး ကော်ဖီခွက်ကို သောက်လိုက်၏။

'အင်း… ဒါတောင် ငါက နှင်ဖီလင်မအောက်အောင် လျှော့လျှော့ပေါ့ပေါ့ပြောထားတာနော်၊ ဒီလိုလုပ်ပါလား မိုးသက်ဝေ'

'ဘာလဲ'

'ဒီဆိုင်ထဲမှာရှိတဲ့ လူတွေကို တစ်ယောက်ချင်းစီ နှင်လိုက်ပြကြည့်ပါလား၊ သူတို့တွေ ထင်မြင်ချက်ပေးတဲ့ စကားသံတွေကို နှင် နားထောင်ကြည့်ပေါ့'

'တော်တော့ မြတ်နိုးဖြူ'

မိုးသက်ဝေမျက်နှာလေး အိုစာသွားပြီး သုန်သုန်မှုန်မှုန်ဖြစ်နေ၏။ မိုးသက်ဝေ ဒေါသဖြစ်နေပုံလေးမှာ ရယ်စရာပင်ကောင်းနေသေး၏။

တစ်သက်နှင့်တစ်ကိုယ် မိုးသက်ဝေ စိတ်ကောက်တာ၊ ဒေါသဖြစ်တာကို မကြုံကြိုက်ဖူးပေ။

သံယောဇဉ်ဖြစ်သည့် ကာလတစ်လျှောက်လုံး သူမကသာ စိတ်ဆိုးစိတ်ကောက်ပြီး ဒေါသဖြစ်ခဲ့တာ များသည်ပဲ။

✠ ✠ ✠



ဒီတစ်ခါတော့ သူမ ချော့ရမည့်အလှည့် ရောက်လာသည်။ တကယ်တမ်းမှာလည်း မိုးသက်ဝေ ရိုက်ယူခဲ့သည့်ပုံများက လူလုံးမကျွဲ။ အားလုံး မည်းမည်းမှောင်မှောင်တွေ ဖြစ်နေ၏။

'ကဲပါ မိုးသက်ဝေရယ်၊ ငါ စကားအကောင်းပြောပါတော့မယ်၊ နှင် စိတ်ဆိုးစိတ်ကောက်ပြေတော့ ဟုတ်လား'

'နှင် ဘာပြောမှာလဲ ပြော'

'ဒီလိုဟာ နှင်ရိုက်ခဲ့တဲ့ ပုံတွေအားလုံးကို ကွန်ပျူတာထဲအောင်းထည့်လိုက်၊ ဂရပ်ဖစ်ဒီဇိုင်နာတစ်ဦးကိုခေါ်၊ တစ်ပုံချင်းစီအ အစိတ်အပိုင်းတွေ ပေါင်းလိုက်ရင်တော့ နှင့်ကိုလူချောကတောတီအတိုင်း ပုံပေါ်လာနိုင်တယ်'

စိတ်ရင်းအတိုင်း အကြံပေးလိုက်တော့ မိုးသက်ဝေသက်ခံ၏။

'နှင်ပြောတာ မဆိုးဘူး မြတ်နိုးဖြူ၊ အခုလောလောဆယ်တော့ ဒီပုံတွေကိုပဲ အမှတ်တရအနေနဲ့ ဟန်းဖုန်းထဲမှာငါ သိမ်းထားမယ်၊ နှင်ပြောသလို လုပ်ဖြစ်တဲ့အခါ နှင့်အကူအညီတွေအများကြီးလိုတယ် မြတ်နိုးဖြူ'

မိုးသက်ဝေကို ပစ်ပစ်ခါခါလည်း ပြောခဲ့ပြီးပြီ။ ဒေါသဖြစ်အောင်လည်း နှောက်ပြောင်ခဲ့ပြီးပြီ။

အဲဒီ ကိုလူချောကတော့ မိုးသက်ဝေအပေါ် အရမ်းလွှမ်းမိုးထားတာတော့ သေချာသည်။ မိုးသက်ဝေ၏ ဖုန်းဧချင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့အလိုလို ပေါ်ပေါက်လာခြင်းဟု အောက်မေ့မိသည်။

'အခု မာတ်ပုံတွေကို ခဏမေ့ထားလိုက်ပါဦး၊ နင့်ကို မေးခွန်းတွေအများကြီး မေးစရာရှိတယ် မိုးသက်ဝေ'

'နင် အကောင်းစကားပြောပြီး အကောင်းမေးတာဆို ရင်တော့ ငါဖြေဖို့ ဝန်မလေးဘူး'

မိုးသက်ဝေကို လွှမ်းမိုးနိုင်မှတော့ သူမအတွက်လည်း အရေးပါနေသည်။ ချစ်သူရည်းစား မထားဖူးသော မိုးသက်ဝေကို စစ်ဆေးမေးမြန်းလိုက်သည်။

'ငါပြောခဲ့တဲ့ စကားတွေကို နင်မေ့ထားလိုက်ပါ မိုးသက်ဝေ၊ အခုအချိန်ကစပြီး တကယ့်ကို လေးလေးနက်နက် ဆွေးနွေးကြရအောင်'

'ကိုလူချောဆိုတဲ့လူနဲ့ နင် ဘယ်လိုဆုံခဲ့သလဲ မိုးသက်ဝေ'

မိုးသက်ဝေမျက်နှာလေး ချက်ချင်းဝင်းပသွားသည်။ ဖြစ်ပျက်ခဲ့ပုံတွေကို စိတ်အားထက်သန်စွာဖြင့် မိုးသက်ဝေ ပြောပြ၏။

'ခွေဆိုင်မှာ ခွေငှားဖို့လာတုန်းမှာ မှတ်မထင်တွေ့တာပါ၊ ငါကားပေါ်ကဆင်းတော့ မိုးတွေညို့လာတယ်၊ အခွေဆိုင်ရဲ့လမ်းတစ်ဖက် အမိုးအောက်မှာ သူရပ်နေတာကို ငါတွေ့တယ်၊ ငါ့အနေနဲ့ ယောကျ်ားတွေချောတာကို မြင်ဖူးတွေ့ဖူးတယ်၊ ဒါပေမဲ့ဟာ သူ့ရုပ်ကို မြင်လိုက်တော့ မရှက်တမ်းပြောရရင်





သဘောကျသွားမိတယ်၊ အခွေငှားဆိုင်နားကနေပြီး သူ့ကို တော်တော်ကြာကြာ ငါ ခိုးကြည့်ဖြစ်တယ်'

တော်ရုံတန်ရုံ ရုပ်ရည်မျိုးနှင့်တော့ မိုးသက်ဝေအား ဆွဲဆောင်နိုင်ဘူးဆိုတာကို ကောင်းကောင်းနားလည်၏။

မိုးသက်ဝေကတော့ အလုံးစုံ ပြောပြချင်နေသူ၊ နားဆောင်ရတာ ငြီးငွေ့စိုးလို့ လိုသည်တို့ကိုပဲ ဖြတ်မေးဖြစ်သည်။

'ဟုတ်ပါပြီ… ဖိနပ်ပြတ်တဲ့အဆင့်အထိ ဘယ်လို အချင်းရင်းနှီးခဲ့ကြတာလဲ မိုးသက်ဝေ'

'ငါ အခွေဆိုင်က ပြန်ထွက်လာတဲ့အထိ သူရပ်နေတုန်းပဲ၊ တလေးကလားနိုင်တယ်လို့ နင် ထင်ရင်ထင်မယ်၊ ငါ့စိတ်ထဲမှာ မှတ်မှတ်ရရလေး လုပ်ချင်လာတယ်၊ အဲဒီအချိန်မှာ မိုးတွေအော်ပြီး ပြို့ဆင်းလာပြီ၊ နင့်ဆီဖုန်းဆက်ရင်းကနေ ငါ့ဖိနပ်သည်ကြိုးကို ပြတ်လုလုဖြစ်အောင် တမင်လုပ်လိုက်ပြီး သူရှိတဲ့လမ်းဘက်ကို ကူးသွားလိုက်တယ်'

'သဘောပေါက်ပြီ မိုးသက်ဝေ၊ ငါ ဖုန်းထဲမှာကြားရတဲ့အတိုင်း နင်က သူ့နားရောက်တော့ ခြေချော်ချင်ဟန်ဆောင်၊ သူက ကူညီလိုက်၊ ပြီးတော့ ဖိနပ်ပြင်ပေး၊ ဒါပဲမဟုတ်လား မိုးသက်ဝေ'

မိုးသက်ဝေကိုသာ ဖြစ်စဉ်အစအဆုံးပြောခိုင်းလိုက်ရင် မိုးချုပ်သွားမှာ သေချာနေ၏။ စမြုံ့ပြန်ခံစားချင်သော မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



ဝေအဖို့တော့ နည်းနည်းလေး အောင့်သက်သက်ဖြစ်သွားမည် ထင်၏။

'ဟုတ်တယ် မြတ်နိုးဖြူ'

'သူ့နာမည်က ကိုလူချောတဲ့လား'

'မဟုတ်ဘူး၊ သူ့နာမည်ကို ငါမသိဘူး၊ ကိုလူချော ဆိုတာ ငါ့ဘာသာငါ ပေးတဲ့နာမည်'

မင်းသွေးနှင့်ပတ်သက်ပြီး မိုးသက်ဝေ လူကြီးလုပ်ခဲ့သမျှ ဝင်လည်ဖို့သာပြင်တော့ဟု စိတ်ထဲမှနေ ပြောဖြစ်သည်။

'နာမည်ကိုတောင် မသိဘူးဆိုတော့ အဲဒီလူရဲ့ အလုပ်အကိုင်၊ မျိုးရိုးဇာတိ၊ ပြီးတော့ လူဆိုးလား လူကောင်းလားဆိုတာကို နင် ဘယ်လိုလုပ်ပြီးသိနိုင်မှာလဲ'

'ငါနဲ့သူ ရေစက်မကုန်ခင်တော့ ပြန်တွေ့မှာပဲ၊ ခဏလေးမြင်ရရုံနဲ့ ငါ့စိတ်ထဲမှာ သူ့ကို အရမ်းရင်းနှီးနေဖြစ်တယ် မြတ်နိုးဖြူ'

'နင် သူ့ကိုချစ်သွားခဲ့ပြီလို့ တည့်တည့်ပြောလိုက်စမ်းပါ မိုးသက်ဝေရယ်'

'မရှက်မကြောက် ငါဝန်ခံပါတယ် မြတ်နိုးဖြူ'

'ငါ ကိုယ်ချင်းစာလို့ရပါတယ် မိုးသက်ဝေ၊ ငါ့မှာက မင်းသွေးဆိုတဲ့ ချစ်သူရှိနေတာ မဟုတ်လား၊ နင့်အတွက် ငါ ဆုတောင်းပေးချင်တယ်'

'ဘာများလဲ မြတ်နိုးဖြူ'





'တခြားမဟုတ်ပါဘူး၊ အဲဒီ ကိုလူချောဟာ မင်းသွေးလို ပေပေတေတေ ဆိုးဆိုးမိုက်မိုက်ချစ်သူမျိုး မဖြစ်ပါစေနဲ့ဆိုတဲ့ ဆုတောင်းပါ'

ချက်ချင်းဆိုသလို မိုးသက်ဝေက ပြန်ပက်လိုက်သည်။ မိုးသက်ဝေ၏ စကားတွေကိုတော့ သူမ စွဲမယူဖြစ်ပါလေ။

'ငါ့ကိုလူချောက လူကြီးလူကောင်းဆန်ပါတယ်၊ မင်းသွေးလိုလည်း မငယ်ဘူး၊ ငါတို့နဲ့ သက်တူရွယ်တူထဲကပဲ၊ သူဟာ မင်းသွေးလို လူဆိုးလူမိုက်တစ်ယောက်ဖြစ်မှာ မဟုတ်ဘူး'

'ထားလိုက်ပါတော့ မိုးသက်ဝေ၊ ငါတို့ ဒီဆိုင်မှာထိုင်တာလည်း အတော်ကြာသွားပြီ၊ နင် ပြည်ကို ဘယ်တော့သွားမှာလဲ၊ မနက်ဖြန်မနက် အစောကြီးလား'

'ဟုတ်ပါရဲ့... ဒီညကားနဲ့သွားမှာ မြတ်နိုးဖြူ၊ အိမ်က လူတွေ ငါ့ကို စောင့်နေရှာမယ်၊ သွားကြရအောင်'


မိုးသက်ဝေတစ်ယောက် ပျာပျာသလဲဖြစ်သွားသည်။ ဈေးသင့်ငွေကို ကမန်းကတန်း ရှင်းသည်။ ဆိုင်မှထွက်ရင်းကပင် မှာစရာရှိသည်များကို မနားတမ်းမှာသည်။ ကားပေါ်ရောက်သည် အထိ မိုးသက်ဝေ မှာလို့ကောင်းတုန်းပင်။

မိုးသက်ဝေ၏ကားလေး ထွက်သွားတော့မှ သက်ပြင်းချပြီး ကားရပ်ထားရာသို့ ထွက်လာဖြစ်သည်။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



၃။

ညနေခင်းနေရောင်သည် မြေပြင်ပေါ်မှာ မင်းမူထားနေသည်။ လမ်းမပေါ်မှာတော့ အမှိုက်သရိုက်များနှင့် မိုးရေများ ထင်ကျန်နေသည်။ ကိုယ့်အာရုံနှင့်ကိုယ် ကားနားသို့ လှမ်းလာမိသောကြောင့် ဘာတိုမှ ဂရုမထားဖြစ်။

ကားတံခါးရှက်နားမှာ ငုတ်တုတ်ထိုင်နေရာမှ ဖြုန်းခနဲထလိုက်သော လူရိပ်ကြောင့်ပင် အလန့်တကြား ဖြစ်သွားမိသည်။

'အမယ်လေး'

'လန့်မသွားပါနဲ့ မြတ်နိုးရယ်၊ မင်းသွေးပါ'

ဘယ်အချိန်က ဘယ်လို ကားတံခါးရှက်နားမှာ ပုန်းအောင်းနေသည်မသိပေ။ ပထမတော့ မသမာသူတစ်ဦးဟု ထင်မိသေး၏။





'မင်းသွေးရယ်··· လူချင်းမတွေ့တာ နှစ်ပတ်လောက်ဆိုဦးမယ်၊ ပိန်ကျသွားလိုက်တာ လူမြင်လို့တောင်မကောင်းဘူး၊ နေရောကောင်းရဲ့လားဟင်'

မင်းသွေးကို ဘယ်သူမှ ဆုံးမလို့ရတော့မည် မထင်။ သူမပြောရင် နားထောင် ခေါင်းညိတ်တာလည်း အခါပေါင်း ရေတွက်နိုင်။ ကွယ်သည်နှင့် အပေါင်းအသင်းတွေစုပြီး လုပ်ချင်ရာလုပ်နေသော မင်းသွေး။

'မြတ်နိုးကားကိုတွေ့တော့ ဝမ်းသာသွားတယ်၊ ထိုင်ဆောင့်နေတုန်း ကော်ဖီဆိုင်ထဲကနေ ဟိုမိန်းမနဲ့ တွဲထွက်လာတော့ ထွက်ပြေးဦးမလို့ပဲ၊ သူ့ဘာသာသူပြန်သွားတော့မှ ဆက်စောင့်နေဖြစ်တာလေ'

မိုးသက်ဝေကိုတော့ မင်းသွေး ကြောက်သည်။ မိုးသက်ဝေတလည်း နေရာမရှောင် အပြောကြမ်း အဆိုကြမ်း။

'နေရာတကာ လျှောက်သွား၊ လူစုံအောင်ပေါင်းပြီး လုပ်ချင်တာတွေလုပ်နေတော့ ဘယ်သူကများ ကြည်ဖြူချင်မှာလဲ မင်းသွေးရယ်'

'ခဏတဖြုတ် တွေ့ရတုန်းမှာ စိတ်ညစ်စရာစကားတွေပြောမနေပါနဲ့ မြတ်နိုးရယ်၊ မြတ်နိုး အချိန်ရတယ်မဟုတ်လား၊ အခုနေရာရောသွားပြီး ခဏတဖြုတ်လောက် စကားပြောရအောင်'

မင်းသွေးအပေါ် တော်ရုံသံယောဇဉ်ဖြင့် ချစ်နိုင်ခဲ့ကာလွတ်မှန်း သူမဘာသာ အသိဆုံးပင်။ ပေတေမိုက်မဲလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို သနားကြင်နာစိတ်ဖြစ်ရသည်။ ပတ်ဝန်းကျင်တစ်ခုလုံး၏ အငြိုငြင်ကိုခံကာ ချစ်နေရကြောင်းကိုလည်း မင်းသွေးလည်း သိမည်ထင်၏။

'ခဏတဖြုတ်လောက်တော့ ဖြစ်မယ် မင်းသွေး၊ တော်ကြာ မိုးသက်ဝေ လှမ်းဖုန်းဆက်လို့ အိမ်ပြန်မရောက်သေးဘူး ဆိုရင် ဖြေရှင်းရခက်နေဦးမယ်'

'မြတ်နိုးရဲ့ မိဘအသိုင်းအဝိုင်းထက် အဲဒီမိန်းမကို ပိုကြောက်နေရတာတော့ မင်းသွေး တကယ်ခံပြင်းလွန်းတယ် မြတ်နိုး'

'ဒါကတော့ မိုးသက်ဝေက မြတ်နိုးအပေါ် တကယ်စေတနာထားပြီး စောင့်ရှောက်ပေးနေတာပဲလေ'

မိုးသက်ဝေကိုတော့ စကားအရာနှင့်တောင် အထိမခံချင်တာကို မင်းသွေး သိနေ၏။ မိုးသက်ဝေနှင့် ပတ်သက်ပြီး ခွန်းတုံ့မပြန်တော့ဘဲ မင်းသွေး သက်ပြင်းချသည်။

ကားတံခါးကို ဆွဲဖွင့်ပြီး မင်းသွေးကိုယ်တိုင် မောင်းသည်။ လေလွင့်ပေတေနေသော မင်းသွေးမှာ သူမတို့လို အသိုင်းအဝိုင်းကြီးထဲက ဖြစ်၏။

မင်းသွေးသာ အများသူငါလို ဘဝကို အလေးထားပြီး ယောကျ်ားပီသရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ ဟု စိတ်ကူးယဉ်ဖြစ်သည်။ အကြိမ်ပေါင်းမနည်းတော့ပေ။

'မင်းသွေး'





'ဘာလဲ မြတ်နိုး'

'အခု ဘယ်ကနေဘယ်လို မျက်စိလည်ပြီး မြို့ထဲကို ရောက်နေရတာလဲဟင်'

'ဘာလဲ… မြတ်နိုးက မင်းသွေး မဟုတ်တာတစ်ခုခု လုပ်ထားတယ်လို့ ထင်နေတာလား'

မင်းသွေးကိုတော့ ယုံချင်စရာမရှိ။ သူမထက် သုံးနှစ်ငယ်သော်လည်း မင်းသွေး၏ အသွေးသားများက လူကောင်းတစ်ယောက်လို မဟုတ်။ တစ်နေ့ထက်တစ်နေ့ အသားတွေ ခန်းခြောက်နေ၍ လူရုပ်မပေါ်ချင်တော့ပေ။

'ထင်လည်း ဘာမှမထူးဘူး၊ မထင်လည်း ဘာမှမထူးဘူး မဟုတ်လား မင်းသွေး'

'အင်းလေ… မင်းသွေးက အမြဲတစေ ဆိုးနေတော့ တစ်ခါတလေ အကောင်းနေပြတာကို ဘယ်သူမှ အသိအမှတ် မပြုချင်ကြပါဘူး'

'မဟုတ်ဘူး မင်းသွေး၊ မြတ်နိုးအပါအဝင် လူတွေက မင်းသွေးကို အခုအနေအထားကနေ ရုန်းထွက်စေချင်ကြတာ၊ လူကောင်းဖြစ်စေချင်ကြတာ၊ အားလုံးက အကောင်းမြင်ပေးချင်ကြတာ၊ မင်းသွေးကိုယ်တိုင်က မူမမှန်ဖြစ်နေတာ'

'မြတ်နိုးနေရာမှာ တခြားလူတစ်ယောက်ယောက်ဆိုရင်တော့ ဒေါသဖြစ်ပြီး အော်ငေါက်ရမ်းကားမိမှာ သေချာတယ်'

ဒီလိုစရိုက်လေးတွေကလည်း မင်းသွေးမှာ ရှိနေပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါတွေကြောင့်ပင် မိုးသက်ဝေက မင်းသွေးအား သေ
မလောက် မုန်းနေခြင်းဖြစ်၏။

သွားချင်သောနေရာကို မင်းသွေးကိုယ်တိုင် မောင်း
သည်။ အမြဲဆုံနေကျဆိုင်လေးကို လှမ်းမြင်လိုက်သည်နှင့် ရင်ထဲ
မှာ တစ်မျိုးကြည်နူးမိသေး၏။

မင်းသွေးကိုယ်တိုင်ကလည်း သူမလက်ကို ဆွဲကိုင်ပြီး
လွှတ်လပ်ပေ့ါပါးစွာ ပျော်ရွှင်နေပုံရသည်။

✠ ✠ ✠

'နေထိုင်ရော ကောင်းရဲ့လား မင်းသွေးရယ်'

မင်းသွေးလက်ဖဝါးကို တယုတယ ဆုပ်နယ်ရင်းကပင်
မေးဖြစ်လိုက်သည်။ မင်းသွေးရုပ်လက္ခဏာက လူမမာပုံပေါက်
နေ၏။

'မနေ့ကပဲ မာမီ အတင်းလုပ်တာနဲ့ အိမ်မှာ ဆေးသွင်း
ရသေးတယ်'

'ဟုတ်ပါရဲ့... မင်းသွေးကြည့်ရတာ အဟော်အားနည်း
နေတဲ့ပုံ ပေါက်နေတယ်၊ ဒါနဲ့များ အိမ်မှာ နားနားနေနေ မနေ
ဘဲ ဘာလို့ အပြင်ရောက်လာရတာလဲ'

'ဒီနေ့ ဘာနေ့လဲ'

'တနင်္လာနေ့လေ'

'အင်္ဂါ ဗုဒ္ဓဟူးပြီးရင် ဘာနေ့လဲ မြတ်နိုး'





'ကြာသပတေးနေ့ပေါ့'

ဘာအတွက်ပြောနေသည်ကို ရုတ်တရက်မို့ နားမလည်
ပြီ။ သူမနှင့်ပတ်သက်ရင်တော့ လူဆိုးလေးမင်းသွေး ထင်မထား
ဆောင် တစ်ခါတစ်ရံမှာ စိတ်ရှုပ်တတ်၏။

'ကြာသပတေးနေ့ဟာ မင်းသွေးအသက် ၁၉ နှစ်ပြည့်
တဲ့နေ့ပဲလေ၊ ဒီနှစ် ရက်ရောနေ့ပါ တစ်ထပ်တည်းကျတယ်လေ'

'ဟုတ်ပါရဲ့... မင်းသွေးရဲ့မွေးနေ့ကိုတောင် မေ့နေတယ်'

'မွေးနေ့ကို မေ့တာလောက်က ကိစ္စမရှိပါဘူး မြတ်နိုး
ရယ်၊ လူကိုမမေ့ထားရင် ပြီးတာပါပဲ။ ဒီနေ့ မင်းသွေးအပြင်ထွက်
ဖြစ်တာ မြတ်နိုးအတွက် မွေးနေ့လက်ဆောင်ဝယ်ဖို့၊ လက်ဆောင်
ဆယ်ခင် ဖုန်းဆက်သေးတယ်၊ မအားတာနဲ့ ထပ်မဆက်ဖြစ်တာ၊
အဲက်ဆောင်ဝယ်ပြီးတော့ လမ်းလျှောက်နေရင်းက တိုက်တိုက်
ဆိုင်ဆိုင် မြတ်နိုးရဲ့ကားကို တွေ့တော့တာပါပဲ'

သူမဘာက်ကသာ မေ့ရင်မေ့မည်။ မင်းသွေးကတော့
နှစ်စဉ်မပျက် မွေးနေ့ရောက်လေတိုင်း တစ်ခုမဟုတ်တစ်ခု ဝယ်
ပေးနေကျဖြစ်၏။

'ဒီနှစ် ဘာများပေးမှာလဲ မင်းသွေး၊ ဘာတွေများဝယ်
လာခဲ့တုန်း'

'ဒီမှာ ကြည့်စမ်းပါဦး၊ ဒီပလက်တီနမ်လက်စွပ်လေးက
မြတ်နိုးနဲ့ဆို အရမ်းလိုက်မှာပဲ'

ဘူးလေးကို ဖွင့်ပြမိတော့ အံ့သြတုန်လှုပ်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွေးအနေအထားနှင့် ဒီလိုလက်စွပ်မျိုးဝယ်ပေးနိုင်တာ မဆ ပေမယ့် အားလုံး၏ အငြိုးငြင်ကို ခံနေရသောအချိန်အခါမျိုးမှာ တော့ တောင်တောင်မြောက်မြောက်တွေ တွေးဖြစ်သည်။

'ဘယ်ကပိုက်ဆံတွေရပြီး ဒါကို ဝယ်တာလဲ မင်းသွေး'

'မင်းသွေးကို အထင်သေးတဲ့လူတွေထဲမှာ ကိုယ့်ချစ်သူ တွေ ပါနေပြီပဲ၊ ဆိုင်ရဲ့ဘောက်ချာလည်း ပါတယ်၊ မြတ်နိုးရဲ့ ဟန်းဖုန်းကို ခဏသုံးမယ်နော်၊ မာမီနဲ့စကားပြောကြည့်လိုက် မြတ်နိုးကို ဝယ်ပေးချင်လွန်းလို့ မာမီ့ဆီက မုန့်ဖိုးတောင်းထား တာ၊ မင်းသွေး သုံးမိစွဲမိမှာစိုးလို့ ပစ္စည်းကို ချက်ချင်းဝယ်လိုက် တာ၊ မင်းသွေးစိတ်ကို မင်းသွေးပဲ သိတယ်'

စကားတွေပြောရင်း ဖုန်းခေါ်သည်။

'မင်းသွေးကို မယုံသင်္ကာဖြစ်တဲ့သဘော မဟုတ်ပါဘူး စိုးရိမ်လို့ မေးဖြစ်တဲ့ စကားပါကွယ်'

'ခဏလေး မြတ်နိုး၊ မာမီလားဟင်၊ ဒီမှာ မြတ်နိုးနဲ့ စကားပြောကြည့်ပါဦး၊ မာမီပေးတဲ့ပိုက်ဆံနဲ့ မြတ်နိုးကို ပစ္စည်း ဝယ်ပေးပြီးပြီ'

သားအမိချင်း ခဏတဖြုတ် စကားပြောပြီး လက်ကိုင် ဖုန်းအား သူမလက်ထဲသို့ မင်းသွေး ပြန်ထည့်ပေး၏။

'သမီးလေး မြတ်နိုးလား'

'ဟုတ်ပါတယ် မာမီ'

'အေးကွယ်... သူ့အိမ်ထဲက အိမ်ပြင်မထွက်တာ ဆယ်





နှစ်လောက်ရှိပြီ၊ အတင်းပူဆာတာနဲ့ သမီးလေးအတွက်ဆိုလို့ ပိုက်ဆံတွေ ထုတ်ပေးမိတယ်၊ ပေးမိပြီးမှ အဆိပ်ပင်ရေလောင်း သလိုမျိုး ဖြစ်နေမလားလို့ မာမီတော့ ရင်တထိတ်ထိတ်ပါပဲ'

ပေးလိုက်သော ပိုက်ဆံအရေအတွက်ကို မင်းသွေးမာမီ ပြော၏။ လက်စွပ်ဘောက်ချာကို တစ်ချက်ကြည့်ပြီး တစ်ပြား တစ်ချပ်မှမလျော့ကြောင်း သူမ ပြန်ပြောလိုက်သည်။ မင်းသွေး မာမီကတော့ သူမကို ချစ်လည်းချစ်သလို သနားလည်း သနား သူပင်။

'သမီး မိဘအသိုင်းအဝိုင်းက အပြစ်တင် ချုပ်ချယ်တာ ကို အပြစ်မပြောပါဘူး၊ သားသမီးချင်းလည်း ကိုယ်ချင်းစာပါ တယ်၊ မာမီသာဆိုရင်လည်း မင်းသွေးလိုလူမျိုးနဲ့ အဖြစ်ခံမှာ မဟုတ်ပါဘူး၊ ဒါပေမဲ့ကွယ်... သားလေးကိုတော့ ပစ်မထားပါ နဲ့၊ မင်းသွေးက သမီးကို အရမ်းချစ်တယ်၊ မာမီ သိတယ်၊ သမီးကပဲ ဖျောင်းဖျနားချပါဦး'

မင်းသွေး၏ အမူအကျင့်တွေ ပြောင်းလဲဖို့ဆိုရင် ဆက် ဆံပေါင်းသင်းနေသော သူငယ်ချင်းတွေနှင့် လုံးဝအတွေ့မခံမှ ဖြစ်ပေလိမ့်မည်။

တွေ့တုန်းတွေ့ခိုက်မှာ ဘယ်လိုပဲနားချနားချ အပေါင်း အသင်းတွေဆီ ရောက်သွားသည်နှင့် မင်းသွေး ဖြစ်ချင်ရာတွေ ဖြစ်တော့၏။

'မင်းသွေး ဘာလုပ်လုပ် နားလည်ခွင့်လွှတ်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို့ မာမီရှိတယ်၊ ပြီးတော့ မြတ်နိုးရှိတယ်၊ မာမီကတော့ အမြဲပဲ နားလည်ပေးနေမှာပါ၊ မြတ်နိုးကသာ မင်းသွေးအပေါ် စိတ်ကုန်ချင်နေတာ မဟုတ်လား'

'မင်းသွေးရယ်… မာမီနဲ့မြတ်နိုးတို့ကို သနားရင် ဒီဘဝကြီးကနေ အမြန်ရုန်းထွက်ပါတော့လား၊ မင်းသွေးနားမှာ မာမီရှိတယ်၊ ပြီးတော့ အထူးသဖြင့် မြတ်နိုး ရှိနေသေးတယ်၊ ဒီလိုအခြေအနေမျိုးနဲ့တော့ မြတ်နိုးတို့ ဘယ်လိုလုပ်ပြီး လက်တွဲလို့ဖြစ်မှာလဲ'

မင်းသွေးတစ်ယောက် ချက်ချင်းဆိုသလို ငူငူငိုင်ငိုင်ကြီး ဖြစ်သွားတော့သည်။ နားဝင်စဉ်းစားနေပြီဟု အထင်ရှိပြီး အခွင့်ရေးရတုန်းမှာ စကားကုန်ပြောပြဖြစ်သည်။

'ဖေဖေ မေမေတို့က မြတ်နိုးတို့ချင်း ဆက်ဆံနေတာကို မျက်စိစုံမှိတ်ပြီး လွှတ်ထားတာမျိုးတော့ မဟုတ်ဘူး၊ မြတ်နိုးကို နိုင်ငံခြားပို့ဖို့ စီစဉ်နေကြတယ်၊ ဒီမှာရှိနေရင် မင်းသွေးနဲ့မြင်နေတွေ့နေပြီး သံယောဇဉ်ပြတ်မှာ မဟုတ်ဘူးတဲ့လေ၊ မြတ်နိုးလည်း ရေခြားမြေခြားမှာ သွားမနေချင်ဘူး၊ မိုးသက်ဝေကလည်း မခွဲချင်ဘူးလေ၊ ဒီတော့ မိုးသက်ဝေက ဖေဖေ မေမေတို့ဆီကနေ ခြောက်လလောက်စောင့်ပေးဖို့ အချိန်တောင်းတယ်။ အခုဆို တစ်လကုန်သွားပြီ၊ ခြောက်လပြည့်သွားရင် မိုးသက်ဝေ တားလည်း ရမှာမဟုတ်တော့ဘူး၊ မင်းသွေး ဒီကာလလေးမှာ လူကောင်းဖြစ်အောင် ကြိုးစားစမ်းပါ၊ မင်းသွေးသာ ကတိပေးရင်





လိမ္မာမယ်ဆိုရင် မင်းသွေးဘဝထဲကို မြတ်နိုးလာရဲတယ်၊ မိဘရဲ့နှင့်ထုတ်တာခံရလည်း ရင်စီးပြီးခံမယ်။ မင်းသွေး အားလုံးကိုဖြတ်နိုင်ရင် လူကြီးတွေကလည်း သဘောမတူစရာ မရှိတော့ဘူး'

'မင်းသွေး ကြိုးစားပါ့မယ် မြတ်နိုးရယ်'

'ဒီစကားက မင်းသွေး ပြောနေကျစကားပဲ၊ ဒီတစ်ခါဘာ တကယ့်ကို မြတ်နိုးတို့နှစ်ယောက်အတွက် သေရေးရှင်ရေးနော်'

'စိတ်ချပါ မြတ်နိုး၊ မင်းသွေးအတွက်လည်း မြတ်နိုးဟာ သေရေးရှင်ရေးတမျှ အရေးကြီးပါတယ်။ မင်းသွေးရဲ့လုပ်ရပ်တွေကိုကြည့်ပြီး လူတွေက ပြောကြဆိုကြမှာ သေချာတယ်မြတ်နိုး၊ လမ်းမှားရောက်နေသူ၊ အချိန်တိုင်း မူးယစ်ထုံထိုင်းမှုရဲ့ သားကောင်ဖြစ်နေရသူ၊ တကယ်တမ်းမှာလည်း ကိုယ့်စိတ်ကို မထိန်းနိုင်ဘဲ မြတ်နိုးကိုလည်း မေ့တယ်၊ မာမီ့ကိုလည်း မေ့တယ်၊ ဒီလိုနဲ့ပဲ လုံးပါးပါးပြီး အသွေးသားတွေ ခန်းခြောက်၊ အရွယ်မတိုင်ခင် သေမှာပဲလို့ မှတ်ချက်ပေးလိမ့်မယ်၊ တကယ်တော့ မြတ်နိုးမုန်းတဲ့နေ့၊ တစ်ဦးတစ်ယောက်နဲ့ လက်ထပ်တဲ့နေ့ဟာ မင်းသွေးသေမယ့်နေ့ပါပဲ'

'မြတ်နိုးလည်း မမုန်းဘူး၊ ဘယ်သူနဲ့မှလည်း လက်မထပ်ဘူး၊ မင်းသွေးလည်း သေစရာမလိုဘူး၊ မင်းသွေး လိမ္မာလေ၊ လက်ရှိဘဝကနေ ရုန်းထွက်။ မင်းသွေးနံဘေးမှာ မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com


တစ်ဘဝလုံး ရှိနေပေးမယ်'

'ဖြတ်လက်စနဲ့ မင်းသွေး ကြိုးစားမယ် မြတ်နိုး'

ဒီတစ်ခါတော့ မင်းသွေးစကားတွေ တည်မှာပါဟု အား ကိုးပြီး ယုံစားမိလိုက်သည်။

'ဝမ်းသာတယ် မင်းသွေးရယ်၊ ကြာသပတေးနေ့ကျရင် ပြန်ဆုံကြမယ်၊ ဘုရားလည်း အတူတက်မယ်နော်၊ အခုလည်း မင်းသွေးကို အိမ်အထိပြန်လိုက်ပို့ပေးမယ်'

မင်းသွေးမျက်နှာက ကြည့်နေရင်းမှာပင် ချွေးစီးတွေဖြင့် အဆီပြန်လွှန်းနေသည်။ မင်းသွေး ကတိတည်မှာပါဟု ယုံစားချင်စိတ်တို့ ထပ်ဖြစ်မိသည်။

✠ ✠ ✠



၄။

မင်းသွေးနှင့် ပတ်သက်သော သံယောဇဉ် ဖြစ်ခဲ့ရပုံများကို ပြန့်တွေးဖြစ်သည်။ သေသေချာချာ ရိုးရိုးလေးတွေးပါက မိုးသက်ဝေ ပြောခဲ့သလို သူမနှင့် မင်းသွေးတို့မှာ လုံးဝ ဆက်စပ်ပတ်သက်စရာအကြောင်း မရှိပေ။

သူမနှင့် ချစ်သူဖြစ်စအချိန်မှာ မင်းသွေးအဆင့်က ပေါ့ပေါ့နေ ပေါ့ပေါ့စား ချာတိတ်အရွယ်ပင်ဖြစ်၏။ အခုလို ရာဇဝင်တွင်ရစ်မည့် လူပေလူတေအဆင့်သို့ မရောက်သေးပေ။

သူမနှင့် မင်းသွေးတို့ သံယောဇဉ် ဖြတ်မရအောင် ငြိတွယ်နေရခြင်းမှာ ချစ်ခြင်းအကြောင်းတရားက အဓိကကျနေသည်။

သူမနှလုံးသားက မင်းသွေးအား ရွေးချယ်ခဲ့သည်။ မင်းသွေး၏ ဆိုးနွဲ့အကျုပ်ကိုင်ပုံလေးတွေကို သဘောတွေ့ခဲ့သည်။ ခုံမင်မြတ်နိုးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးဖြူ ဘဝထဲသို့ မင်းသွေးဆိုသော သူ စတင်ဝင်ရောက်လာကတည်းက အချစ်တစ်ခုတည်းကိုသာ သူမအားကိုးအားထားပြုခဲ့သည်ပဲ။

✠ ✠ ✠

မှတ်မှတ်ရရ သူမ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသူဘဝမှာဖြစ်သည်။ အစွမ်းကုန်ဖူးပွင့်သော ပန်းတစ်ပွင့်အနားမှာ ချစ်သူတွေက မျိုးစုံဝိုင်းဝိုင်းလည်နေခဲ့သည်။ ထိုအချိန်ကတည်းက မိုးသက်ဝေနှင့် တရင်းတနှီးဖြစ်ခဲ့လျှင် မင်းသွေးနှင့် ချစ်သူအရာသို့မရောက်ဟု အခါခါ တွေးဖြစ်သည်။

'မြတ်နိုးဖြူ… နင်က ဥစ္စာပေါ ရုပ်ချော၊ နှမလေးတစ်ယောက်တည်းရှိတယ်။ အခုချိန်ထိ နင့်ကို ကြိုက်နေတဲ့လူတွေထဲက တစ်ယောက်တလေကိုမှ ခေါင်းရွက်ရွေးပြီး မတွဲသေးတာ ငါတို့တော့ အံ့ဩတယ်ဟာ'

'ဟုတ်တယ် မြတ်နိုးဖြူ… စန်းဆိုတာ အချိန်အခါတစ်ခုထိပဲ အခွင့်အရေးပေးတာနော်၊ မိန်းမတစ်ယောက်ရဲ့ဘဝဟာ သူ့ရဲ့ ရွေးချယ်မှုနဲ့လည်း အများကြီးပတ်သက်တယ်။ စန်းကျတဲ့အချိန် လွန်သွားတဲ့အချိန်မျိုးကျမှ နင် အခက်တွေ့မယ်'

တွဲသွားတွဲလာ မိန်းကလေးသူငယ်ချင်းတွေရှိသော်လည်း ညီအစ်မအရင်းတမျှ သံယောဇဉ်မဖြစ်ပေ။ တွဲသွားတွဲလာ သူငယ်ချင်းများ၏ စကားကိုတော့ လွယ်လွယ်ပင် ပြန်လည်ချေပဖြစ်ခဲ့၏။





'ငါ့ရဲ့ ဖူးစာရှင်အစစ်အမှန် တစ်ယောက်မှ မပါလို့နေရာပေါ့၊ အခုလောလောဆယ် ငါ့အနားမှာရှိတဲ့ လူတွေအားလုံး က ငါ့ကို ရင်ခုန်အောင် မလုပ်နိုင်ကြဘဲ သူတို့ ညှို့နေသေးတာ ရင်ဖြစ်မယ်၊ ငါနဲ့ပတ်သက်ပြီး ချစ်သူမဖြစ်ထိုက်သေးလို့ ပေါ့'

မှတ်မှတ်ရရပါပဲ။ အဲဒီစကားတွေပြောပြီး ရက်ပိုင်းမှာ သူမနှလုံးသားကို ပိုင်စိုးလွှမ်းမိုးနိုင်မည့်သူက သူ့အလိုလို ပေါက်လာခဲ့သည်။

အဲဒီနေ့က မိုးဦးလေဦးကျ မိုးထဲလေထဲမှာ ဘေးက တရက်ကြီး ထိုးရပ်သွားခဲ့သည့်နေ့။

လမ်းမလယ်ခေါင်ကြီးမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း သိ၊ အောက်ဆင်းကြည့်ဖို့ကိစ္စမှာလည်း မိုးတွေက ရွာနေသည်။ ပြီးတော့ အဖုံးဖွင့်ပြီး ဟိုနှိုက်ဒီနှိုက် လုပ်တတ်ကိုင်တတ်တာ သည်း မဟုတ်။

ထိုအချိန်မှာပင် သူမထက်ငယ်သော ချာတိတ်တစ်ယောက်၏ကားက ဘေးချင်းယှဉ်ရပ်လာ၏။

'ကားပျက်နေတယ် ထင်တယ်'

'ဟုတ်တယ်ကွာ… ဘာဖြစ်သွားသလဲ မသိဘူး၊ ဒီမှာ ကြံရာမရဖြစ်နေတယ်'

ခဏလေးဟု ပြောပြီး ချာတိတ်က ကားကို လမ်းဘေး ဆင်းရပ်လိုက်သည်။ အမိုးအကာမပါဘဲ သူမ ကားဆီသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

'လမ်းဘေးချရုပ်လို့ရအောင် မင်းသွေး တွန်းပေးမယ်'

မိုးထဲလေထဲမှာပင် ချာတိတ်က ပထမဆုံး အကူအညီ ပေး၏။

'မင်းသွေးကိုတော့ နတ်ကောင်းနတ်မြတ်တွေက အခွင့် အရေးတော့ အပေးသား။ ဒါပေမဲ့ မင်းသွေးဆိုတဲ့ကောင်က ပေတာကျဲတာကို မကြိုက်လို့ ကားပြင်တဲ့အတတ်ကို မသင်ဘဲ ထားခဲ့တာ'

'ဒုက္ခပါပဲ'

'မဒုက္ခပါနဲ့ဗျာ··· အခုချက်ချင်း ဝပ်ရှော့ကို ဖုန်းဆက် ခေါ်ပေးပါ့မယ်၊ အဲဒီအဖွဲ့တွေ ရောက်လာရင်သာ အကျိုးဆောင်ခ အနေနဲ့ အချမ်းပြေ ကော်ဖီပူပူလေး ပြန်တိုက်ပေါ့'

သွက်လက်ပွင့်လင်းပြီး ချစ်စရာကောင်းသော အမူရာ လေးကို စိတ်ထဲမှာ အလိုလိုပင်တွယ်ဖြစ်သည်။ မင်းသွေးဆိုသော ချာတိတ် တောင်းဆိုသည့်အတိုင်း ကျေးဇူးသိတတ်သည့်အနေဖြင့် ကော်ဖီပြန်တိုက်ဖြစ်ခဲ့သည်။

✠ ✠ ✠

တစ်ခါ မှတ်မထင်ဆုံပြီး သုံးလေးရက်အထိ သူမထံသို့ မင်းသွေး ရောက်မလာဖြစ်ပေ။ သူမစိတ်ထဲမှာတော့ မင်းသွေး အား နေရာပေးဖြစ်သည်။ ဘယ်အချိန် မင်းသွေးများ ရောက် လာလေမလဲဟု မျှော်ရတာလည်း အမော။





နှစ်ယောက်ဆုံပြီး လေးရက်မြောက်သောနေ့လယ်ခင်း [illegible] သူမ စာသင်ခန်းရှိရာသို့ မင်းသွေးတစ်ယောက် ရောက် [illegible]

'လမ်းကြုံလို့ အကူအညီပေး၊ ကော်ဖီတစ်ခွက်သောက် [illegible] ခင်းကို ပြန်မတွေ့ရတော့ဘူးလို့ အောက်မေ့နေတာ'

'အသိအမှတ်ပြုဖော်ရတဲ့အတွက် ဝမ်းသာပါတယ်ဗျာ၊ [illegible]နေ့က အအေးမိပြီး နှစ်ရက်လောက်ဖျားတယ်'

'စိတ်မကောင်းလိုက်တာနော်'

'မင်းသွေးကတော့ ပွင့်ပွင့်လင်းလင်း ပြောတတ်တယ်၊ [illegible]ထက် အသက်ကြီးတယ် ဝါကြီးတယ်ဆိုပြီး မမတို့ မမ [illegible]နီးဖြူတို့ ဘာတို့ မခေါ်ချင်ဘူး'

'နာမည်ကိုတောင် မင်းသွေးက သိနေပြီပဲ၊ ကဲ··· [illegible]လိုများ အခေါ်ရှိချင်သလဲ၊ ပြောစမ်းပါဦး'

စိတ်ထဲမှာ နေရာပေးပြီးသားဆိုတော့ လောကဝတ် [illegible]မဟုတ်ဘဲ တရင်းတနှီး ဆက်ဆံဖြစ်သည်။

'ကာယကံရှင်ကြိုက်ကြိုက် မကြိုက်ကြိုက် မြတ်နိုးလို့ [illegible]ခေါ်မယ်လို့ ဆုံးဖြတ်ထားတယ်'

'သဘောအတိုင်းပါပဲ၊ ဒါနဲ့ နေပါဦး၊ နာမည်ကိုလည်း [illegible]တယ်၊ အခန်းကိုလည်း ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ [illegible]ယ်ဆိုတော့ အရည်အချင်းက ခေမယ်မထင်ဘူး'

'ဖျားနေတဲ့ နှစ်ရက်လုံးမှာ မြတ်နိုးကို သတိရဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါ လူပါ အားနေတာမျိုးဆိုတော့ စိတ်ကူးတွေ အများကြီး ယဉ်ဖြစ်တယ်။ ဒီလိုနဲ့ပဲ မင်းသွေးရဲ့ အိပ်မက်တွေထဲအထိ မြတ်နိုး က နေရာယူလာတယ်'

'နားထောင်လို့ ကောင်းသားပဲ၊ ဆက်ပြောဦးလေ… မင်းသွေး'

'တတိယမြောက်နေ့မှာ ဘယ်သူဘယ်ဝါဆိုတာကို စုံစမ်းခန်းဖွင့်တယ်၊ နေရပ်လိပ်စာ၊ နာမည်၊ လက်ရှိတွဲနေတဲ့သူ ရှိ၊ မရှိ၊ ဟာကွက်မရှိအောင်ကို စုံစမ်းပြီးမှ ရှေ့တော်မှောက်ကို အစစားဝင်ခဲ့တာလေ'

အနှောင့်အသွားမလွတ်သော စကားလုံးတွေကို ချိတ် ဆက်ပြီး သဘောတွေ့အောင် မောင်မင်းသွေး ပြောတတ်လွန်း သည်။

ချစ်စဖွယ်အမူအရာ၊ တီတီတာတာ ပြောတတ်ဆိုတတ် လွန်းသောကြောင့်ပင် နှလုံးသားက အလိုကျခဲ့၏။

✠ ✠ ✠

တစ်ရက်ရောက်လာတော့ ငွေညှော်သည်၊ နှစ်ရက် ရောက်လာတော့ ရွှေညှော်သည်။ သုံးရက်ရောက်လာတော့ ချစ် ညှော်သည်ဆိုတာ အလိုလိုသဘောပေါက်နေပြစ်သည်။ ညှော်သည် ကို ညှော်ဝတ်ကျေအောင်လည်း သူမက မျက်နှာသာပေးခဲ့သည် မဟုတ်လား။





မင်းသွေးနှင့် တွဲလာများတော့ ပတ်ဝန်းကျင်က အမြင် ကြည်ချင်။ စာနာလို့ပြောသလိုလို အဆင်းမှာ ဘီးတပ်ပေး သလိုလိုနှင့် အမျိုးစုံအသံတွေ ထွက်လာသည်။

မင်းသွေးနှင့် ပတ်သက်သမျှတွေကိုလည်း သူတို့တွေ ပင် အပ်ကျတာကအစ နားသို့ရောက်အောင် ဆောင်ကြဉ်း ပေးလာကြသည်။ စေတနာပိုခြင်းလား၊ ပြဿနာဖြစ်စေရန် ရည် ရွယ်သည်လားမသိ။ မင်းသွေးအကြောင်းတို့သည် မိဘမောင်ဖွား ထံသို့ ပေါက်ကြားသွားတော့၏။

'ညီမလေး… ဖေဖေ မေမေတို့ရှေ့မှာပဲ ကိုကို ပြောရ မယ်၊ ဖေဖေတို့လည်း ဒီကိစ္စတွေကို သိထားကြတယ်၊ ညီမလေး အခု ဘယ်သူနဲ့တွဲနေတာလဲ၊ အဲဒီ မင်းသွေးဆိုတဲ့ မလောက် လေးမလောက်စား ကောင်လေးအကြောင်းကို ညီမလေး ဘယ် လောက်သိထားသလဲ'

အစ်ကိုဖြစ်သူက စွဲချက်တင်နေသည်။ ဖေဖေနှင့် မေမေ တို့က တရားသူကြီးလုပ်ပြီး မျက်နှာတွေ တည်နေကြ၏။

'ကိုကိုတို့ သိထားသလောက်ပဲ၊ ညီမလေး သိတာ သည်းရှိတယ်'

'ဒါဆိုရင် ဒီကလေကဝနဲ့ လူလယ်ခေါင်မှာ ညီမလေး ဆက်တွဲနေစရာမလိုဘူး'

အစ်ကိုဖြစ်သူက စွဲချက်တင်ရုံမက တစ်ချက်လွှတ်အမိန့် ကိုပါ စကားဦးသန်းပြလိုက်သည်။ တရားသူကြီးလုပ်နေသူများ



www.burmeseclassic.com

www.burmeseclassic.com



ကပါ သံယောင်လိုက်ကြသည်။

'ဟုတ်တယ် သမီး၊ သမီးလေးတစ်ယောက်တည်းလို့မှာပါတယ်လို့ မေမေတို့ အမြဲတမ်းချီးမွမ်းနေတာကို ယောင်းမမြင်းစီးမပြချင်ပါနဲ့ကွယ်'

'သမီးရဲ့ရုပ်ရည်၊ သမီးတတ်ထားတဲ့ ပညာတွေ၊ ပြီးတော့ ဖေဖေတို့ရဲ့ ဂုဏ်သိက္ခာတွေကိုပါ မြှောင်းထဲပစ်ချတော့မယ်လို့ သမီး ဆုံးဖြတ်တယ်ဆိုရင်တော့ အဲဒီလိုလူမျိုးနဲ့ သမီး ဆက်ပြီး လက်တွဲပေါ့'

တစ်ချက်လွှတ် အမိန့်ချပုံကတော့ နားဝင်ချိုချင်စရာဟု အထင်ရှိသည်။

သူမမှာတော့ ရွေးချယ်စရာလမ်း များများစားစားမရှိအောင် ချောင်ပိတ်မိပြီးသား ဖြစ်နေတော့သည်။

အဲဒီအချိန်အထိတော့ သူမနှင့် မင်းသွေးတို့မှာ ချစ်သူတွေအဆင့်ကို တရားဝင်မရောက်ကြသေးပေ။

✠ ✠ ✠

'မြတ်နိုးနဲ့ မင်းသွေး ခင်ခဲ့မင်ခဲ့တာ ရက်ပိုင်းသာသာရှိပေမယ့် မြတ်နိုးအတွက်တော့ လှိုင်းတွေအများကြီး ရိုက်သွားသလိုမျိုး ကြုံတွေ့ခံစားနေရတယ် မင်းသွေး'

'နောင်တနဲ့ယှဉ်ပြီး ပြောတဲ့ သံဝေဂစကားများလား မြတ်နိုး'





'မြတ်နိုး သိပြီး ကြားပြီးသားတွေ ဆိုပေမယ့် မင်းသွေး နှုတ်က ဖြေတာကို ကြားချင်တယ်၊ မေးသင့်တာတွေကို မြတ်နိုး မေးရမယ် မင်းသွေး'

ကလေးငယ်တစ်ယောက်လို ဘာအတွက်မျှ မတုန်လှုပ်ဘဲ လည်စင်းပေးသလိုမျိုး မင်းသွေး ပြုံးနေ၏။

'မင်းရဲ့ နေပုံထိုင်ပုံ၊ မင်းရဲ့ အပြင်ပန်းကိုကြည့်ပြီး မင်းခိဘရဲ့ အဆင့်အတန်းကို သိပြီးသားပဲ၊ ဒါတွေက မေးစရာမလိုဘူး၊ ပထမဆုံး မေးချင်တာက မင်းရဲ့အတန်းပညာပဲ'

'ကိုးတန်းမှာ နှစ်နှစ်ကျပြီး ဆက်မဖြေဖြစ်ဘူး'

'မင်း ရည်းစားများတယ်၊ အပေါင်းအသင်းနဲ့ ကားတစ်စီးနဲ့ ထင်တိုင်းကြဲတယ်၊ ရန်ခဏခဏဖြစ်တယ်ဆိုတာရော ဝန်ခံမလား'

'မြတ်နိုးနဲ့ မတွေ့ခင်က ရင်ခုန်ရာမှန်သမျှကို စိတ်ရောကိုယ်ပါ အလိုလိုက်မိတယ်၊ အခုတော့ လုံးဝမဟုတ်ဘူး၊ ကျန်တဲ့မေးခွန်းတွေအတွက်ကတော့ အားလုံးအတွက် ဟုတ်တယ်လို့ တစ်ခွန်းတည်းဖြေရုံနဲ့ လုံလောက်ပါတယ်'

သူမထင်ထားသည့်အတိုင်း ကြားသမျှစကားတွေကို ရှောင်ဖယ်ဝှက်ဘဲ မင်းသွေးက ဝန်ခံ၏။

'မင်းဝန်ခံတဲ့ကိစ္စတွေကြောင့်ပဲ၊ မြတ်နိုးအသိုင်းအဝိုင်းက လုံးဝ မလိုလားကြဘူး၊ ဒါကြောင့် မြတ်နိုးမှာ ပြောစရာစကားတစ်ခွန်းပဲ ရှိတော့တယ်၊ မင်းသွေး မြတ်နိုးကို ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မခင်နဲ့တော့'

မစာတ်သာလို့သာ ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ မကောင်း။ သူမ၏ ဟန်အမူအရာတွေကို မင်းသွေး တွေ့နေ မြင်နေမှာ သေချာ၏။

'ကောင်းပြီ မြတ်နိုး၊ မြတ်နိုးတစ်ယောက်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးမှ မြတ်နိုးက ဒီစကားမျိုး ပြောလာတယ်'

မင်းသွေး ဒေါသဖြစ်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားတာ ကို သတိထားဖြစ်သည်။

'ဒီမှာမြတ်နိုး… မင်းသွေးလက်ထဲမှာ ရှိတဲ့အရာဟာ လူကိုသေစေလောက်တဲ့ ဓားတစ်ချောင်းနော်၊ ဒီဓားကို ဆောင် ဖြစ်တာက ကျဉ်းထဲကျပ်ထဲ ကိုယ့်အသက်အန္တရာယ်နဲ့ ကြုံလာ တဲ့အခါ ခုခံဖို့ဆောင်ထားတာ၊ ဒါပေမဲ့ ဒီဓားမှာ ဒီနေ့အထိ သွေးမစွန်းသေးဘူး'

ပြောပြောဆိုဆိုနှင့် ဓားမြောင်ကို ဆွဲချွတ်လိုက်သည်။ နေရောင်ကြောင့်ပင် လက်ခနဲဖြစ်သွားသည်ကို မြင်၏။

'မင်းသွေး ဒါ ဘာလုပ်မလို့လဲ'

'အခုတော့ အသက်အန္တရာယ်ထက် အရေးကြီးတဲ့ သေရေးရှင်ရေးမို့ ဒီဓားကို သုံးရတော့မယ် မြတ်နိုး၊ မင်းသွေး ကို မချစ်ဘူး မငဲ့ကွက်ဘူးဆိုရင် ဒီဓားနဲ့ သေအောင်ထိုးပြီးမှ မြတ်နိုး ထွက်သွားပါ၊ ယူပါ မြတ်နိုး၊ မင်းသွေးဆိုတဲ့ကောင်





သက်နဲ့ခန္ဓာ အိုးစားကွဲမှ မြတ်နိုး အပူပင်ကင်းမှာမဟုတ်လား၊ သက်ရှိနေသရွေ့ မြတ်နိုးကို ချစ်ခင်စုံမက်ချင်တဲ့ကောင်ကို သေသာသတ်သွားခဲ့ပါ မြတ်နိုး'

'မဟုတ်ဘူး မင်းသွေး'

ကြောက်လန့်တကြားမဟုတ်ဘဲ ဝမ်းနည်းသံစွက်ပြီး ပြောဖြစ်ပြန်သည်။ မင်းသွေး ပြောလိုက်သောစကားတွေကြောင့် ချကြီးမရ ခံစားရသည်။

'ဘာလဲ… မြတ်နိုးက မိန်းကလေးမို့ လူမသတ်ရဲတဲ့ သဘောလား၊ ဒါဆိုရင် မင်းသွေး မြတ်နိုးရှေ့မှာ အဆုံးစီရင် ပြမယ်'

'မလုပ်ပါနဲ့ မင်းသွေးရယ်၊ မြတ်နိုး အရှုံးပေးပါတယ်'

နောက်ဆုံးတော့ ဝမ်းနည်းပက်လက်ဖြစ်ပြီး မျက်ရည် စမ်းစမ်းဖြစ်ရသူက သူမပင်ဖြစ်၏။

မင်းသွေးရင်ခွင်ထဲသို့ မျက်နှာထိုးအပ်ပြီး အားပါးတရ ငိုကြွေးဖြစ်သည်။ မင်းသွေး ကိုင်ထားသော ဓားသွားပေါ်မှာ မျက်ရည်တို့ စွန်းထင်းခဲ့လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



# ၅

ပထမဆုံး အနက်ရောင်ပိန်းပိန်းကို စိတ်ရှိလက်ရှိ လက်ထင်တိုင်းကြဲပြီး ဆေးသုတ်ခြယ်လိုက်သည်။ အနက်ရောင်မှာ ပိတ်စပေါ်မှာ ပိန်းပိန်းမှောင်နေ၏။

အတွေးထဲ၊ အသွေးအသားထဲမှ ပေါ်လာသော သွေးဆာနေသည့် ဓားတစ်လက်ကို အနက်ရောင်ပေါ်မှာ အနုစိတ် ရေးဆွဲဖြစ်သည်။ ဓားသွားထက်ထက် အမြင်အာရုံမှာ အထိတ်တလန့်ဖြစ်စေသည်အထိ ရေးဆွဲဖြစ်သည်။

ဓားသွားပေါ်မှာ မျက်ရည်စက်များ ဖြစ်တည်အောင် ဆွဲသည်။ မျက်ရည်သည် ပူလောင်စေသောအရာ။ ဓားသွားထက်မှနေပြီး အောက်သို့ တစ်စက်စီ စီးဆင်းနေဆဲမှာပင် စံပယ်ပန်းပွင့်တွေ ဖြစ်သွားသည်။ ဓားသွားပေါ်မှ မျက်ရည်တို့ ဖြတ်စီးပြီး





နောက် စံပယ်ပွင့်တွေ အတွေးလိုက်ဖြစ်နေသောပုံကို အဆုံးသတ်သောအခါမှ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသွားတော့၏။

မင်းသွေး၏ အသက်ဆယ့်ကိုးနှစ် ပြည့်သောနေ့မှာ အမှတ်တရဖြစ်စေဖို့ ရေးဆွဲဖြစ်ခြင်းဆိုလျှင် မမှား။ ကြာသပတေးနေ့မှာ မင်းသွေးက ပန်းချီကားကို ကြည့်ပြီး တစ်စုံတစ်ခု မှတ်ချက်ပေးမည်ကိုလည်း သူမ ကြားချင်မိပြန်၏။

အင်္ဂါနေ့ ညနေခင်းမှာတော့ ဖိနပ်ဆိုင်မှ ပြန်ရောက်ရောက်ချင်း မင်းသွေး၏မာမီထံသို့ ဖုန်းလှမ်းဆက်ဖြစ်သည်။

'မာမီ နေကောင်းရဲ့လား၊ သူ့အခြေအနေရော ဘယ်လိုလဲဟင်'

အချို့ရက်တွေမှာ မင်းသွေးနှင့် အဆက်ပြတ်ကောင်း ပြတ်ပေမယ့် မင်းသွေးမာမီနှင့်တော့ လုံးဝအဆက်အသွယ်မပြတ်။ မင်းသွေးလုပ်ရပ်တွေအပေါ် စိတ်ကုန်ပြီ။ ဘာသတင်းမှ မသိချင် မကြားချင်သည့်တိုင် မင်းသွေးမာမီဆက်သော ဖုန်းများကိုတော့ နားထောင်ပေးရတာချည်းပင်။

'သားလေး လိမ္မာတော့မလား မသိဘူးကွယ်၊ သနားစရာလည်းကောင်းပါတယ်'

ဘယ်အချိန် အဆက်အသွယ်ရရ မင်းသွေးနှင့်ပတ်သက်သော ကောင်းသတင်းကို ကြားရသည်မရှိ။ ဒီတစ်ခါတော့ မင်းသွေးမာမီစကားတွေက နည်းနည်းတော့ အထူးအဆန်းဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'သူဘာတွေများဖြစ်နေလို့လဲ မာမီ၊ အိမ်မှာရော ရှိရဲ့လားဟင်'

'ရှိတယ် သမီး မြတ်နိုး၊ သူ့အခန်းရဲ့သော့ မာမီ့ဆီမှာရှိတယ်၊ တနင်္လာနေ့ တွေ့ပြီးကတည်းက သော့ခတ်ထားတာ၊ သူ့ဒုက္ခကို သူခံမယ်တဲ့၊ သူပြောတဲ့အချိန်မရောက်မချင်း ဘာအသံတွေကြားကြား၊ ပြီးတော့ သူဖွင့်ခိုင်းလည်း ဖွင့်မပေးရဘူးလို့ မှာထားတယ်၊ မာမီလည်း ဘယ်မှမသွားဘဲ စောင့်ကြည့်နေခဲ့တယ်၊ အထဲထဲမှာ သူ ဝုန်းဒိုင်းကြဲနေတော့တာပဲ၊ အခုမှ နည်းနည်းငြိမ်ကျသွားတာ သမီး'

'အဲဒါတွေနဲ့ သူ အပြီးအပိုင် လမ်းပြတ်သွားရင် အရမ်းကောင်းမှာပဲ မာမီရယ်'

'မာမီအဖြစ်ချင်ဆုံး၊ အလိုချင်ဆုံးကလည်း ဒါပါပဲ သမီးရယ်၊ အခု အခြေအနေမှာတော့ သူပြတ်ကောင်းပြတ်နိုင်ပါရဲ့'

မင်းသွေးအား အများတကာထက် ဒုက္ခခံပြီး နားလည်ပေးသော မိန်းမနှစ်ယောက်၏ ဆန္ဒများသည်လည်း တစ်ထပ်တည်းဖြစ်နေလေ၏။

✠ ✠ ✠



ဗုဒ္ဓဟူးနေ့မှာ မင်းသွေး ဘာတွေဆက်ဖြစ်သည်ကို လုံးဝ မစုံစမ်းဖြစ်ပေ။ မင်းသွေးတစ်ယောက် နေသားကျပြီး ကြာသပတေးနေ့မနက်မှာတော့ သူမနှင့် လာတွေ့မှာ သေချာသည်ဟု ယုံကြည်မိပြန်သည်။

မိုးသက်ဝေကလည်း ခရီးသွား၊ ဗုဒ္ဓဟူးနေ့ တစ်နေ့လုံးလည်း တစ်ဆိုင်လုံး မနားလောက်အောင်ပင် ထူးထူးခြားခြား အရောင်းအဝယ်ဖြစ်ခဲ့သည်။ စာရင်းတွေကို ညခုနစ်နာရီထိုးသည့်တိုင်အောင် လုပ်ပေးရသည်။ ညစာကိုပင် ဆိုင်မှာ ကောင်မလေးတွေနှင့် အတူတူ လိုက်စားရသည်။

အိမ်ပြန်ရောက်တော့ ညရှစ်နာရီ ထိုးနေပြီ။

ဖုန်းဆက်မည်ဟု ပြင်ပြီးမှ မောမောပန်းပန်းနှင့်မို့ အိပ်ပျော်ပြီး မဆက်ဖြစ်လိုက်ပေ။

မနက်ခင်းမှာတော့ ငါးနာရီမထိုးခင် အိပ်ရာမှနိုးနှင့်နေ၏။ မင်းသွေးအတွက် ပန်းချီကားက ဘောင်ကြွတ်ပြီးသား။ ဒီပန်းချီကားမှာ သူမတို့အဖြစ်အပျက်၊ သူမနှလုံးသားနှင့် သူမဆန္ဒများကို ရုပ်လုံးဖော်ထားခြင်းဖြစ်၏။

မင်းသွေးနှင့် နံနက် ခုနစ်နာရီမှာ တွေ့ဆုံဖို့ ချိန်းဆိုပြီးသားဖြစ်၏။ မနက်ကိုးနာရီခွဲ ဆိုင်အရောက်သွားရမှာဆိုတော့ နှစ်ယောက်တွေ့ဖို့ နှစ်နာရီ နှစ်နာရီခွဲနီးပါးမျှ အချိန်ရသည်။

ဒီနေ့ မိုးသက်ဝေ ပြန်ရောက်မည်ဆိုတော့ မနက်ခင်းသား၊ ညနေခင်းလား ရေရေရာရာမသိ။ မနက်ခင်းရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



ထားဦး၊ မိုးသက်ဝေ ဆိုင်သို့မရောက်မီ အချိန်မီရောက်သွားဖို့လည်း တွက်ရသေးသည်။

ခြောက်နာရီ ဆယ်မိနစ်မှာတော့ အပြင်သွားဖို့ အားလုံးနီးပါး ပြင်ဆင်ပြီးသွားခဲ့၏။

မင်းသွေးနှင့် အဆက်အသွယ်လုပ်ဖို့ လက်ကိုင်ဖုန်းဆီ လက်အရောက်မှာပင် ဖုန်းမြည်သံ ထွက်ပေါ်လာ၏။

မင်းသွေးတို့ အိမ်ဖုန်းနံပါတ် ပေါ်နေသည်။ မင်းသွေးလှမ်းဆက်တယ်ဆိုတာကို ချက်ချင်းသဘောပေါက်လိုက်သည်။

'မြတ်.... နိုး... လား'

စကားသုံးလုံးကို မနည်းလေဆက်အောင် အားယူပြီး ပြောနေသော မင်းသွေး၏အသံကို ကြားလိုက်ရသည်။

ပထမတော့ အိပ်ချင်မူးတူးဖြစ်နေခြင်းများလားဟု ထင်လိုက်မိသေး၏။

'ဟုတ်တယ်လေ... မင်းသွေး၊ အခုမှ အိပ်ရာထတာလား၊ ဘာမှ မပြင်မဆင်ရသေးဘူးလားဟင်'

'ကြားတယ်မြတ်နိုး၊ အရမ်းကြီးကြီးကျယ်ကျယ်မပြောနဲ့'

ဒေါသသံပါသော စကားတွေကြောင့်ပင် ရင်ထဲမှာ စိုးထိတ်မိသွား၏။

'မင်းသွေး ဘာတွေဖြစ်နေလဲ၊ ပုံမှန်အတိုင်းရော ဟုတ်ရဲ့လားဟင်'

'အရမ်းကောင်းနေတယ် မြတ်နိုး၊ လူကိုယ်တိုင် မလာနိုင်ဘူး၊ မင်းသွေးရဲ့ စိတ်တွေပဲ မြတ်နိုးဆီကို အရောက်ပို့ပေးမယ်၊ ဒါပဲနော်'

စိတ်ကူးယဉ်တည်ဆောက်ခဲ့သော အပျော်လေးများသည် မင်းသွေးကြောင့်ပင် ကြေမွပျက်စီးကုန်တော့၏။

ဘာတွေဖြစ်နေသည်ဆိုတာကိုလည်း ချက်ချင်းသဘောပေါက်သည်။ သေချာအောင်ဆိုပြီး မာမီ့ဆီသို့ လှမ်းဆက်လိုက်သည်။

'မာမီ အိပ်ပျော်နေတာဆိုရင်တော့ သမီး တောင်းပန်ပါတယ်၊ သမီးသိချင်တာလေးတွေရှိလို့ လှမ်းဆက်လိုက်ရတာပါ'

'ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး မြတ်နိုးရယ်'

မာမီ့လေသံမှာလည်း အားလျော့ စိတ်ပျက်ချင်စရာကောင်းနေ၏။

'ဒီမနက်စောစော နှစ်ယောက်အတူတူ ဘုရားတက်ဖို့ပြောပြီး ဆိုပြီးသား'

'မာမီသိတယ်၊ သူဖုန်းဆက်တာကိုလည်း မာမီ ကြားတယ်၊ မာမီ့ဆီ သမီး လှမ်းဆက်မယ်ဆိုတာလည်း သိနေတယ်'

'ဘယ်လိုဖြစ်တာလဲ မာမီ'

'ဗုဒ္ဓဟူးနေ့မနက်ရောက်တော့ ပြောထားတဲ့အတိုင်းပဲ မာမီ သော့ဖွင့်ပေးလိုက်တယ်၊ ပကတိ တက်တက်ကြွကြွ ရှင်







www.burmeseclassic.com

www.burmeseclassic.com



ရှင်လန်းလန်းနဲ့ပဲ၊ သိပ်မကြာခင်မှာ ပြတ်သွားမှာလို့ ကိုယ်တိုင်ပြောခဲ့တယ်၊ သူစားနေ သောက်နေတုန်းမှာ ကိစ္စတစ်ခု အရေးပေါ်တာနဲ့ မာမီ အပြင်ခဏသွားတယ်၊ အဲဒီအချိန်မှာ သူ့ဆီဖုန်းဝင်လာတယ်တဲ့၊ မာမီပြန်ရောက်တော့ သူမရှိတော့ဘူး၊ မိုးကြိုးအရမ်းချုပ်မှ အိမ်ကိုပြန်လာတယ်၊ ထုံးစံအတိုင်း ဖြစ်တာပဲပေါ့ သမီးရယ်’

‘ဒီပုံစံအတိုင်းဆိုရင်တော့ အရမ်းကို စိတ်ပျက်အားငယ်ချင်စရာပါပဲ သမီး’

ဖုန်းပြောပြီး သူမကိုယ်တိုင်ပင် ဘာတွေပြုမူလှုပ်ရှားမိမှန်း မသိလောက်အောင် ဖြစ်ခဲ့ရသည်။

အပြင်သွားဖို့ ပြင်ထား ဆင်ထားသောပုံစံဖြင့် ထမင်းစားခန်းမှာ ငူငူကြီးထိုင်နေဖြစ်သည်။

‘ဟင်... သမီး ဘုရားသွားမှာဆို၊ မေမေကဖြင့် သွားပြီ တောင်ထင်နေတာ’

မေမေရောက်လာပြီး အသိပေးတော့မှ နာရီကိုကြည့်ဖြစ်တော့သည်။

နံနက် ခုနစ်နာရီခွဲပြီပဲ။ မကြာခင် အိမ်သားတွေ လူစုံနိုးလာကြတော့မည်။ မေမေ့ကိုနှုတ်ဆက်ပြီး သူမတစ်ယောက်တည်း ဘုရားသို့ ထွက်လာဖြစ်တော့၏။

✠ ✠ ✠



မင်းသွေး၏ ဆယ့်ကိုးနှစ်မြောက်မွေးနေ့သည် သူမထင် တွေးထားသည်များနှင့် တခြားစီဖြစ်နေ၏။

ပထမဆုံး ဘုရားဝတ်ပြုသည်။ မင်းသွေးအတွက် ရည် ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူဖြစ်သည်။

မင်းသွေးအတွက်သာ ဆုတွေတောင်းဖြစ်ပြီး သူမ ကြ်ရော မင်းသွေးနှင့် နှစ်ယောက်ဘဝအတွက် ဆုတောင်း အင်အားမရှိ။

ပန်းချီကားတစ်ချပ်ကိုကိုင်ပြီး လှူရှင်းသော တန်ဆောင်း ခုမှာ အချိန်ကြာမြင့်စွာ ထိုင်နေဖြစ်သည်။

မနက်ကိုးနာရီထိုးတော့မှ ဘုရားပေါ်မှ တစ်ယောက် ည်း ပြန်ဆင်းလာဖြစ်သည်။ ကိုယ့်အပူနှင့်ကိုယ်မို့ ဘေးပတ် ကျင်ကို ဂရုမထားဖြစ်။ ဘုရားမှအပြန် ဆိုင်သို့သွားရာလမ်း လည်း ခပ်ဖြည်းဖြည်း ခပ်မှန်မှန်သာ မောင်းဖြစ်ခဲ့သည်။

ဆိုင်ကိုရောက်တော့ ကိုးနာရီမခွဲသေး။ ဝန်ထမ်းကောင်မ တွေလည်း လူမစုံသေး။ သူတို့လေးတွေ ပစ္စည်းများ နေရာ ခင်းကျင်းဖို့ ပြင်ဆင်နေကြတုန်းပင် ရှိသေး၏။

ကောင်တာမှာ ဝင်ထိုင်လို့ ဖင်မနွေးတုန်းမှာ ဆိုင်ထဲသို့ အမျိုးသားတစ်ဦး ဝင်လာ၏။ လက်ဆောင်ပေးဖို့ ဖိနပ်တစ်ရံ ဝယ်တယ်ဆိုတာ ကြုံဖူး တွေ့ဖူးနေလို့ ချက်ချင်းသိလိုက် သည်။

ကောင်မလေးတွေက လူမစုံ။ သူ့အလုပ်နှင့်သူ ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မို့ ကိုယ်တိုင်ပင် အမျိုးသားရှိရာသို့ လျှောက်သွားဖြစ် သည်။

ဝင်လာတာရော၊ ဖိနပ်ရွေးချယ်နေတာရော အားလုံးကို သိသော်လည်း မင်းသွေးစိတ်ကြောင့်ပင် ဘာဆိုဘာမှ စိတ်ရော ကိုယ်ပါ မှတ်မှတ်သားသား မထားဖြစ်။

'ဒီဖိနပ်ဆိုင်လေးကို သဘောကျတယ်'

သူမ အနားရောက်သွားတော့ အမျိုးသားက ချက်ချင်း ဆိုသလို ပြောသည်။ လက်ဆောင်ပေးမည့် အမျိုးသမီး စီးလေ့ စီးထရှိသည့် အမျိုးစားနှင့် ခြေထောက်ဆိုက်ကို အမျိုးသားက သိနေပုံရသည်။

ဈေးနှုန်းက နည်းနည်းလေး တန်ဖိုးများနေတာကိုလည်း အမျိုးသား မြင်တွေ့မှာမလွဲ။

မိုးသက်ဝေ သင်ပေးထားသည့်အတိုင်းပင် ဝတ္တရား မပျက် နှုတ်ချိုပြလိုက်မိသည်။

'အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ တကယ် လို့များ စီးမယ့်သူနဲ့ အဆင်မပြေဘူးဆိုရင် ကျွန်မတို့ဆိုင်က ပြန်လဲပေးပါတယ်'

'ဒီဖိနပ်ပဲ ဝယ်မှာပါ၊ တစ်ခုလောက် အကူအညီ တောင်းချင်လို့ပါ'

ငွေရှင်းဖို့ပိုက်ဆံကိုမင် အမျိုးသားက လက်ထဲမှာ ကိုင် ထားပြီးနေပြီ။ သူမကလည်း ဖိနပ်ကို ဘူးထဲပြန်ထည့်ပြီး စနစ်





တကျ ထုပ်ပိုးပေးဖို့ ပြင်ဆင်နေမိသည်။

'ဘာများပါလိမ့်'

'တခြားတော့ မဟုတ်ပါဘူး၊ ဖိနပ်လေးကို ဒီက အစ်ချက်လောက် စီးပြကြည့်ပါလား၊ ကြည့်လို့ ကောင်း မကောင်း ကြည့်ချင်လို့ပါ'

ဝယ်သူ အမျိုးသားကတော့ ဖိနပ်ကို သရုပ်ပြ အစီးခိုင်း နေပြီ။ ဝယ်သူစိတ်တိုင်းကျ ကျေနပ်အောင် စီးထားသော ဖိနပ် ကိုချွတ်ပြီး နမူနာစီးပြလိုက်သည်။

'တကယ်ပြောတာ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကွက်တိ ဖြစ်နေတော့တာပဲ'

ရုတ်တရက်ကြီး ပြောချလိုက်သော စကားကို နားလည် နေက်နေစဉ်မှာပင် –

'မမရေ… ဖုန်းလာနေတယ်'

ဝယ်သူအမျိုးသားနှင့် ဖိနပ်ကို ဒီဟိုင်းထားဖြစ်ခဲ့ပြီး ကောင်တာဆီသို့ ချက်ချင်းလာဖြစ်သည်။ ကောင်တာမှာရှိနေ သော ဖုန်းမဟုတ်ဘဲ သူမ၏လက်ကိုင်ဖုန်း ဖြစ်နေတော့၏။

'ဒီက မဟုတ်ဘူး မမရဲ့၊ အခန်းထဲမှာ ရှိနေတဲ့ မမ ဖုန်းဖုန်းကို မမမိုးသက်ဝေ လှမ်းဆက်တာ'

ကောင်တာမှနေ အခန်းဆီသို့အသွားမှာပင် စောစောက အမျိုးသားကို လုံးဝမေ့လျော့သွားခဲ့၏။ မျက်နှာကိုတောင် စေ့စေ့ ကြည့်ဖြစ်ခဲ့ခြင်းကိုတော့ တစ်ချက်သတိရဖြစ်သေး၏။



www.burmeseclassic.com

www.burmeseclassic.com



'မိုးသက်ဝေ နင်ဘယ်ကဆက်နေတာလဲ'

'အိမ်ပြန်ရောက်လို့ ကားပေါ်ကနေ ဆက်နေတာ၊ ကား မောင်းရင်းနဲ့ အတွေးပေါ်လာလို့ ဆိုင်ရောက်အောင် မစောင့်ဘဲ ဆက်လိုက်တာ'

'ပြောစမ်းပါဦး... ဘယ်လောက်များ အရေးကြီးတဲ့ ကိစ္စမို့လို့၊ မနေ့က နင့်ဆိုင်ဝင်ငွေ စံချိန်ချိုးတယ်နော်၊ ငါ့ရှော ကောင်မလေးတွေကို အမောဆိုက်မတတ်ပဲ၊ ခုနစ်နာရီကျော်မှ အိမ်ပြန်ရတာနော်'

'ကဲပါ... အဲဒါတွေ အသာထားစမ်းပါ၊ ငါ့ကိုလူချော နဲ့ ပတ်သက်ပြီး နင့်အကူအညီလိုတယ်'

'ဒုက္ခပါပဲ... ငါက ဘာများကူညီရမှာလဲ မိုးသက်ဝေ'

'ငါရိုက်ထားဖြစ်တဲ့ ပုံတွေကို အားလုံးထုတ်ပြီးပြီ၊ ဒီပုံ တွေကို ကြည့်ပြီး ငါ့ကိုလူချောရဲ့ပုံကို နင် ပန်းချီဆွဲပေးရမယ် နင် ဘာမှငြင်းဖို့ မကြိုးစားနဲ့ မြတ်နိုးဖြူ၊ လူတစ်ယောက်ကို ခဏလေးကြည့်ပြီး သူ့ရဲ့ပုံကိုဆွဲနိုင်တာ ငါသိတယ်'

ခရီးသွားနေတုန်းမို့ ကိုလူချောရောဂါ ခဏငြိမ်နေခြင်း ပါလားဟု သဘောပေါက်မိသည်။ တတ်သည့်ပညာ မနေသာ ဆိုသလိုပဲ မိုးသက်ဝေ ဂျီကျသမျှကို ခံရရုံသာရှိတော့၏။

✠ ✠ ✠



၆။

မိုးသက်ဝေတစ်ယောက် အချစ်နတ် ဖမ်းစားခံရလေပြီ။ မကိုယ်တိုင်ပင် မိုးသက်ဝေ စိတ်အလိုကျ လိုက်ပြီးရှုးသွပ် ရ၏။

ဆိုင်၏ ရောင်းရေးဝယ်တာ ကိစ္စများကို မိုးသက်ဝေ စ်ယောက် လုံးဝလစ်လျူရှုထားသည်။

ဓာတ်ပုံဆိုင်မှာ ဓာတ်ပုံကူးနေတုန်းမှာ ပန်းချီဆွဲဖို့ နည်းများကို အိမ်သို့တစ်ခေါက်ပြန်ပြီး သူမ ယူရသေးသည်။

'ပုံတွေကကူးလိုက်တော့လည်း ဘာမှမထူးဘူး၊ သူ့ တ်နှာပေါ်တဲ့ ပုံကောင်း တစ်ခုမှမရဘူး'

လူရှင်းသော ကန်တော်ကြီးပန်းခြံ၏ နေရာတစ်ခုတွင် မတို့နှစ်ယောက် ရွေးချယ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းမစခင်မှာ မိုးသက်ဝေ စိတ်ပျက်စေအေ
စကားကိုမှ ရွေးပြီးပြောဖြစ်သည်။

မိုးသက်ဝေကတော့ စိတ်ပျက်အားငယ်သည့် လက္ခ
မရှိပေ။ ဒီတစ်နေ့ကုန် မြင်ဖူးတွေ့ဖူးလိုက်သော ကိုလူချော
မပေါ်မချင်း ကိစ္စပြီးမှာမဟုတ်မှန်းလည်း သူမသိနေ၏။

'သိပ်လည်း အိုက်တင်ခံမနေနဲ့ မြတ်နိုးဖြူ၊ ဒီပုံ
အားလုံးကို နင် ဆက်စပ်ခံစားပြီး ပုံတူဖြစ်အောင် ဆွဲရ
ကိုလူချောရဲ့ပုံ ထွက်မလာရင်တော့ သေဒဏ်ပဲ မြတ်နိုး

'ဒုက္ခပါပဲ... မမြင်ဖူး မတွေ့ဖူးတဲ့သူကို ဘယ်
အာရုံခံစားပြီး ရေးလို့ရမှာလဲ မိုးသက်ဝေ'

'ဒီပုံတွေမှာ သူ့ရဲ့ဟန်ပန်တွေ ရှိနေတာပဲ၊ ငါ ပါး
ပြောပြတာကို နင်ရေးရမှာမှ မဟုတ်ဘဲ၊ နင့်ရှေ့မှာ အကိုးအ
တွေ ပြည့်ပြည့်စုံစုံရှိနေတာပဲ မဟုတ်လား၊ နင် ဘာစားချင်
ဘာသောက်ချင်လဲ၊ လိုတာအကုန်ပြော'

'ခက်တော့တာပဲ မိုးသက်ဝေရာ၊ ဖြစ်အောင် ငါ
ရင်လည်း နင် ပြဿနာရှာမှာ၊ ကြိုးတော့ ကြိုးစားကြည့်
ဒါပေမဲ့ နင်အနားမှာရှိနေရင် ဟိုဟာဝင်ပြော၊ ဒီဟာဝင်
နဲ့ ပုံကိုတည်လို့ရမှာ မဟုတ်ဘူး၊ ဒီတော့ဟာ ငါစားဖို့ နန်း
သုတ်တစ်ပွဲ၊ ပြီးတော့ အအေးနှစ်ဘူးလောက်သွားဝယ်
ပြန်ရောက်လာလို့ ပုံမပြီးသေးရင်လည်း နင် ငြိမ်ငြိမ်လေး
ငါ စကားပြောတော့မှ တူ မတူ ကို နင်ပြော၊ ဟုတ်ပြီလား





'အေးပါ... နင် အေးအေးချမ်းချမ်းဖြစ်အောင် တတ်
လောက် အချိန်ဖြုန်းပြီးမှ စားဖို့သောက်ဖို့တွေဝယ်ပြီး
ခဲ့မယ်'

'လူရောက်မလာဘဲ ဖုန်းတွေဘာတွေနဲ့ အနှောင့်အယှက်
နော် မိုးသက်ဝေ'

'စိတ်ချပါ... ငါမဟုတ်ဘဲ ဘယ်သူမှ လှမ်းဆက်လို့
အောင် နင့်ဟန်းဖုန်းကို ငါယူသွားပေးမယ် မြတ်နိုးဖြူ'

မိုးသက်ဝေကတော့ သူမကို ဦးနှောက်စားစေခဲ့ပြီး
သွားတော့သည်။ အနီးအပါးသို့ မှတ်မထင် ရောက်လာကြ
ကတော့ သူမလုပ်နေကိုင်နေပုံတို့ကြည့်ပြီး ကြီးကျယ်ခမ်း
သော အနုပညာမြောက်သော ပန်းချီကားတစ်ချပ်ကို ရေးဆွဲ
တာပဲဟု လေးစားသွားကြသည်မှာ သေချာ၏။

ကူးထားသောပုံတွေကို အသေအချာပြန်ကြည့်သည်။
လုံးမျက်ခုံး၊ နှာတံ ပုံတစ်ပုံစီမှ ဆက်စပ်ပြီး မနည်းပုံပေါ်
အောင် ကြိုးစားယူရမည်။

ငါးပုံလောက်ကို ရွေးထုတ်ပြီး ကောက်ကြောင်းခြစ်နိုင်
အာရုံစုစည်းလိုက်သည်။

ကိုလူချော၏ပုံကို စိတ်ကူးဖြင့် ကြိုးစားမြင်ယောင်
တ်မှာပင် မဆီမဆိုင်ဖြင့် ဟိုတုန်းဆီက မင်းသွေး၏မျက်နှာ
လေးအား မြင်ယောင်ဖြစ်ပြန်၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်မနေ ဆွဲရပြီဆိုတော့ အချိန်တွေ မေ့လျော့သွား
သည်။ စိတ်ကူးဖြင့် ဆက်စပ်ကြည့်ပြီး ပုံပေါ်အောင် ကြိုးစား
ဆွဲသည်။

အနားမှာ မိုးသက်ဝေ ရှိမနေတော့ တူမတူဆိုတာကို
မှတ်ချက်မပေးနိုင်။ မတူခဲ့ရင်လည်း နောက်တစ်ပုံပြန်ဆွဲပေး
သာရှိ၏။

ပုံတွေကို ဆက်စပ်မြင်ယောင် ခံစားပြီး ဆွဲလိုက်တော့
လည်း တည်ကြည်ခံ့ညားသော ယောကျ်ားတစ်ယောက်၏မျက်နှာ
ပေါက်မျိုး ထွက်လာသည်။

အားလုံးအပြီးသတ်ခါမှ ဆံပင်ဟန်ကို ဝေခွဲမရဖြစ်
သည်။ ယောကျ်ားလေးအများစုကတော့ ဆံပင်ကို ညှာခွဲကြ
သည်။ ခေတ်ပုံတွေထဲမှာတော့ ဆံပင်ထားပုံ ခွဲပုံက မပီပြင်
ဝိုးတဝါးတွေပင်။

နောက်ဆုံးတော့ ဆံပင်ကို ဖရိုဖရဲလေးမကျတကျဖြင့်
အနားသတ်ပေးလိုက်သည်။

ပြီးလုပြီးဆဲမှာပင် ကားသံကို ပထမ ကြားသည်။
နောက်ဆုံး စုတ်ချက်အဖြစ် ဆေးကိုတို့နိုက်မှာ ခြေသံကြားသည်။

စုတ်တံကို ပြန်အချမှာပင် သူမအနားသို့ မိုးသက်ဝေ
ရောက်လာ၏။ အသက်ဝင်အောင် သူမ ဖန်တီးထားသော
ယောကျ်ားတစ်ယောက်၏ပုံကို ငေးမောကြည့်ဖြစ်သည်။

ချွတ်စွပ်တူတာ မတူတာ အပထား။ ကိုယ်တိုင် ခံစား





[illegible]ဆွဲခဲ့သော အနုပညာကိုတော့ အားရကျေနပ်မိသည်။

'ကဲ… အမိ၊ အားလုံးတော့ ပြီးစီးသွားပြီ၊ စိတ်တိုင်းကျ
[illegible]လား၊ နှင်မြင်ဖူးတဲ့ ကိုလူချောနဲ့ရော တူရဲ့လား မသိဘူး၊
[illegible]နည်းတော့ ပင်ပန်းသွားတယ်၊ အအေးဘူးဖောက်ပြီး တိုက်
[illegible]ပါ မိုးသက်ဝေရော'

အအေးဘူးဖွင့်သံကိုသာ ကြားရသော်လည်း မိုးသက်
[illegible]အသံ တိတ်နေ၏။ ပုံမှအာရုံခွာပြီး မိုးသက်ဝေလက်ထဲမှ
[illegible]အေးဘူးကို ဆတ်ခနဲယူလိုက်သည်။

'သေချာစိုက်ကြည့်ပြီး ဘာမှမပြောမဆိုဘဲ ဘာလို့ ငုတ်
[illegible]တုတ်မေ့နေရတာလဲ မိုးသက်ဝေ'

မိုးသက်ဝေ၏အဖြေကို စောင့်မနေဘဲ အအေးဘူးအား
[illegible]သောက်ဖြစ်သည်။

'နှင်ဆွဲထားတဲ့ လက်ရာက ငုတ်တုတ်မေ့လောက်
[illegible]အောင်ကို မှင်သက်နေဖြစ်တာ မြတ်နိုးဖြူ၊ ကိုလူချောမှ ကိုလူ
[illegible]ချော အစစ်ပဲ။ မျက်လုံးအကြည့်တွေကလည်း တစ်ထေရာတည်း
[illegible] နှုတ်ခမ်းကျပုံ၊ နှာတံဖြောင့်ပုံကလည်း အတူတူပဲ၊ ဒီလောက်
အသေးစိတ်တူလိမ့်မယ်လို့ ငါမထင်ထားဘူး'

စိုးတထင့်ထင့်ဖြစ်နေသော အပူလုံးမှာ အအေးသောက်
လိုက်လို့ထက် မိုးသက်ဝေ၏ ချီးကျူးစကားတွေကြောင့် ချက်
ချင်း ပပျောက်သွားတော့၏။

ဒီလိုမှ ကြက်ကန်းဆန်အိုးမဖြစ်ရင် နောက်တစ်ခါထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့အဖို့ စိတ်ပင်ပန်း လူပင်ပန်းဖြစ်ရဦးမှာ သေချာ၏။

'နင် ပြန်ရောက်လာလို့ မကြိုက်ရင်လည်း နောက်ထပ် တစ်ပုံ ငါ ထပ်ဆွဲပေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ အခုတော့ ငါ ထပ်ပင်ပန်းခံစရာ မလိုတော့ဘူး'

'ငါမေးပါဦးမယ် မြတ်နိုးဖြူ'

စိတ်တိုင်းကျနေပြီးမှ ဘာမေးခွန်းတွေ ထုတ်ဦးမည် မသိပေ။ ပုံပေါ်အောင် အမိအရ ကြိုးစားခဲ့တာကို အထင်ကြီး ပြီး စိတ်နေစိတ်ထားကိုပါ ခန့်မှန်းခိုင်းဦးမလား မသိပေ။ ကိုလူချောတစ်ယောက်ကတော့ မိုးသက်ဝေကိုသာ ညှို့ယူဖမ်းစား သွားနိုင်သည်မဟုတ်။ မဆီမဆိုင်ဖြင့် သူမလည်း အဖျားခတ်ပြီး ရူးကြောင်ကြောင်ဖြစ်ချင်နေပြီ။

'စိတ်နေစိတ်ထားနဲ့ သူ့အကြောင်းကို သိချင်ရင်တော့ ငါ့ကို လာမမေးနဲ့၊ ဒီပုံကိုယူသွားပြီး အကြားအမြင်ဆရာ တစ် ယောက်ယောက်ဆီသာ သွားမေးပေတော့ မိုးသက်ဝေ'

'မဟုတ်ပါဘူးဟာ… ငါ အကောင်းစကားပြောမလို့ ပါ မြတ်နိုးဖြူရာ'

မိုးသက်ဝေက သူမကို တယုတယဖက်ပြီးပြောသည်။

ကိုလူချောဆိုသူကိုသာ သက်ရှိထင်ရှားဖြင့် သူမတို့ရှေ့ မှာ ရောက်နေရင်တော့ အရူးမတွေဟု မှတ်ချက်ချမှာ သေချာ၏။

အခုတော့ သက်မဲ့ပုံတူဖြစ်နေ၍ တော်သေး၏။

'ဘာပြောမှာလဲ… ပြောလေ မိုးသက်ဝေ'





'တခြားမဟုတ်ပါဘူး၊ ခုတ်ပုံတွေကို ဆက်စပ်ပြီး အောင်ဆွဲနိုင်မယ်ဆိုတာ ငါယုံပြီးသားပါ၊ ငါက လူကိုယ်တိုင် ်မြင်တွေ့ဖူးလိုက်တာလေ၊ မျက်လုံးအကြည့်နဲ့ နှုတ်ခမ်းပုံ အရိပ်ကိုတူပြီး အသက်ဝင်နေလို့ပါ၊ နင်လည်း သူ့ကို စ်ခါမှ မြင်ဖူးတွေ့ဖူးတာမဟုတ်ဘဲနဲ့ တူအောင်ဆွဲနိုင်တာကို ချင်လို့ပါ'

'ဘာလဲ… ငါ့စိတ်ထဲမှာ နင့် ကိုလူချော တိတ်တဆိတ် ရာယူထားတယ်လို့ နင်ပြောချင်ဆိုချင်တာလား'

'အဲဒီသဘောမျိုး လုံးဝမဟုတ်ပါဘူးဟာ'

'ငါ တကယ် ရှာန်ဝင်စားပြီး ဒီပုံကို ကြိုးစားဆွဲတယ်၊ ခုပုံကို ကြည့်လေ၊ မိန်းကလေးတိုင်းကို ဖမ်းစားနိုင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ပုံပဲ၊ နင်ပြောသလို မျက်လုံးအကြည့်နဲ့ နှုတ်ခမ်းပုံက ဒီပုံရဲ့ တကယ့်အသက်ပဲ'

မိုးသက်ဝေ အမေးအတွက် သူမမှာ အဖြေရှိပြီးသား။ အဖြေကို ဆက်မပြောသေးဘဲ မိုးသက်ဝေ၏မျက်နှာကို စေ့စေ့ ကြည့်ဖြစ်သည်။

'ပြောပြလေဟာ… ဘာလို့ ဆက်မပြောတာလဲ၊ အဲဒီ လိုမျိုး အသက်ဝင်အောင် နင် ဘယ်လိုဆွဲဖြစ်တာလဲ မြတ်နိုးဖြူ'

မြင်ဖူးတွေ့ဖူးသူကိုပင် ပုံပြန်ဆွဲခိုင်းသည့်အခါ တူ သယောင်ယောင်ပဲဖြစ်နိုင်မည်။ အခုတော့ ကိုလူချောအား သက် ရှိထင်ရှား တွေ့ဖူးမြင်ဖူးတာမဟုတ်။ ကိုးကားစရာပုံတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ အသက်မဝင်သလို အားလုံးက မပီပိုးတဝါး။ ပုံပေါ်အောင်ကို မနည်းဆက်စပ်ယူရသည်။

'နင့်ကိုပဲ ငါ ပြန်မေးရလိမ့်မယ် မိုးသက်ဝေ'

'ငါ့ကိုပြန်မေးရမယ်၊ ဘာလဲဟာ'

မိုးသက်ဝေ၏ မျက်နှာလေးက စိတ်ရှုပ်ချင်ဟန်ဖြစ်သွားသည်။

'ငါမေးတာကို သေသေချာချာ စဉ်းစားပြီး ဖြေကြည့်ပါ မိုးသက်ဝေ၊ ဒီလိုအကြည့်မျိုး၊ နှာတံကျပုံမျိုးကို နင့်ကိုလှချောအပြင် ရင်းရင်းနှီးနှီး နင်တွေ့ဖူးမြင်ဖူးလိမ့်မယ်၊ ငါပြောတာကို နင် ချက်ချင်းသိပြီလား'

မိုးသက်ဝေက ချက်ချင်းမဖြေဘဲ စဉ်းစားဟန်ပြုသည်။ ပြီးမှ–

'မင်းသွေး'

'ဟုတ်တယ် မိုးသက်ဝေ၊ နင်ရိုက်ထားတဲ့ပုံတွေကို ဆက်စပ်ပြီးတော့ဆွဲရင် ဆင်ဆင်တူတဲ့ပုံပဲ ထွက်လာမယ်၊ နှုတ်ခမ်းကတော့ ထားလိုက်ပါတော့၊ မျက်လုံးအကြည့်နဲ့ နှာတံကိုဆွဲတော့ ငါ့စိတ်ထဲမှာ မင်းသွေးက အလိုလို ပေါ်လာတယ်၊ ဒါနဲ့ပဲ ငါ့စိတ်ထဲမှာ ဖြည့်စွက်ပြီး ဆွဲဖြစ်လိုက်တာ မိုးသက်ဝေ'

'ဪ… ဒါကြောင့် ပုံက တူနေရုံတင်မဟုတ်ဘူး၊ ပိုပြီး အသက်ဝင်နေတာကိုး'

'တိုက်ဆိုင်တယ်ပဲ ပြောကြပါစို့ မိုးသက်ဝေ၊ မင်းသွေး





နဲ့သတ်သက်ပြီးတော့ ဒီနေ့ ဒီအချိန်ထိ စိတ်ဆင်းရဲမှုတွေကနေ ငါ ခွလွတ်ကင်းနိုင်သေးဘူး၊ နင့်အတွက်တော့ ကံကောင်းပါစေလို့ ငါ ဆုတောင်းပေးပါတယ်'

'အေးနော်… ငါတို့နှစ်ယောက်စလုံး အစစအရာရာ ပြည့်စုံပြီး ချစ်ကံမကောင်းကြတာချင်း တူနေရင်တော့ လူတွေအတွက် ပြောစရာဖြစ်မှာ သေချာတယ်'

ကိုလှချောပုံအား အသေအချာစိုက်ကြည့်ဖြစ်သည်။ ကိုလှချော၏ပုံဖြစ်နေသော်လည်း အကြည့်များကတော့ မင်းသွေးဖြစ်ကြည့်နေသလိုမျိုး ခံစားနေဖြစ်သည်။

'တကယ်ဆို ဒီလျှို့ဝှက်ချက်ကို ငါ ဖွင့်မပြောဘဲထားသင့်တယ်'

'ရပါတယ်… နင်က မင်းသွေးကို စိတ်ကူးပြီး ဖြည့်စွက်လိုက်တော့ ပိုတောင်မှ အသက်ဝင်သွားသေးတယ်၊ တော်ကြာ မင်းသွေးကို စိတ်ကူးမှာမပေါ်ဘဲ တခြားတစ်ယောက်ယောက်ဆိုရင် အဲဒီအကြည့်နဲ့ နှာတံကြောင့် တစ်ခုခုလိုနေသလိုဖြစ်နေဦးမယ်'

'နေပါဦး မိုးသက်ဝေရာ၊ နှာတံအကျနဲ့ အဲဒီလိုမျိုး အကြည့်က မင်းသွေးနဲ့ တကယ်ပဲတူလား'

'ဒါကြောင့် နင့်ကို တအံ့တဩဖြစ်ပြီး နင့်ကို မရရအောင် မေးဖြစ်တာပေါ့ မြတ်နိုးဖြူ'

'အေးလေ… ဒီလောကကြီးထဲမှာ တစ်ယောက်နဲ့တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဆင်ဆင်တူတဲ့လူတွေတောင်ရှိကြသေးတာပဲ၊ ဒီလောက် တူတာလောက်တော့ မပြောပလောက်ပါဘူး'

မိုးသက်ဝေကတော့ ကိုလူချော၏ ပန်းချီကားအား ယုယုယယ ဖြစ်နေ၏။ ချက်ချင်းကြီး ယူမသွားနဲ့ဦး၊ ဘောင် လုပ်ပေးမယ်ဟု မနည်းပြောရသည်။

မိုးသက်ဝေနှင့် ပတ်သက်နေတာမှန်သော်လည်း ကိုလူချောဆိုတာ ဘယ်ကလာလို့ ဘယ်မှာနေမှန်းမသိ။ မိုးသက်ဝေ ကိုယ်တိုင်ပင် အိပ်မက်တစ်ခုကို ရူးသွပ်စွာ စွဲလမ်းနေမှန်း သုံးသပ်ဖြစ်မည် မထင်ပေ။

✠ ✠ ✠



၇။

မင်းသွေးနှင့်ပတ်သက်ပြီး စိတ်ဓာတ်ကျဖြစ်တာ ဒီတစ်ကြိမ်တည်းတော့မဟုတ်။ အခါပေါင်း ပြန်ရေတွက်လျှင် နေကုန် တောင် ပြီးဆုံးမည်မဟုတ်။ အမြဲလိုလို တွေ့ကြုံရပြီးဖြစ်သော် လည်း ဒီတစ်ကြိမ်မှာတော့ ကြီးကြီးကျယ်ကျယ် စိတ်ဓာတ်ကျ ဖြစ်ပြန်သည်။

မိုးသက်ဝေ၏ဆိုင်သို့လည်း သုံးရက်လောက်မသွားဘဲ အိမ်တွင်းပုန်း လုပ်နေဖြစ်သည်။ သူမတစ်ယောက်တည်း စိတ် ဓာတ်ကျနေချိန်မှာပင် အစ်ကိုစိုးမြတ်က တမင် အချိန်ကိုက်ပြော လေသလားဟု စိတ်မှာ ထင်မိပြန်၏။

'ဒီရက်ပိုင်း အိမ်တွင်းပုန်းလုချည်လား ညီမလေး၊ ဘာလဲ ပန်းချီကားရေးလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'မရေးဖြစ်ပါဘူး၊ အပြင်သွားချင်စိတ် မရှိတာနဲ့ အိမ်လိုက်စားလိုက်လုပ်နေတာ'

'မမေတို့က ညီမလေးကို နိုင်ငံခြားပို့ဖို့ ပြောသံဆိုသံတွေ ကြားနေရပါလား'

'သူတို့သွားစေချင်ရင်တော့ ညီမလေး သွားရမှာပေါ့ ကိုကိုရာ၊ ကိုကိုဆိုလည်း အလုပ်နဲ့အကိုင်နဲ့၊ မိုးသက်ဝေဆိုရင်လည်း သူ့ဆိုင်နဲ့သူ အခြေတကျပဲ၊ ညီမလေးသာ အလုပ်လက်မဲ့နဲ့ လက်ဝါးဖြန့်တောင်းနေတော့ တစ်ခုခုစီစဉ်တာ မလွန်ပါဘူး'

'ညီမလေးမှာ အလုပ်ရှိသားပဲ၊ ကိုကိုထင်တာတော့ ဟိုကောင်နဲ့ မြင်နေတွေ့နေလို့ ဒီလို စီစဉ်ကြတာနေမှာပါ'

မင်းသွေးနှင့်ပတ်သက်ပြီး အစ်ကိုစိုးမြတ်ပြောတာဆိုတာ မမှားပေ။ ဒါပေမဲ့ အလုပ်ရှိသားပဲဆိုတဲ့ စကားကတော့ နည်းနည်းလေး မှားယွင်းနေမည်ထင်၏။

'မင်းသွေးနဲ့ ပတ်သက်တဲ့ အပိုင်းကတော့ ထားလိုက်ပါ ကိုကို၊ ညီမလေးမှာ ဘာအလုပ်အကိုင်များ ရှိနေလို့လဲ၊ မိုးသက်ဝေရဲ့ဆိုင်ကို သွားတယ်ဆိုတာကလည်း ကူညီရုံသက်သက်၊ အပျင်းပြေသဘောမျိုးပဲလေ'

'ပန်းချီဆွဲနေတာ ညီမလေး အလုပ်လုပ်နေတာပဲပေါ့၊ အိမ်မှာ ချိတ်ထားတဲ့ကားတွေ၊ အချို့လူတွေအိမ်မှာ ညီမလေး ဆွဲပေးထားတဲ့ ကားတွေ ရှိသေးတယ်၊ မချိတ်ဘဲထားတဲ့ကားတွေ ညီမလေးအခန်းထဲမှာလည်း ရှိနေသေးတယ်မဟုတ်လား၊





...ကားတွေကိုစုပြီး ပြပွဲတစ်ပွဲလုပ်လို့ရတယ်လေ၊ ပန်းချီပြပွဲ ...လုပ်နေတာ ညီမလေးအသိပဲ၊ ပြပွဲအတွက် ကုန်ကျစရိတ် ... မမေတို့ ကျခံလို့ရသလို ကိုကိုလည်း တတ်နိုင်နေတာပဲ'

'ပြပွဲတင်နိုင်လောက်တဲ့အထိ မပြည့်စုံသေးဘူးလို့ စိတ် ... ဆင်နေမိတယ်၊ ဆွဲပြီးတဲ့ကားတိုင်းကို အားမရဘူး။ လေ့လာ...တွေ အများကြီးလိုသေးတယ်၊ တကယ်လို့ မမေတို့ နိုင်ငံ...သွားခိုင်းပြီဆိုရင်တောင် ဟိုနိုင်ငံမှာ ပန်းချီနဲ့ပတ်သက်တဲ့ ...တွေကို ဆက်လေ့လာဖြစ်မှာ သေချာတယ်'

'ကိုကို့သဘောကတော့ ညီမလေးကို ဒီမှာပဲရှိနေစေချင်တယ်၊ ညီမလေးက မမေတို့ တွေးထားသလောက် မိုက်... မဟုတ်ပါဘူး၊ ဆရာဝန် ကုလို့မရတဲ့ ရောဂါဝေဒနာကို ကိုယ်တိုင်ကုတာ အကောင်းဆုံးဆေးနည်းပဲ၊ သူများတကာတွေ ... ဝိုင်းပြီး ဘယ်လိုပဲ ဆေးမြီးတိုနဲ့ကုကု အမြစ်ပျောက်မှာ မဟုတ်ဘူးဆိုတာတော့ ညီမလေး ခေါင်းထဲမှာ ထည့်ထားစေချင်တယ်'

အသက်အရွယ်ပဲ ကြီးလာလို့လား၊ ဆင်ခြင်တုံတရားက ... လွှမ်းမိုးလာလို့လားမသိ။ မင်းသွေးနှင့်ပတ်သက်ပြီး ဟိုတုန်း...လောက် ကိုကိုတစ်ယောက် စိတ်ကြမ်းလူကြမ်းမဖြစ်တော့ပေ။

သူ့မဝေဒနာကို သူမသာအသိဆုံးမို့ ရေရေရာရာ ပြန်ပြောဖြစ်ပေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြေလက်ပျောက် သွားစရာဆို၍ မိုးသက်ဝေ
ဆိုင်သာရှိသည်။ တီးတိုးရင်ဖွင့်ရာလူဆို၍ မိုးသက်ဝေ
ယောက်သာရှိသည်။

နောက်ဆုံးတော့ မိုးသက်ဝေ၏ဆိုင်ကိုသာ ရောက်
ဖြစ်တော့သည်။ မင်းသွေးနှင့်ပတ်သက်တာ မပတ်သက်တာ
အသာထား၊ မိုးသက်ဝေနှင့် တွဲသွား၍ အလုပ်လုပ်နေတာ
ပဲ မေမေတို့က ကျေနပ်နေကြသည်။

မိုးသက်ဝေကိုယ်တိုင်က မင်းသွေးနှင့် သူမကို အ
မတူသည် မဟုတ်ပါလား။

'ဒီနေ့မှ ရောက်မလာရင် ဖုန်းဆက်မနေတော့ဘဲ
အိမ်ကိုရောက်တော့မှာ မြတ်နိုးဖြူ၊ ငါပြောတာကို ကြားရဲ့လား

သီးသန့်နားနေခန်းထဲကို အသေအချာလိုက်ကြည့်
သည်။ သူမ ရေးဆွဲပေးထားသော ပန်းချီကားတချို့သာ ရှိသည်
ကိုလူချော၏ ပန်းချီကားကို မတွေ့ရ မမြင်ရပေ။

'ငါမေးနေတယ်လေ၊ နင် ဘာဖြစ်လို့ ပျောက်နေတာ
နေမကောင်း ထိုင်မကောင်းဖြစ်တာမျိုးမဟုတ်ဘဲ သက်သ
အပျင်းထူပြီး အိမ်မှာခွေနေတာ မဟုတ်လား မြတ်နိုးဖြူ'

'နင်မေးတာတွေကို 'အေး' ဆိုတဲ့ တစ်လုံးတည်း
ငါဖြေရင် ပြီးသွားပြီ၊ နင့်ကို ငါမေးမယ်၊ ငါဆွဲပေးတဲ့ ကို
ချောပန်းချီကားကို ဒီအခန်းထဲမှာ ဘာလို့ချိတ်မထားတာလဲ'

'အဲဒီလောက်ထိတော့ ငါ မရူးသွပ်ပါဘူး။ အိမ်မှာထ





ဆိုရင်တောင် ငါ့အိပ်ခန်းထဲမှာပဲ ချိတ်ထားတာ၊ အချစ်ဆို
ကိုယ်တစ်ယောက်တည်း သီးသန့်စိတ်ကူးယဉ်လို့ကောင်းတဲ့
မျိုးလေ၊ နင့်ကို အသိပေးတယ်ဆိုတာက ရှက်စရာ
ကြောက်စရာမလိုတဲ့ သူမို့လေ'

'ထားလိုက်ပါ . . . သွားရင်းလာရင်းက ဒီရက်ပိုင်းမှာ
ကိုလူချောနဲ့ ပြန်ဆုံဖြစ်သေးသလား မိုးသက်ဝေ'

'မဆုံဖြစ်ပါဘူးဟာ၊ ကိုလူချောကနေ မိုးကျရွှေကိုယ်
တောင် အမည်ပြောင်းပေးရမလိုဖြစ်နေပြီ မြတ်နိုးဖြူ'

'နေစမ်းပါဦးဟာ . . . ငါ့ကိုမျှော်တာ ငါ့ကိုတွေ့ချင်တာ
တိစ္စများရှိလို့လဲ၊ နင်မရှိတဲ့ရက်တွန်းက ပစ္စည်းအရောင်း
ယ်စာရင်း မကိုက်လို့များလား'

'မဟုတ်ပါဘူးဟာ၊ နင့်ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်
အရေးတကြီး ပြောစရာရှိလို့'

မင်းသွေးနှင့် ပတ်သက်လေသလား၊ မင်းသွေးတစ်
ကျ်များ မကြားဝံ့မနာသာ တစ်ခုခုများဖြစ်ပြီလားဟု ဧဝေ
ဖြစ်မိသေး၏။

'မမမိုးသက်ဝေ ဖုန်းလာတယ်' ဟု ဝန်ထမ်းကောင်မ
က လှမ်းပြောလိုက်တော့-

'အတော်ပဲ မြတ်နိုးဖြူ၊ နင်ပါလိုက်ခဲ့၊ ငါဖုန်းပြောတာ
ကို အသံမထွက်ဘဲ ငြိမ်ငြိမ်လေးနားထောင်နေ'

သူမလက်ကို ဆွဲခေါ်ရင်းက ကောင်တာဆီသို့ မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



ဝေ ခပ်မြန်မြန်သွားသည်။ ဘုမသိ ဘမသိဘဲ သူမ လိုက်ခဲ့ရ...

'ဟဲလို··· ပြောပါ'

မိုးသက်ဝေ၏အသံကို ကြားရပေမယ့် တစ်ဖက်မှ ... နေသူမှာ ဘယ်သူဘယ်ဝါမှန်း မသိနိုင်။

'ရှင့်ကို ပြောပြီးပြီပဲ၊ တစ်နေ့ကို ငါးမိနစ် စကား... ခွင့်ရမယ်ဆိုတာလေ'

'··· ··· ···'

'ဆယ်မိနစ်ဆိုရင်တော့ ချက်ချင်းကြီး မဖြစ်နိုင်သေး... ဘူး၊ ရှင့်ကို အားနာလို့ ကျွန်မအလုပ်ချိန်ထဲက ဖဲ့ပေးရ... ငါးမိနစ်နည်းတယ်ဆိုရင်တော့ မပြောဘဲနေလိုက်ပေါ့'

'··· ··· ···'

'··· ··· ···'

သူစိမ်းယောကျ်ားတစ်ယောက်ဆိုတာတော့ သေချ... နေသည်။ ဒီရက်ပိုင်းမှာ မိုးသက်ဝေတစ်ယောက် စန်းပွင့်နေ... မျိုးလားဟု စိတ်မှာ အောက်မေ့မိသည်။

'ရှင်သတိရတာကိုတော့ ဘာမှ ဝေဖန်ချက်မပေး... ဘူး၊ ကျွန်မကတော့ ရှင်ဆက်ရင် ငါးမိနစ်တိတိ စကားပြော... မယ်၊ ကဲ··· ကျွန်မ ဖုန်းချလိုက်တော့မယ်'

မိုးသက်ဝေကိုတော့ မျက်စိရှေ့မှာပင် နားမလည်နိုင်... အောင်ဖြစ်နေရသည်။

ယောကျ်ားတွေနှင့် မပတ်သက်ဘဲ နေနိုင်ခဲ့သည်။ ပ...



...လာတော့လည်း လိုက်မမီအောင်ကို ခြေလှမ်းတွေသွက်လွန်း ...သည်။

'နင့်ကို ငါမေးမယ် မြတ်နိုးဖြူ'

'ဟောတော်··· ပြောင်းပြန်ကြီးပါလား မိုးသက်ဝေ ...'

'စောစောက ဖုန်းပြောတာနဲ့ ပတ်သက်ပြီး ငါက မေးရ ...မှာလေ'

'ငါမေးတာတွေကို နင် တစ်ခုချင်းဖြေရင် ငါ့ကို ...ရမလိုတော့ဘဲ နင် ရှင်းသွားလိမ့်မယ်'

သူမတို့နှစ်ယောက်ကြားမှာတော့ တစ်ခုခုလွဲမှားမှု ရှိနေ... သေချာ၏။

'ကဲ··· ငါ မစဉ်းစားတော့ဘူး၊ ဘာမှလည်း မမေး ...ဘူး၊ နင်ဘာမေးချင်လဲ၊ မေးပေတော့ မိုးသက်ဝေ'

'ငါမရှိတဲ့ရက်တွေမှာ 'ရဲရင့်ဇော်'ဆိုတဲ့ ပုဂ္ဂိုလ်တစ် ...ယောက်နဲ့ အသိမိတ်ဆွေဖြစ်ခဲ့လား'

'ဘယ်က ရဲရင့်ဇော်လဲ၊ ငါ မသိဘူး မိုးသက်ဝေ'

'ဒါဆို ငါထပ်မေးမယ်၊ ပြီးခဲ့တဲ့ ကြာသပတေးနေ့က ... ရွှေတိဂုံဘုရားကို သွားခဲ့တယ်ဆိုတာ ဟုတ်သလား'

သူမ ဘုရားသွားတာကို ဘယ်ကနေ ဘယ်လို မိုးသက် ... သိသွားသည်မသိပေ။

'ဘုရားသွားတာကတော့ ဟုတ်တယ်၊ ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



မိုးသက်ဝေ'

'ရဲရင့်ဇော်ဆိုတဲ့လူက နင့်ကို ပထမတစ်ခါဆုံပြီး စွဲလ
မိတယ်၊ ဒုတိယအကြိမ် ဘုရားမှာ ထပ်ဆုံတယ်၊ ဒီတစ်
ပျောက်မသွားအောင်ဆိုပြီး နင့်ကို နောက်ယောင်ခံလိုက်
တကောက်ကောက်လိုက်တယ်။ ဆိုင်မှာတောင် ဖိနပ်ဝင်ဝယ်
ဆိုင်ရဲ့လိပ်စာကတ်ကို ရအောင်ယူသွားတယ်၊ ယူသွားတဲ့ လိပ်
ကတ်အရ လူနဲ့နာမည်လွဲတာ တစ်ခုပဲရှိတယ်၊ ဘယ်ဘက်နှုတ်
ထောင့်စွန်းက မှဲ့စိမ်းလေးရှိတာကိုတောင် သူပြောနိုင်တ
မြတ်နိုးဖြူ'

ဒုက္ခတော့ များပြီ။ ဘုရားတက်တာကိုလည်း သိ
သည်။ မှဲ့စိမ်းရှိတာကိုလည်း ပြောပြနိုင်သည်တဲ့။

'ဘာလဲ… စောစောက နင်နဲ့ ဖုန်းပြောတဲ့လူဟာ ရဲ
ဇော်ဆိုတဲ့လူလား'

'ဟုတ်တယ် မြတ်နိုးဖြူ၊ ပထမတော့ ငါလည်း ကြေ
သွားတယ်၊ သူပြောပြမှ နင်နဲ့ငါ လူမှားပြီဆိုတာ ချက်ချင်း
လိုက်တယ်၊ ငါလည်း သိချင်တာနဲ့ ချော့လဲရောထိုင်လုပ်
စပ်စုကြည့်ဖြစ်တယ်၊ နင် တကယ်ပဲ အဲဒီလူကို မသိဘူးလ
မှတ်မှတ်ထင်ထင် မဖြစ်ဘူးလား၊ နင်ကရော ဘုရားကို ဘာ
လုပ်တာတုန်း၊ ဆိုင်ရောက်တဲ့အထိ နောက်ယောင်ခံလိုက်တာ
နင် မသိဘူး၊ ဆိုင်ထဲအထိရောက်လာပြီး ဖိနပ်တောင်ဝယ်
တာပဲ'





'နင်ပြောမှ ရေးရေးတော့ စဉ်းစားမိပြီ မိုးသက်ဝေ၊
တယ်… ဘုရားကအပြန် ငါဆိုင်ကိုရောက်ပြီး မကြာခင်
လူတစ်ယောက် ဖိနပ်ဝင်ဝယ်တယ်၊ ငါတောင် စီးပြလိုက်
တယ်၊ အဲဒီနေ့က နင် ဖုန်းဆက်တဲ့အချိန်မှာ ဆိုင်ထဲမှာ
လူ ရှိနေသေးတယ်'

'နင် သူ့ကို မှတ်မိလား၊ ဘယ်လိုပုံလဲ၊ လူငယ်လား
ကြီးထဲကလား၊ နင် သူ့ကိုတော့ မှတ်မိမှာပေါ့နော်၊ စကား
တဲ့ပုံကို အကဲခတ်ရသလောက်တော့ အဆင့်အတန်းရှိတဲ့
တစ်ယောက်ပဲ'

'ငါ ပြန်ပြီးစဉ်းစားလို့ရသလောက် ပြောပြီးပြီပဲ၊ ရုပ်
ဘာတွေကိုတော့ အဲဒီအချိန်က ငါ့အပူနဲ့ငါမို့ သေသေချာချာ
ထားဖြစ်ခဲ့ဘူး'

'သေလိုက်ပါတော့ဟာ၊ ဒီအခြေထိရောက်ခဲ့ပြီးမှ မျက်
ချင်းတောင် နင် မဆုံဖြစ်ဘူးလား၊ နောက်ယောင်ခံလိုက်၊
တော့ ကိုယ့်ရှေ့ကို ရောက်လာတဲ့ သူကိုတောင်မှ ဂရုမထား
ဘူးဆိုတော့ နင်က ဘာတွေများ အပူကြီးနေရလို့တုန်း'

အခုချိန်မှာတော့ မင်းသွေးနှင့် ပတ်သက်တာကို ထိန်
ထားလို့ မဖြစ်တော့ပေ။ ကော်ဖီဆိုင်မှအထွက် မင်းသွေးနှင့်
ပြီး ပလက်တီနမ်လက်စွပ်ပေးပုံ၊ အိမ်ကို ဖုန်းလှမ်းဆက်ပြီး
သွေး အခြေအနေကို သိရ၍ ဝမ်းသာဖြစ်ပုံ၊ ကြာသပတေး
ရောက်တော့ မင်းသွေးကိုယ်တိုင် ဖုန်းလှမ်းဆက်ပြီး ဘုရား



www.burmeseclassic.com

www.burmeseclassic.com



အတူတက်ဖို့ အစီအစဉ်ပျက်ရပုံနှင့် မင်းသွေးမာမီနှင့် ဖုန်းပြေ ဖြစ်ခဲ့ပုံများကို အစမှအဆုံးတိုင် မိုးသက်ဝေအား ရင်ဖွင့်လိုက် သည်။

'အင်း… မင်းသွေးဆိုတဲ့ ကောင်နဲ့ ပတ်သက်လာ ဝမ်းသာစရာပဲဖြစ်ဖြစ်၊ ဝမ်းနည်းစရာပဲဖြစ်ဖြစ် နင့်အနေနဲ့ ဘာ ဘာမှ ဂရုမစိုက်တော့တာ ငါသိတယ်။ ရဲရင့်ဇော်ဆိုတဲ့ လူ လည်း နင့်လိုမိန်းမမျိုးကျမှ စိတ်ဝင်စားရတယ်လို့ဟာ၊ မိန်း ပတ်ငှက်ပြီး အရိပ်အကဲ မဖမ်းတတ်တဲ့သူ၊ အူတူတူနိုင်တဲ့သူ နေမှာပါ'

ရဲရင့်ဇော်က အူတူတူနိုင်တယ်ပဲထားဦး။ မိုးသက် က မလည်မရှုပ်လုပ်ထားပုံရသည်။

'နေဦး မိုးသက်ဝေ၊ ငါ့အနေနဲ့ နင်ဖုန်းပြောဖြစ်တာ များနေပြီမဟုတ်လား၊ နင်ဝင်ရှုပ်တာနဲ့ ရဲရင့်ဇော် ဆိုတဲ့လူ ရှုးသွ ပါဦးမယ်'

'အခုအချိန်ကျမှတော့ ဒီအတိုင်းပဲ ဆက်ကရတော့ ပဲ မြတ်နိုးဖြူ'

'ရပ်တန်းက ရပ်လိုက်ပါတော့ မိုးသက်ဝေ၊ ဘယ်သူ ဘယ်သူမှ အကျိုးရှိစေမှာလည်း မဟုတ်ဘူး'

'အကျိုးရှိတယ် မြတ်နိုးဖြူ၊ ဒီတိုင်းလေးပဲ နင် ငြိမ် ငြိမ်လေးစောင့်ကြည့်နေ'

'နင်ဝင်ရှုလည်မယ်နော်၊ နင့်မှာလည်း ကိုလူချောရှိ





သားမဟုတ်လား'

'ငါ့မှာ အစီအစဉ်ရှိပြီးသား၊ ငါ့ဇာတ်ကို ငါနိုင်အောင် နိုင်တယ်'

ရဲရင့်ဇော်အား အပြောင်အနောက် သဘောမျိုးဖြင့် ဆက် အရူးလုပ်မည်ဟုသာ လွယ်လွယ်တွေးဖြစ်ခဲ့သည်။ ဒီကိစ္စ နေ့မဟုတ် တစ်နေ့ ပေါ်မှာတော့ သေချာသည်။

ရဲရင့်ဇော်ဆိုသောသူမှာ အကုသိုလ်တွေ အကောင်လိုက် ပြီဆိုတာ သေချာသလောက်ရှိသွား၏။ မိုးသက်ဝေနှင့် တွေ့မှ ရင် ရဲရင့်ဇော်တစ်ယောက် အရူးဖြစ်စရာအကြောင်း မရှိ တော့ပေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(နှစ်)

ပြည့်အရေးထက်
ဝမ်းရေး အခက်သား။
ဝမ်းရေးမှာလည်း
လွှမ်းရေးရဲ့အစေပါ။
လွှမ်း,တလေရာ
စွေကာမစဲ
သဲသဲဆင်ငို
ရင်တစ်ခိုမှာ ပြို့လို့သွား။

www.burmeseclassic.com

www.burmeseclassic.com



၁။

တစ်နေ့ကုန် ရောင်းရေးဝယ်တာမှာ အာရုံများရသည်။ ဆိုင်နှင့်ပတ်သက်ပြီး ခေါက်ပ်ရသည့်မှာ နှစ်ချီခဲ့ပြီ။

'ငါ့သမီးကြည့်ရတာ ပင်ပန်းလွန်းတယ်၊ သားအမိ သားအဖ သုံးယောက်ပဲ ကျန်တော့တာပဲ၊ မိုးသက်ခွေကလည်း သူ့အိမ်ထောင်နဲ့သူ စိတ်အေးရပြီပဲ' ဟု မေမေ နားချတာလည်း ကြိမ်ဖန်ထပ်မှုရှိပြီ။

ကိစ္စတစ်ခုအပေါ် သာမန်ထက်ပိုပြီး အာရုံစိုက်ရလွန်းသူကို ရူးသွပ်သူဟု ဆိုစမှတ်ပြုကြသည်။ သူမ၏ ရူးသွပ်မှုကတော့ အခြားမဟုတ်။ မိန်းကလေးများ၏ ခြေထောက်အလှ အနုဆာဖြစ်သော ဖိနပ်များပင်။

သူမ တောက်လျှောက်ရူးသွပ်ခဲ့သော အိပ်မက်ကို 'စင်ဒရဲလား' ဖြင့် အကောင်အထည်ဖော်ဖြစ်သည်။ 'စင်ဒရဲလား'



www.burmeseclassic.com

www.burmeseclassic.com



မှာ အမျိုးသမီး ဖိနပ်မျိုးစုံ အရောင်းပြခန်းဆိုင်တစ်ခုဖြစ်သည်။

အခုဆိုရင် နိုင်ငံခြားဖြစ် တန်ဖိုးကြီးသော ဖိနပ်များ၊ ပုံစံပေးအော်ဒါမှာယူသော ပြည်တွင်းဖြစ် အမျိုးအစားကောင်း၊ ဒီဇိုင်းလှသော ဖိနပ်များ၊ တံဆိပ်မျိုးစုံ ရွေးစရာမျိုးစုံ၊ အမယ်စုံလင်စွာ တင်ထားနိုင်ပြီဖြစ်၏။

'စင်ဒရဲလား'ဖြစ်ပေါ်လာရခြင်းမှာ အချစ်ရဆုံး သူငယ်ချင်းဖြစ်သော မြတ်နိုးဖြူ၏ ကြည့်ရှုစောင်မမှုကြောင့်ဖြစ်သည်။ မြတ်နိုးဖြူသာ အားပေးအားမြှောက်မလုပ်ခဲ့လျှင် 'စင်ဒရဲလား'မှာ ဒီအခြေအနေထိ အောင်မြင်လာစရာအကြောင်း မရှိပေ။

သူမ အိပ်မက်များကို အကောင်အထည်ဖော်ဖို့ မြို့လယ်ခေါင်ရှိ မြတ်နိုးဖြူ အမွေရထားသော အခန်းက အဆင်သင့်ဖြစ်ပေါ်လာသည်။ ထိုအခန်းကိုပင် မြတ်နိုးဖြူ စိတ်ကြိုက်ပြင်ဆင်ပြီး သူမလက်ထဲသို့ အပ်သည်။

ကျောင်းပြီးခါနီးမှာပင် ကျန်းမာရေးကြောင့် အစိုးရအမှုထမ်းမှ ဖေဖေ ပင်စင်ယူလိုက်သည်။ ညီမလေး မိုးသက်ဆွေမှာလည်း အိမ်ထောင်ကျပြီး သျှောင်နောက် ဆံထုံးပါသွားသည်။

ဖေဖေ မေမေတို့က ယုံကြည်စွာဖြင့် စုဆောင်းထားသမျှတွေ၊ ပြီးတော့ ထုခွဲသင့်သည်များကို ထုခွဲပြီး ရင်းနှီးမတည်ပေး၏။ ဆိုင်ခန်းခနှင့် အပြင်အဆင်ကိုလည်း မြတ်နိုးဖြူက အိတ်စိုက် အကုန်ကျခံ၏။

ဆိုင်ဖွင့်စမှာပင် တန်ဖိုးတစ်ခု သတ်မှတ်ခဲ့သော်လည်း





မြတ်နိုးဖြူ လက်မခံ။

အရောင်းအဝယ်ကောင်းပြီး နာမည်ထွက် အောင်မြင်လာသောအခါမှာလည်း ရှယ်ယာတစ်ဝက်ဝင်ဖို့ မြတ်နိုးဖြူအားဆွဲဆောင်လို့မရ။

နောက်ဆုံးတော့ အလကားမတ်တင်းအခန်းကို အသုံးပြုတာ လိပ်ပြာမလုံ။ မြတ်နိုးဖြူ၏ တစ်လအသုံးစရိတ်ကို ဆိုင်မှထုတ်သုံးဖို့ မနည်းညှိယူရသည်။

ဒါတွေကတော့ သူမဘဝ တစ်စိတ်တစ်ပိုင်း။ စင်ဒရဲလား ဖြစ်တည်မှု၏ သမိုင်းအကျဉ်းမျှသာ။

ဟိုတုန်းကတော့ အိမ်ပြန်ရောက်လို့ အိပ်ခန်းထဲမှာ အနားယူရင်း ဖိနပ်ဒီဇိုင်းတွေဖြင့် စိတ်အပန်းဖြေဖြစ်ခဲ့သည်။ ဒီရက်ပိုင်းမှာတော့ ရုတ်တရက်ဆုံတွေ့ပြီး သူမ၏စိတ် သူမ၏ ချော်လင့်မှုများကို လွှမ်းမိုးခဲ့သော ကိုလှချော၏ ပန်းချီကားဖြင့် စိတ်အပန်းဖြေဖြစ်သည်။

ကိုလှချော ဘယ်သူဘယ်ဝါဆိုတာ ရေရေရာရာမသိရသလို ဒုတိယအကြိမ် ပြန်လို့လည်း မဆုံဆည်းဖြစ်။ အိပ်မက်တစ်ခုကို စွဲလမ်းရှူးသွပ်နေမိတာကိုလည်း သူမဘာသာ တဖြည်းဖြည်းရိပ်စားမိလာသည်။

ကိုလှချောအား ရုတ်တရက်ကြီး စွဲလမ်းဖြစ်သွားတာ ဘိုး၏ ဖြားယောင်းမှုက အဓိကကျသည်လား။

ရင်းနှီးချင်သည်၊ ပြန်လည်တွေ့ဆုံချင်သည့်မှုသော



www.burmeseclassic.com

www.burmeseclassic.com



အာသီသများဖြင့်သာ တစ်နေ့ပြီးတစ်နေ့ ကုန်ဆုံးသွားသည်။

သူမနှင့် မြတ်နိုးဖြူတို့ကို မျက်နှာမြင် ချစ်ခင်စေဆို သည့် ဆုတောင်းပြည့်သော မိန်းကလေးများ။ စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ဘဝကို ဖြတ်သန်းနေကြသူများဟု အများက မြင်ကြမည်ထင်၏။

သူမတို့နှစ်ယောက်မှာ ယောကျ်ားဆိုသော အရာနှင့် ပတ်သက်ပြီး ကံမကောင်းကြသူများဟု မြတ်နိုးဖြူစကားအတိုင်း အော်ဟစ်ကာ ကြေညာချင်တော့သည်။

မြတ်နိုးဖြူမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အမြဲ ဖန်တီးတတ်သည့် 'မင်းသွေး'ဆိုသော ချစ်လူဆိုးလေးတစ် ယောက်ရှိသည်။

သူမမှာလည်း ဘယ်ကမှန်းမသိသော လူဆိုးလူကောင်း ခွဲခြားမရသော စိတ်ကူးယဉ်ဖော် ကိုလူချော ရှိသည်။

ဒီဘဝမှာ မင်းသွေးနှင့် မြတ်နိုးဖြူတို့မပေါင်းဖြစ်အောင် သူမက အမြဲတမ်း စိတ်ကြမ်းလူကြမ်း။ ဒီအနေအထားမှာပင် 'ရဲရင့်ဇော်'ဆိုသော ပုဂ္ဂိုလ်နှင့် သံယောဇဉ်ချင်း ချည်နှောင်ပြီး သား ဖြစ်နေတော့၏။

မြတ်နိုးဖြူအတွက် စိတ်ရောကိုယ်ပါ ဝင်ရောက်ဟန့် ဆောင်ရင်း ရဲရင့်ဇော်နှင့် သံယောဇဉ်ချင်း ချည်နှောင်မိပြီးသား ဖြစ်နေတော့၏။

✠ ✠ ✠





မြတ်နိုးဖြူကတော့ ရဲရင့်ဇော်နှင့် ပတ်သက်သော သူမ ၏ ယုပ်ပုံကိုင်ပုံများကို ရေရေရာရာမသိ။ သူမ၏စိတ်ကူးတွေ ကိုသည်း မြတ်နိုးဖြူ နားလည်မှာမဟုတ်။ မြတ်နိုးဖြူနှင့် ရဲရင့် ဇော်တို့ကြားမှာ သူမအဖို့ ဇာတ်ဆရာလည်းဖြစ်သလို ကိုယ်တိုင် ကိုယ်ကျ ဝင်ကရသူလည်းဖြစ်နေ၏။

ရဲရင့်ဇော်နှင့် မပတ်သက်ခင်တုန်းက နေ့လယ်တစ်နာရီ ဆိုသော အချိန်သည် သိပ်ပြီး ထူးထူးခြားခြားမရှိ။ စိတ်ထဲမှာ လည်း သတိမရ။ အခုတော့ နေ့လယ်တစ်နာရီထိုးခါနီးသည်နှင့် အလုပ်တယ်လောက်ပဲရှုပ်ရှုပ် အပြင်ကို ဘယ်လိုပဲရောက်နေနေ ရဲရင့်ဇော်လှမ်းဆက်ချိန်မှာ ဖုန်းနားသို့ တစ်စက္ကန့်မျှ အတိမ်း အစောင်းမခံဘဲ သူမ ရောက်နေဖြစ်တော့သည်။

တစ်နာရီတိတိအချိန်မှာ မြည်သော ဆိုင်၏တယ်လီဖုန်း ကို သူမမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ကောက်ကိုင်ခွင့် မပေးခဲ့။

အခုလည်း တစ်နာရီထိုးတော့ တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာသည်။

'ဟဲလို'

'ဟုတ်ကဲ့ပါ... မိုးသက်ဝေနဲ့ စကားပြောချင်လို့ပါ'

လူချင်းမမြင်ဖူးပေမယ့် အကြားအာရုံကို သိမ်မွေ့မှု ဖြစ်စေသောကြောင့် အဆင့်အတန်းမနိမ့်သော ယောကျ်ားတစ် ယောက်ဟု မှတ်ချက်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပြောမှာသာပြောစမ်းပါ၊ မိုးသက်ဝေဆိုတဲ့ ကျွန်မကိုယ်တိုင် ဖုန်းနားထောင်နေတာ'

'အလုပ်တွေရှုပ်နေတာဆိုရင်တော့ အရမ်းအားနာ ကောင်းနေပြီဗျာ၊ ဖုန်းနားမှာရှိပေးဖော်ရတဲ့အတွက်လည်း အရ ကို ကျေးဇူးတင်တယ်'

'ကိုယ်တော်ချော... စကားအပြောအဆို အရမ်းသိ မွေ့ပြုချင်တာနဲ့ ခွင့်ပြုထားတဲ့ ငါးမိနစ်ကို အလကားဖြုန်းတီး သလိုမျိုး ဖြစ်နေပြီနော်'

တကယ်တမ်းမှာလည်း ငါးမိနစ်က တောင်လိုလို မြောက်လိုလိုနှင့် အမြဲတမ်း ကုန်ဆုံးသွားတတ်သည် မဟုတ် လား။

'မိုးသက်ဝေကို အနှောင့်အယှက် ဒုက္ခပေးသလိုများ ဖြစ်နေသလားမသိဘူး၊ အသံလေးကြားရပြီး ရင်နှီးတာ အဆက် မပြတ်ဖို့ ဒီနည်းလမ်းအပြင် အခြားဟာတွေကို မကြံတတ်လို့ ပါဗျာ'

'ရှင့်ကိုမေးမယ်၊ ရှင် တစ်နေ့ ငါးမိနစ် ဖုန်းဆက်ဆော် နေတာ ဘာရည်ရွယ်ချက်ရှိလို့လဲ'

တကယ်တမ်း ရဲရင့်ဇော် စွဲနေသည်က မြတ်နိုးဖြူ

နာမည်ချင်းလွဲပြီး အသံချင်းရင်နှီးကာ ဟန်ဆောင်နေ ရသူအဖြစ်က သူမ။ ကာယကံရှင် မဟုတ်သည့်အတွက် ဘာ စကားပြောပြော စိတ်ထဲမှာ ရဲတင်းနေသည်။





'ငါးမိနစ်လည်းပြည့်တော့မယ်၊ အရဲစွန့်ပြီး ပြောပါ့ မိုးသက်ဝေအပေါ် သံယောဇဉ်ဖြစ်နေလို့ပါပဲ'

ရဲရင့်ဇော်၏ စကားဆုံးတော့ ခွင့်ပြုထားသော ငါးမိနစ် ပြည့်သွား၏။ တကယ်ဆို သူမကိုယ်တိုင် ဦးအောင်ဖုန်းချ တော့၏။

'ရှင်ပြောချင်ရာတွေပြောပြီး အမြဲပဲ ငါးမိနစ်ပြည့်သွား ၊ ဒီနေ့တော့ စိတ်ကောင်းဝင်တဲ့အနေနဲ့ အချိန်တိုးပေးမယ်၊ ကစပြီး ကျွန်မရဲ့ မေးခွန်းတွေကို ဖြေပါ'

'ဖြေမယ်... ဖြစ်နိုင်ရင် လူချင်းဆုံပြီး စကားတွေ တာမော ပြောချင်တယ် မိုးသက်ဝေ'

'နည်းနည်းလေး အခွင့်အရေးရတာနဲ့ ရောင့်တက်ချင် သား၊ ကျွန်မ အလိုမတူဘဲ မတောင်းဆိုရဘူးဆိုတဲ့ ကတိ မေ့သွားပြီလား၊ အခုချက်ချင်း ဖုန်းချပစ်လိုက်မှာနော်'

ခြိမ်းခြောက်တော့လည်း ရဲရင့်ဇော် ပျာယာခတ်သွား ၏၊ ဒီလိုလုပ်နေတာတွေက မြတ်နိုးဖြူအတွက်ပါပဲ။

'ဝမ်းသာတဲ့စိတ်နဲ့ သတိလက်လွတ်ဖြစ်သွားတာပါ၊ နောင် လုံးဝဆင်ခြင်ပါ့မယ်၊ မိုးသက်ဝေ ခွင့်ပြုတဲ့အတိုင်း မှာပဲ ကျေနပ်စွာနေပါ့မယ်'

မင်းသွေးမှာ မြတ်နိုးဖြူနှင့် လုံးဝမထိုက်တန်။ ရဲရင့် မှာ မြတ်နိုးဖြူအတွက် ဖူးစာဖက်ဖြစ်ထိုက်သော အရည် ချင်းတွေ ရှိမရှိ အရည်အချင်းစစ်သော မေးခွန်းများကို မေးမြန်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ရှင့်နာမည်က ရဲရင့်ဇော်နော်၊ အသက်ကဘယ်လော
ရှိပြီလဲ၊ ပြီးတော့ ရှင့်ရဲ့ ပညာအရည်အချင်း၊ လက်ရှိအလု
အကိုင်၊ ခဏနေဦး… ကိုယ်ရေးရာဇဝင်ကို မေးမိလို့
ဘဝင်မြင့်မသွားနဲ့ဦး၊ ကိုယ့်ဆီ ဖုန်းဆက်နေတဲ့ ယောကျ်ား
ယောက်အကြောင်းကို ရိပ်ဖမ်းသံဖမ်း သိထားချင်တဲ့သဘော
ပါပဲ'

မိန်းကလေးဈေးမကျအောင်တော့ ဖာထေးရသေးသည်

'မေးခွန်းတွေမဖြေခင် ကျွန်တော်ဟာ မိကောင်းဖ
သားသမီးတစ်ယောက်ဖြစ်တယ်ဆိုတာ လူကုန်တံ အသိုင်းအဝိုင်
လို့ သတ်မှတ်ခံထားရတဲ့ဝန်းကျင်မှာ ကြီးပြင်းခဲ့သူပါ မိုးသက်

'ဒါကို ရိပ်စားမိတယ်၊ အဲဒီလောက်ထိတော့ ကျွ
လူကဲခတ်မညံ့ဘူး၊ ပြီးတော့ ကျွန်မကိုလည်း ရှင်တွေ့ဖူးကြုံဖူး
မိန်းမတွေနဲ့ တစ်တန်းတည်းမထားဖို့ သတိပေးထားချင်
တယ်'

သူမ၏စကားလုံးတွေအောက်မှာတော့ ရဲရင့်ဇော်
ငယ်လေးဖြစ်နေ၏။

'ဟုတ်ကဲ့… ကျွန်တော့်အသက် ၂၄ နှစ်၊ အင်ဂျင်နီ
တစ်ယောက် မဖြစ်ခင်ကတည်းက ဖခင်ဖြစ်သူရဲ့ ဆောက်
ရေးကုမ္ပဏီမှာ အမှုဆောင်ဒါရိုက်တာ တစ်ယောက်ပါ၊ အင်
နီယာဘွဲ့ရပြီး ကုမ္ပဏီရဲ့ လုပ်ငန်းတော်တော်များများကို ဦးစီး





ယူကိုင်နေတဲ့သူပါ မိုးသက်ဝေ'

ကြားရသော စကားများကြောင့်ပင် မြတ်နိုးဖြူအတွက်
သာမိသည်။ မင်းသွေးနေရာမှာ ရဲရင့်ဇော်အား အစားထိုးဖို့
ယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားရုံသာရှိတော့၏။

ဒီလို သူများချစ်ခြင်းကို အကျိုးဆောင်မှ သူမနှင့် ကိုလှ
တို့အတွက် ကံကောင်းစေမည်ဟု တွေးဖြစ်သည်။

'ရှင်နဲ့ စကားပြောတာ ဆယ့်ငါးမိနစ်တောင် စွန်းချင်နေ
ပြီ ရှင့်ဘာသာရှင် သံယောဇဉ်လာတွယ်တာနော်၊ ဒီတော့ ကျွန်မ
က ထပ်ပြီး စည်းကမ်းချက်တွေ ဖြည့်စွက်ချင်တယ်'

'တတ်နိုင်သရွေ့တော့ အလိုကျ အလိုက်ဆောင်ဖို့
သင့်ပါပဲ မိုးသက်ဝေ'

လူ့ဝင်စား ဟန်ဆောင်ရပေမယ့် ရဲရင့်ဇော်၏ သိမ်မွေ့
ခြင်းတွေအပေါ်မှာတော့ သာယာချင်သလို ဖြစ်မိ၏။ သူမအနေ
နှင့် ဒီလိုခံစားမှုမျိုးဖြစ်ရင် မိုးသက်ဝေလည်း ရဲရင့်ဇော်အား
ငြိသွားမှာ သေချာသည်။

မင်းသွေးနှင့် ရဲရင့်ဇော်တို့မှာ မိုးနှင့်မြေပမာပင်။

'ကျွန်မနဲ့ လူချင်းဆုံဖို့ မတောင်းဆိုရဘူး၊ တွေ့သင့်တဲ့
နေ့ကို ကျွန်မ ပြောမယ်၊ လမ်းမှာ အမှတ်တမဲ့ ဆုံဖြစ်ရင်
ကောင် အခေါ်အပြော အနှုတ်အဆက် မလုပ်ရဘူး၊ အဓိက
အားဖြစ်ချင်တာကတော့ ကျွန်မဆိုင်ကို ရှင် လုံးဝမလာပါနဲ့
ပြောထားတဲ့ စည်းကမ်းတွေကို ဖောက်ဖျက်တာနဲ့ စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရနေတာတွေ လုံးဝရပ်ဆိုင်းလိုက်မယ်၊ ဒါပါပဲ’

တားမြစ်ချက်တွေကို ပြဋ္ဌာန်းပေးပြီးသည်နှင့် ထုံး
အတိုင်း သူမဘက်မှဦးအောင် ဖုန်းချပစ်လိုက်သည်။

မြတ်နိုးဖြူ ကောင်းစားဖို့ စိတ်ရောကိုယ်ပါ သရ
ဆောင်မိသည်။ မြတ်နိုးဖြူမှာ ရဲရင့်ဇော်လို လူမျိုးနှင့်သာ ထိုက်
တန်သည်ဟုလည်း အခါခါတွေးရင်း ကျေနပ်နေမိပြန်သည်လေ

✠ ✠ ✠



၂။

ရဲရင့်ဇော်ဆိုသောပုဂ္ဂိုလ်ကို မင်းသွေးဆိုသော လူမိုက်
အလေးက အဖက်ဖက် ယှဉ်နိုင်စွမ်းရှိမည်မထင်။ သူမကသာ
ရဲရင့်ဇော်နှင့် ပတ်သက်ပြီး မြတ်နိုးဖြူအား စည်းရုံးနိုင်ဖို့လို
သည်။

ဒါကလည်း အရမ်းခက်ခက်ခဲခဲတော့ မဟုတ်။

လူချင်းပေးမတွေ့သေးဘဲ သေချာအောင် စကားဖြင့်
ချည်ရမည်။ ပြီးတော့ ရဲရင့်ဇော်နှင့် ပတ်သက်ပြီးတော့လည်း
ဖြည်းဖြည်းချင်း မြတ်နိုးဖြူအား သိမ်းသွင်းရပေဦးမည်။

ဒီဇာတ်ကို သူမကိုယ်တိုင်ရေး၊ သူမကိုယ်တိုင် ဇာတ်
ညွှန်းခဲ့ပြီး အခန်းမှာ မြတ်နိုးဖြူတို့ ပျော်ရွှင်စွာ ပေါင်းကြလေ
သတည်းဟု ဒါရိုက်တာလုပ်ပေးရမည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့… မိုးသက်ဝေ၊ ဖုန်းနားမှာထိုင်ပြီး ဘာတွေ တွေးလို့ ငေးနေရတာတုန်း၊ ဆိုင်မှာထိုင်ပြီး ဒီလို ငူငူငိုင်ငိုင်ဖြစ်တာ တစ်ခါမှ မတွေ့ဖူး မမြင်ဖူးပါဘူး'

တစ်နာရီထိုးဖို့ မိနစ်အနည်းငယ်လို၍ စောင့်ဆိုင်းနေတုန်းမှာပင် မြတ်နိုးဖြူတစ်ယောက် ရောက်လာတော့သည်။

'နင့်ဟန်းဖုန်းကို ဆက်တာလည်း မရဘူး၊ နင်လည်း ဘာလို့ ပေါ်မလာတာလဲလို့ ထိုင်ပြီး တွေးနေဖြစ်တာ မြတ်နိုးဖြူ'

မုသားမကင်းစွာဖြင့် စိတ်ထဲမှာပေါ်လာသည့်အတိုင်း ပြောဖြစ်သည်။ မြတ်နိုးဖြူမျက်နှာလေး ရုတ်တရက် ညိုမှောင်သွား၏။ ပေါင်းလာတာ ကြာပြီဆိုတော့ မြတ်နိုးဖြူ တစ်စုံတစ်ရာခံစားနေရပြီဆိုတာကို ချက်ချင်း ရိပ်စားမိ၏။

'နင်စားဖို့ လက်ဖက်နဲ့ ဂျင်း ရောသုတ်ထားတာ ဝင်ဝယ်လာတယ် မိုးသက်ဝေ၊ နင့်ကိုလည်း ပြောစရာရှိတယ်'

မင်းသွေးနှင့် ပတ်သက်သော စိတ်ပျက်စရာဆိုတာကို သိလိုက်သည်။ စကားပြောနေစဉ်မှာပင် ဖုန်းမြည်သံကြောင့် နာရီကိုလှမ်းကြည့်ဖြစ်သည်။ နာရီလက်တံရှည်သည် တစ်နာရီတိတိကို ညွှန်ပြနေ၏။

'မိုးသက်ဝေ'

မြတ်နိုးဖြူအား ဆိတ်ဆိတ်နေရန် အမူအရာပြပြီး ဖုန်းကောက်ကိုင်လိုက်သည်နှင့် ရဲရင့်ဖော်၏အသံကို ကြားလိုက်ရသည်။





'ဒီနေ့တော့ ငါးမိနစ်ပဲ အချိန်ရမှာနော်'

'ငါးစက္ကန့်ဆိုလည်း ကျေနပ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မိုးသက်ဝေရဲ့ မျက်နှာကို တို့ မြင်လိုက်တွေ့လိုက်ရလို့ပဲ'

ဘုရားမတာဖြစ်အောင် မနည်းထိန်းလိုက်ရသည်။ လမ်း… မိုးသက်ဝေနှင့် ဆုံဖြစ်တာ သေချာနေပြီ။

'ရှင် ဘယ်လိုလုပ်ပြီး တွေ့တာတုန်း၊ ပြီးတော့ ရှင်ဘယ်ကနေဆက်နေတာလဲ'

မြတ်နိုးဖြူနောက်မှနေ နောက်ယောင်ခံလိုက်ကြည့်ရင်…တော့ တကယ့်ပြဿနာပဲဟု စိတ်ပူမိသည်။ လမ်းမဘေးမှာရှိ…သော ဆိုင်ကို အပြင်မှ ရှင်းရှင်းလင်းလင်း မြင်နိုင်သည်ပဲ။

'ကိစ္စရှိလို့ ကျွန်တော် အပြင်ရောက်နေဖြစ်တယ်၊ …သက်ဝေတို့ ဆိုင်ရှေ့ရောက်တဲ့အချိန်ဟာ တစ်နာရီထွက်တိ…အောင် ကားကို ချိန်မောင်းမယ်လို့ စိတ်ကူးနေတုန်းမှာ လက်…သုတ်ဆိုင်ထဲက ထွက်ပြီး ကားပေါ်တက်လိုက်တဲ့ မိုးသက်…ကို မြင်လိုက်ရတယ်လေ'

'ရှင် အခုဘယ်မှာလဲ'

'အခု မီးပွိုင့်မိနေတယ်၊ ခဏဆိုရင် ဆိုင်ရှေ့ကနေ…ဖြတ်မယ်'

ဒီတိုင်း ဖုန်းဆက်ကိုင်ထားလို့ မဖြစ်တော့ပေ။

'နောက်တစ်ခါ ဖုန်းဆက်ရင် အခုလိုမျိုး မဖြစ်စေနဲ့'

တားမြစ်ချက်တစ်ခု ထပ်ထုတ်ပြီး ဖုန်းကို ချပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲရင့်ဇော်ကားအဖြတ်မှာ မြတ်နိုးဖြူအား ပီပီသသ
တွေ့အောင် လုပ်မိသည်။

'မြတ်နိုးဖြူရေ... တစ်ဆိတ်လောက် ငါပြော
အတိုင်း နှစ်မိနစ် သုံးမိနစ်လောက် ဟိုရှေ့နား ထွက်ရပ်လို
ပါဟာ'

'ဘာသဘောလဲ'

'လာစမ်းပါ... သွားလိုက်စမ်းပါ၊ ပြီးရင် ငါ ပြော
မယ်'

မြတ်နိုးဖြူကတော့ အကြောင်းကြောင်းဖြင့် နိုင်းစေသ
အတိုင်း လူလုံးထွက်ပြပေးသည်။

လမ်းမပေါ်မှာ ကားတွေက ဥဒဟိုသွားလာနေကြ
ထိုအထဲတွင် ရဲရင့်ဇော်မောင်းသော ကားလည်း ပါမှာသေချာ

ကားမောင်းနေရင်း မြတ်နိုးဖြူ ထွက်ရပ်ပြတာကိုလည်း
ရဲရင့်ဇော် မြင်မှာ သေချာ၏။ မြတ်နိုးဖြူကတော့ ဘာဆိုဘာ
သိရှာမှာမဟုတ်ပေ။

✠ ✠ ✠

သီးသန့်နားနေခန်းမှာ လက်ဖက်သုတ်ကို အားပါးတ
စားသည်။

မြတ်နိုးဖြူကတော့ တို့ကနန်း ဆိတ်ကနန်းဖြင့် အား
ချင်စရာမရှိပေ။





'နင့်ပုံစံက အရမ်းကို ရင်ဖွင့်ချင်တဲ့ လက္ခဏာပြနေ
တယ်၊ မင်းသွေးနဲ့ပတ်သက်တာ မဟုတ်လား၊ ပြောစရာရှိတာကို
အကုန်ပြော၊ လက်ဖက်သုတ်စားရင်း ငါနားထောင်ပေးမယ်'

'မင်းသွေးမွေးနေ့မှာ ဖြစ်ပျက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး
နင်သိပြီးသားပါ။ ဒီတစ်ခါတော့ ငါ တော်တော်လေး စိတ်ပျက်
သွားမိတယ် မိုးသက်ဝေ၊ အခုဆိုရင် သူ့ဆက်မှာရော သူ့မာမီ
ဆက်မှာရောစိုးလို့ ငါ့ဟန်းဖုန်းကို လုံးဝမသုံးဘဲ ပစ်ထားလိုက်
ပြီ၊ ဒါကြောင့် နင်လှမ်းဆက်လို့မရတာပေါ့'

ဟိုးအရင်အရင်များတုန်းက မင်းသွေးနှင့် ပြဿနာဖြစ်
လေတိုင်း နင် စိတ်မပျက်ဘူးလားဟု အတင်းမေးသောအခါမှ
သူမ စိတ်ကျေနပ်အောင် ဝမ်းထဲကမပါဘဲ မြတ်နိုးဖြူ ပြောတတ်
ခဲ့၏။

ဒီတစ်ကြိမ်မှာတော့ မည်သူတစ်ဦးတစ်ယောက်၏
တိုက်တွန်းမှုမှ မပါဘဲ မြတ်နိုးဖြူကိုယ်တိုင် အန်ထွက်လို့လာ
သည်။ ဖုန်းအဆက်အသွယ်ကိုပင် လုံးဝ ဖြတ်တောက်ထား
လေ၏။

'သေချာရဲ့လား မြတ်နိုးဖြူ၊ နင် ဒီလိုပြောပေါင်း များခဲ့
တာ မဟုတ်လား'

'ဒီတစ်ခါတော့ ငါကိုယ်တိုင်ကိုက မင်းသွေးကို စိတ်
ကုန်သွားခဲ့တာ မိုးသက်ဝေ'

အပြင်မှာ မိုးရိပ်လေရိပ်တွေ ဆင်နေသလို မြတ်နိုးဖြူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမှာ သောကအရိပ်တွေ အုံ့ဆိုင်းနေ၏။

'နင် ဒီလိုဖြစ်သင့်တာ အခုမှမဟုတ်ဘူး၊ ကြာခဲ့ပြီပဲ မြတ်နိုးဖြူ၊ ဒါပေမဲ့ နောက်တော့ မကျသေးပါဘူး'

'ငါ မေမေတို့ သွားစေချင်တဲ့ နိုင်ငံခြားကို ထွက်သွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ နင်ပေးထားတဲ့ ရက်မပြည့်ခင် ငါသွားဖို့ သေချာတယ်၊ ကိုကိုနဲ့ မေမေတို့ကိုလည်း အားလုံးစီစဉ်ဖို့ ဒီနေ့ပဲ ပြောခဲ့ပြီးပြီ မိုးသက်ဝေ'

'ဘာလဲ… နင့်စိတ်ကို နင် မနိုင်လို့ ဒီလို အလော သုံးဆယ် ဆုံးဖြတ်တာလား၊ နင့်စိတ်ထဲက မပတ်သက်ချင်ရင် ပြီးတာပါပဲ၊ ငါရယ် နင့်အိမ်က လူတွေရယ် သွားစေချင်တုန်းက တော့ အမျိုးကြောင်းကြံဖန်ပြပြီး ဟိုရှေ့ဒီရှေ့ နင်လုပ်ခဲ့တာမဟုတ် လား'

'ငါခွင့်တောင်းခဲ့တဲ့ အချိန်အထိ စောင့်စရာမှ မလိုတော့ဘဲ မိုးသက်ဝေရယ်'

အပြင့်မှာ မိုးတွေ တအုန်းအုန်း ရွာချ၏။ မိုးလေစိမ့်စိမ့် ကြားမှာပင် မြတ်နိုးဖြူ၏ စကားသံများမှာ ဆွေးမြေ့ချင်စရာ ကောင်းလှသည်။ မိုးကြောင့်ပင် ဖော်မစုံသောသူတို့ အတွေးဖြင့် ချမ်းသလို အတွေးဖြင့် လွမ်းကြသည်တဲ့။

'မင်းသွေးကို သံယောဇဉ်ပြတ်ချင်တာ တစ်ခုတည်းနဲ့ ငါတို့ရဲ့ သံယောဇဉ်တွေကို အစိမ်းခွဲခွဲပြီး နင်ထွက်သွားရက် တယ်ပေါ့၊ ဟုတ်လား'





အစကတည်းကိုက မြတ်နိုးဖြူ နိုင်ငံခြားသို့ ပို့ခံရမည် သောကြောင့် အချိန်ဆွဲသည်ကို သူမဘက်က လက်ခံကြည်ဖြူ သည်။

အရင်ကတည်းက မြတ်နိုးဖြူအား မသွားစေချင်ပေ။ အခုအခြေအနေမှာ ပိုလို့ မသွားစေချင်သေး၏။ မြတ်နိုးဖြူ၏ ကြေကွဲစိတ်ပျက်နေသော နှလုံးသားကို ကုစားဖို့ ရဲရင့်ဖော်တစ် ယောက်ကို ဖန်တီးမိပြီးသားဖြစ်နေသည်ပဲ။

'အခြေအနေကြောင့်ပါ မိုးသက်ဝေရယ်၊ ငါ့ကို နားလည်ပေးစမ်းပါ'

'မရဘူး၊ နင် လုံးဝမသွားရဘူး၊ နင့်အတွက် ရဲရင့်ဖော် ရှိတယ်၊ နင့်စိတ်တွေအားလုံး ပုံစံပြောင်းသွားအောင် သူက ဖန်တီးနိုင်လိမ့်မယ်လို့ ငါ လုံးဝယုံကြည်ထားတယ်၊ နင့်ကို သူ အရမ်းချစ်မြတ်နိုးနေတာ မြတ်နိုးဖြူ၊ ဒီနေ့ နင်ဆိုင်ကို ရောက်ခင် လက်ဖက်သုတ်ဝယ်ပြီး ပြန်အထွက်မှာ သူတွေ့လိုက် တယ်တဲ့၊ ငါတို့ဆိုင်ဆီရောက်အောင် ကားမောင်းရင်းက ဖုန်း လှမ်းဆက်လိုက်တာလေ၊ နင့်ကိုထွက်ပြီး လှူလုံးပြခိုင်းတာ၊ ရဲရင့် ဖော် လှမ်းကြည့်တဲ့အခါ တွေ့နိုင်အောင်လို့လေ၊ နင်ဟာ ရဲရင့် ဖော်ဆိုတဲ့လူနဲ့ ထိုက်တန်တဲ့ မိန်းကလေးတစ်ယောက်ပါ မြတ်နိုး ဖြူရာ'

'ငါ့ဘဲ့သာငါ စိတ်ညစ်ရတဲ့အထဲ မိုးသက်ဝေရယ်၊ ငါ့အတွက် နင်ဆက်ပြီး စိတ်အပင်ပန်းမခံနဲ့၊ ဟန်ဆောင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အပင်ပန်းဆုံးပဲလို့ နင်ပဲ အမြဲပြောနေတာမဟုတ်လား မိုးသ
ဝေ၊ နင်လည်း ဆက်ဟန်ဆောင်မနေနဲ့၊ အဲဒီလူကိုလည်း သ
သက်ဒုက္ခတွေ ပေးမနေပါနဲ့တော့ဟာ'

မင်းသွေးနှင့်ပတ်သက်ပြီး ခံစားမှုက အရှိန်မသေသေး
တော့ ဒီလို့ပဲ မြတ်နိုးဖြူ ပြောမှာ သေချာသည်။ သူမအ
ချက်ချင်းကြီး စည်းရုံးသိမ်းသွင်းဖို့ဆိုတာ မဖြစ်နိုင်ပေ။ စိတ်ရှ
ပြီး အချိန်အနည်းငယ်တော့ စောင့်ရပေဦးမည်။

အမြန်ဆုံး သူမလုပ်မည့် အရေးကြီးသောကိစ္စ ရှိနေပြီ
တခြားတော့မဟုတ်။ မြတ်နိုးဖြူကွယ်ရာမှ အိမ်ကလူတွေနှ
စကားပြောမှုဖြစ်မည်။ ဒီလိုမှမဟုတ်ရင် နိုင်ငံခြားထွက်ဖို့ကိစ္စ
ကို ခြေလှမ်းလက်လှမ်းတွေဖြစ်အောင် အမြန်စီစဉ်မှ အခက်တွေ့ရ
သည်ပဲ။

✠ ✠ ✠



၃။

ဝန်ထမ်းကောင်မလေး၏ မိခင်ဖြစ်သူ ပုဂ္ဂလိကဆေးရုံ
မှာ တင်ထားသည်ကို အကြောင်းပြပြီး ဆိုင်မှ လစ်ထွက်ဖြစ်
သည်။ ထုံးစံအတိုင်း သူမ မရှိခိုက်မှာ ဆိုင်ကိုပဲ ကြီးကြပ်ပေး
ဖို့ မြတ်နိုးဖြူအား လွှဲထားဖြစ်သည်။

ပထမတော့ မြတ်နိုးဖြူပါ လိုက်ချင်သည်ပြော၍
အခက်တွေ့ရသေးသည်။ မနည်းလှည့်ပတ်ပြောပြီး ဆိုင်မှာထားခဲ့
ရသည်။ ဆေးရုံကိုတော့ အပြန်မှ ခဏတဖြုတ် လှည့်ဝင်မည်ဟု
တွေးကာ မြတ်နိုးဖြူအိမ်သို့ တစ်ယောက်တည်းထွက်လာဖြစ်
သည်။

သူမ ကြိုတင်ပြီး ဖုန်းဆက်ထားသောကြောင့် မြတ်နိုး
ဖြူ၏ ဖေဖေ၊ မေမေနှင့် အစ်ကိုဖြစ်သူတို့ အဆင်သင့်စောင့်နေ
ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



'သမီးလေးက ဆိုင်မှာကျန်နေခဲ့တာလား မိုးသက်ဝေ

'ဟုတ်တယ် အန်တီ၊ အန်တီတို့ရဲ့ လာတွေ့တာ သူသိလို့ မကောင်းဘူးလေ'

'သမီးကတော့ အမြန်ဆုံး နိုင်ငံခြားသွားနိုင်ဖို့ အန်ကယ် တို့ကို စီစဉ်ခိုင်းနေပြီ မိုးသက်ဝေ'

မိဘမောင်ဖွားများမှာလည်း မြတ်နိုးဖြူနှင့် မင်းသွေး အရေးကိစ္စကြောင့် ခေါင်းခဲနေဖြစ်တာ နှစ်ချီခဲ့ပြီ။

'မြတ်နိုးဖြူ ပြောပြလို့ သမီးကလည်း အန်ကယ်တို့ အားချင်းလာတွေ့ရတာပါ၊ သူလောတာနဲ့ ခြေလွန်လက်လွန်တွေ ဖြစ်မှာစိုးလို့ပါ'

'အစ်ကိုတို့ အားချင်းစီစဉ်လိုက်ရင်တော့ လပိုင်း လောက်နဲ့ ညီမလေး ထွက်ဖြစ်မှာပဲ။ အမေရိကမှာလည်း ဖေဖေ့ အစ်ကိုအရင်းရှိနေတာ မဟုတ်လား'

မင်းသွေးနှင့် ဝေးရင်ပြီးရောဆိုသော စိတ်ဖြင့် နိုင်ငံရပ် ခြားသို့ ပို့ချင်နေကြသော်လည်း တကယ်တမ်း မြတ်နိုးဖြူကိုယ် တိုင် သွားတော့မည်ဆိုတော့ အားလုံးက လက်တွန့်နေကြ၏။

'အန်တီတို့ အန်ကယ်တို့က တကယ်ပဲ အမေရိကကို သွားစေချင်ကြတာလား'

'ဖြစ်နိုင်ရင်တော့ ဘယ်သွားစေချင်မှာလဲကွယ်၊ ဒီသမီး လေးပဲရှိတာ မဟုတ်လား၊ ကောင်းကောင်းဆိုးဆိုး မျက်စိအောက် မှာ ရင်အုပ်မကွာဘဲ ရှိနေစေချင်တာပေါ့'





'သမီးကိုယ်တိုင်က သွားချင်စိတ် ဖြစ်နေတုန်းမှာ ...လားလို့ပါ၊ ဒီမှာရှိနေရင် မင်းသွေးဆိုတဲ့ ကောင်လေးနဲ့ ...တ်လိုက်ဆက်လိုက်ဖြစ်နေမှာ မဟုတ်လား'

'ကျွန်တော်တို့အားလုံး ဒီထက်ကောင်းတဲ့ အစီအစဉ် ...ခုကို ဝိုင်းပြီး စဉ်းစားကြရင် မကောင်းဘူးလား ဖေဖေ'

အားလုံးကိုတော့ ခက်ခက်ခဲခဲ စည်းရုံးစရာ မလိုတော့ ...။ အားလုံး၏ရင်ထဲမှာတော့ သူမလိုပင် မြတ်နိုးဖြူအား ...ခြားမြေခြားသို့ မသွားစေချင်တာ သေချာနေ၏။

'မြတ်နိုးဖြူနဲ့ ပတ်သက်ပြီး ကျွန်မ လက်တွေ့ကြိုးစား ...တဲ့ ကိစ္စတစ်ခုရှိတယ်'

'မိုးသက်ဝေက ညီအစ်မလို သူငယ်ချင်းလို အနေနီးကြ ...ဆိုတော့ သမီးလေးရဲ့ အတွင်းစိတ်ကို ပိုသိတယ်၊ ပြီးတော့ အန်တီတို့ စကားထက် သမီးပြောတာဆိုတာက ပိုအောင်တာပဲ မဟုတ်လား'

'ဟုတ်တယ်... မိုးသက်ဝေ ဘယ်လိုတွေးပြီး ဘယ်လို အစီအစဉ်ရှိတယ်ဆိုတာကို ပြောပြပါလား၊ ဒီချာတိတ်နဲ့ အဆင် ပြေဘူးဆိုတာမျိုးလောက်ပဲ အစ်ကိုတို့က အပေါ်ယံသဘောမျိုး သိထားကြတာလေ'

အမေတွေ့ အစ်ကိုတွေရှေ့မှာ မြတ်နိုးဖြူနှင့် ရဲရင့်ဇော် ...ကိစ္စကို ပြောရမှာ မျက်နှာပူမိသည်။ ဒီအခြေအနေရောက်လာမှ ...ရှေ့မျက်နှာနောက်ထားပြီး ပြောပြလိုက်ရသာရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'အန်ကယ်တို့ကို ဒီစကားမျိုး ပြောရတာ နားနဲ့မနာ ဖဝါးနဲ့နာပါလို့ ကျွန်မ ကြိုတင်တောင်းပန်ချင်ပါတယ်'

'ပြောမှာသာ ပြောပြစမ်းပါ မိုးသက်ဝေရယ်၊ ငါတို့တွေက မိသားစုတွေလို ဖြစ်နေကြတာပဲ မဟုတ်လား၊ စကားကုန်ပြောပြီး ဆွေးနွေးတိုင်ပင်ကြမှ ရလဒ်ကောင်းတစ်ခု ထွက်လာမှာမဟုတ်လား'

သူမပြောမည့် စကားအတွက် အစ်ကိုစိုးမြတ်က လူငယ်ပီပီ မျှော်လင့်တကြီး ဖြစ်နေသည်။ ချက်ချင်းဆိုသလို စိုးရွံ့စိတ်၊ မျက်နှာမှုသည့်စိတ်တွေ လွင့်စင်သွားသည်။

'ဒီလိုပါ... မြတ်နိုးဖြူ၊ ကျွန်မရဲ့ဆိုင်ကို မကြာခဏလာတတ်တာ အန်ကယ်တို့ အသိပါပဲ၊ ဒီလိုသွားရင်း လာရင်းကပဲ မြတ်နိုးဖြူအပေါ် အရမ်းချစ်ခင် စုံမက်ရှာတဲ့ လူတစ်ယောက် ပေါ်လာခဲ့ပါတယ်၊ ဒါကို မြတ်နိုးဖြူလည်းသိနေတယ်'

'ဟုတ်လား သမီး၊ အဲဒီလူရဲ့ အခြေအနေကတော့ ဘယ်လိုမျိုးရှိလဲ သမီး'

'ကျွန်မကတော့ ကိုရဲရင့်ဇော်နဲ့ မြတ်နိုးဖြူကို ဖြစ်စေချင်တယ်၊ နီးစပ်စေချင်တာ အမှန်ပဲ အန်တီ'

'နေပါဦး မိုးသက်ဝေ၊ ညီမလေးက မင်းသွေးအပေါ် သံယောဇဉ်မပြတ်ဖြစ်နေတာ၊ ရဲရင့်ဇော်ဆိုတာကို စိတ်ဝင်စားနိုင်ပါ့မလား'

'ဒီလိုရှိပါတယ် အစ်ကိုစိုးမြတ်၊ ကိုရဲရင့်ဇော်က အင်ဂျင်





...သာ၊ ပြီးတော့ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင် တစ်ဦးပါ၊ ...သက်အရွယ်ကလည်း ကျွန်မတို့ထက် နှစ်နှစ်ပဲကြီးတယ်၊ ...တော့ ဆွေကြီးမျိုးကြီးထဲကပါပဲ၊ ရုပ်ရည်ကလည်း အပြစ်ပြောစရာမရှိသလို တည်ကြည်ခံ့ညားတဲ့ *ယောကျ်ားကောင်းတစ်ယောက်ပါ၊ ဒီတစ်ခါတော့ မင်းသွေးအပေါ် မြတ်နိုးဖြူ တကယ်...ကုန်သွားတာ၊ ဒါကြောင့်မို့လည်း သူကိုယ်တိုင် အမေရိကသွားဖို့ ပြောလာတာပေါ့၊ အခုလို အခြေအနေမှာ ကျွန်မကလည်း ...ရဲရင့်ဇော်ဆီ တစ်ချက်တည်း ယိုင်ကျသွားဖို့ အားလုံးကြိုတင်...ထားပြီးသားပါ'

မြတ်နိုးဖြူ ဖေဖေကတော့ ဘာမှဝင်မပြောဘဲ ကျေနပ်...သော အမူအရာဖြင့် ငြိမ်နေ၏။

'အေးကွယ်... မိုးသက်ဝေကောင်းသလိုသာ စီစဉ်ပါ...တော့၊ သမီးလေးနဲ့ ပတ်သက်ပြီး အားလုံးအပ်ထားတာ မဟုတ်...လားကွယ်'

'ညီမလေးနဲ့ပတ်သက်ပြီး အဆင့်တန်းခွဲတာမျိုး အစ်ကို...ရော ဖေဖေတို့ပါ မရှိကြပါဘူး၊ ဆင်းရဲ ဆင်းရဲ ချမ်းသာချမ်း...သာ ညီမလေး စိတ်ဒုက္ခမရောက်ဖို့ပဲ အရေးကြီးတယ်၊ မင်းသွေး...လိုကောင်မျိုးနဲ့တော့ အဖြစ်မခံနိုင်ဘူးလေ'

'ကျွန်မပြောချင်တာကတော့ ဘာမှဆက်မလုပ်ဘဲ ...တိုင်းလေးပဲ နေပေးကြပါ၊ အမေရိကသွားဖို့ကိစ္စကို သူမေးလာ...ရင်တော့ လုပ်နေကိုင်နေတုန်းပဲလို့ ပြေလိုက်ပေါ့၊ မြတ်နိုးဖြူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲရင့်ဇော်တို့ လက်ထပ်ဖြစ်တဲ့ အခြေအနေအထိ ရောက်သွ… လိမ့်မယ်လို့ ကျွန်မ ရဲရဲအာမခံရဲတယ်'

တကယ်စိတ်ရင်းမှာလည်း ဒီလိုပဲ ဖြစ်စေချင်၏။ … ကြောင့်မို့ပင် မြတ်နိုးဖြူနေရာမှာ ဟန်ဆောင်ရင်း ရဲရင့်ဇော်အ… လေ့လာအကဲခတ်နေခြင်း ဖြစ်၏။

မြတ်နိုးဖြူ၏ အိမ်သားများကို ယုံယုံကြည်ကြည်… အောင် ပိုပိုသာသာတွေ ပြောဖြစ်သည်။ တကယ်တမ်းမှာတော့ ရဲရင့်ဇော်ဆိုသောသူမှာ ဖြူသလား မည်းသလားဟု မြင်ဖူးထ… ခြင်း မရှိပေ။

✠ ✠ ✠

မြတ်နိုးဖြူကိုစွ ပြောပြီးဆိုပြီးမှ လူမမာမေးရန် ဆေး… သို့ ထွက်လာဖြစ်သည်။ ဆေးရုံနားရောက်တော့မှ လူမမာအတွက် စားစရာသောက်စရာအချို့ကို ဝယ်လိုက်သည်။

တကယ်တမ်းမှာတော့ လူမမာမေးသည့်ကိစ္စမှာ အရေး… မကြီးပေ။ တစ်ယောက်တည်း အထွက်ကောင်းအောင် အကြောင်း… ရှာခြင်းဖြစ်၏။

ဝန်ထမ်းကောင်မလေး အမေ ဆေးရုံတက်တာသိသည်… ဆေးရုံအမည်ကိုသာသိပြီး အခန်းတွေ ဘာတွေမေးမထားဖြစ်… လူနာရှင်အမည်ကိုလည်း မသိတော့ စုံစမ်းရေးဌာနမှာ အခ…





…ရတော့သည်။

'ဘယ်နေ့ကတက်တာလဲ အမေ'

'မနေ့က မနက်တက်တယ် ပြောတာပဲ၊ လူနာမည် …ဝ မသိဘူး၊ ကြည့်မြင်တိုင် ကမ်းနားလမ်းမှာနေတယ်ဆိုတာ …တော့ပဲသိတယ်'

ဝန်ထမ်းအမျိုးသမီးလေးက စိတ်ရှည်လက်ရှည် ရှာဖွေ…။ ဆေးရုံရောက်ပြီးမှ ဒီပစ္စည်းတွေနှင့် ဒီအတိုင်း လှည့်ပြန် …သွားချင်ပေ။

'ပထမထပ် အခန်း ( )ဖြစ်နိုင်တယ် အစ်မ'

လူနာမည်ကို ရွတ်ပြသော်လည်း စိမ်းနေ၍မသိ။ ကောင် …မှ လှည့်အထွက်မှာပင် မထင်မှတ်ထားဘဲ ကိုလူချောနှင့် …ဆုံစည်းဖြစ်သည်။

သူမကိုတော့ ကိုလူချောက မှတ်မိပုံမပေါ်ပေ။ လူသုံး …ဘက်နှင့် ရယ်ရယ်မောမော စကားပြောပြီး လှေကားပေါ်မှ …င်းလာသည်။

ဒီတစ်ကြိမ်မှာတော့ ကိုလူချောပုံက အသေအချာ ချိန်ပြီး …အရရိုက်ယူနိုင်လိုက်သည်။

တစ်ယောက်ချင်း ဖြစ်ခဲ့ရင် သူမကစတင်ပြီးနှုတ်ဆက် …န်လေးမိမှာမဟုတ်ပေ။ အခုတော့ ကိုလူချောမှာ အဖော် …ပေါင်းတွေပါနေတာဆိုတော့ မိန်းမသိက္ခာကို စောင့်ထိန်းလိုက် …။



www.burmeseclassic.com

www.burmeseclassic.com



'မမ ဆေးရုံလာတာလား၊ မေမေက ဒီအခန်းမှာ…

ပတ်ဝန်းကျင်ကို တကယ်ဂရုမထားဖြစ်ဘဲ ရိုက်… သောပုံကိုသာ ပြန်ကြည့်နေဖြစ်သည်။ သူမရောက်နေသ… နေရာက ပထမထပ်။ ပြီးတော့ လူနာရှိသည့်အခန်းကိုပင် … လှမ်းတွေက ကျော်လွန်နေပြီ။

'ဟုတ်တယ် အေးအေးခိုင်၊ အခန်းလည်း မမေး… လိုက်ရဘူး၊ ပြီးတော့ နာမည်လည်းမသိတော့ စမ်းတဝါးဝါး… ရတာလေ'

အေးအေးခိုင်၏ အမေ အခြေအနေကိုတောင် သေ… ချာချာ မမေးဖြစ်၊ မကြည့်ဖြစ်ပေ။ လူမမာမေးလာသော်လည်း… ဟန်းဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေဖြစ်သည်။

အခန်းထဲမှာလည်း ခဏတဖြုတ်သာနေဖြစ်သည်… လူမမာကို နှုတ်ဆက်ပြီး ပြန်ထွက်တော့ ဆေးရုံအောက်ထိ … အေးခိုင် လိုက်ပို့ပေးသည်။

'အေးအေးခိုင်… မမရိုက်ထားတဲ့ပုံကို ကြည့်ပါ…

'မမလူက လူချောပဲနော်'

ကားနားသို့ မရောက်ခင်မှာပင် အေးအေးခိုင်အား ကြ… ဖြစ်သည်။ ပြုံးနေသည့်အချိန်မှာ ရိုက်ထားနိုင်ခဲ့သည်။ အေးအေး… ခိုင် ချီးမွမ်းလည်း လွန်မည်မထင်ပေ။ ကိုလူချော၏ မျက်လုံးမျ… က ကြည့်သူ မြင်သူကို နွေးထွေးအေးမြစေသည်ပဲ။

✠ ✠ ✠



၄။

'နင် လူမမာသွားမေးတာကလည်း ကြာလိုက်တာ'

'ပဲခူးထိအောင် သွားမေးတာလား၊ နှစ်နာရီတောင် ထိုး…'

ဆိုင်သို့ပြန်ရောက်သည်နှင့် မြတ်နိုးဖြူက ဆီးပြီး အပြစ် …သည်။ ဆယ့်နှစ်နာရီခွဲ့လောက်ကတည်းက ထွက်သွား …ခြင်းဖြစ်၏။

သူမဖြစ်စေ၊ မြတ်နိုးဖြူဖြစ်စေ အပြင်သွားပြီး ပြန်လာ … စားစရာ သောက်စရာတစ်ခုခု ပါနေကျဖြစ်၏။

ကိုလူချောနှင့် ဆုံပြီး ကိုလူချောကို ကြည့်မဝ၊ ရှုမဝ …ရသည်နှင့် စားဖို့သောက်ဖို့ ဝင်ဝယ်ခဲ့ဖို့ မေ့လျော့သွားသည်။

'ဘာမှလည်း ပါမလာပါလား မိုးသက်ဝေရယ်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ စားစရာ သောက်စရာတွေထက် နှင့်ကို အ
ဆန်းကြယ်စေမယ့် လက်ဆောင်ပါလာတယ်'

'ဘယ်မှာလဲ ပြော'

'ဒီမှာကြည့်စမ်းပါဦး၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ချစ်စရာ ဘ
လောက်ကောင်းလိုက်လဲ။ ဒီတစ်ခါတော့ အလင်းအမှော
အားလုံးကောင်းတယ်၊ ပီပြင်ပြတ်သားတယ်မဟုတ်လား မြတ်
ဖြူ'

လက်ကိုင်ဖုန်းမှာ ပေါ်နေသော ကိုလှချော၏ပုံကြော
ပင် နှုတ်သီးကောင်းနေသော မြတ်နိုးဖြူတစ်ယောက် ပါး
အဟောင်းသား ဖြစ်သွားတော့သည်။

'သူရယ်နေတာကို အသေအချာ ချိန်ပြီးမှ ငါရိုက်ယူ
တာလေ မြတ်နိုးဖြူ'

'နင့်ကိုလှချောပါလား၊ ဘယ်မှာ ဘယ်လိုလုပ်ပြီး ဖြ
တွေ့ကြတာလဲ မိုးသက်ဝေ။ ဒါကြောင့်မို့ အချိန်ကြာနေတာပေ
ဟုတ်လား'

ကိုလှချော၏ပုံကိုတော့ မြတ်နိုးဖြူ ကောင်းကောင်းကြ
မှတ်မိနေ၏။ မြတ်နိုးဖြူကိုယ်တိုင် ပန်းချီဆွဲပေးခဲ့သည်ပဲ။

မြတ်နိုးဖြူကတော့ ရိုက်ထားသောဓာတ်ပုံကိုကြည့်ပြ
အထင်တွေကြီးနေပြန်၏။

'ဆေးရုံအတက်အဆင်းမှာ အမှတ်တမဲ့ဆုံတာနဲ့ ငါရိုက်
ဖြစ်တာလေ၊ ငါကသာ မြင်ရုံနဲ့ ချက်ချင်းမှတ်မိတာ၊ သူကတော





ကို အရေးလုပ်ဖော်တောင် မရပါဘူး'

'ဘယ်လို… ဘယ်လို နင်တို့ချင်း ပြန်ဆုံကြပြီး စကား
ဆုံကျွခဲ့တာမျိုး မဟုတ်ဘူးလား'

'ဟင့်အင်း'

'သူမမှတ်မိလည်း နင်ကပြောပြပြီး မိတ်မဆက်ဘူးလား
သက်ဝေ'

'လူတွေကြားထဲမှာလေ၊ တစ်ယောက်ချင်းဆုံရတာမျိုး
တ်ဘူး၊ သူ့မှာ ယောကျ်ားဖော်တွေပါတယ်ဟ'

'ဟင်… ကိုလှချောနဲ့ ပတ်သက်ပြီး ဝမ်းသာချင်တဲ့
တောင်ဘာဖြစ်သွားမှန်းမသိဘူး၊ ဒါဆို အခုထိ နာမည်လည်း
မသိရဘူး၊ ဘယ်မှာနေလို့ ဘာလုပ်တယ်ဆိုတာလည်း မသိ
ပေါ့၊ ဟုတ်လား မိုးသက်ဝေ'

'အေး'

'နင့်နေရာမှာ ငါသာဆိုရင်တော့ ကိုလှချောနောက်ကို
က်ယောင်ခံပြီး နှစ်ယောက်ချင်း မဆုံဆုံအောင် ကြိုးစားမိ
ပဲ'

ဒီတစ်ခါတော့ မြတ်နိုးဖြူ၏အတွေးက သူမထက်
လွန်သွားပြန်၏။ မြတ်နိုးဖြူ ပြောလိုက်သော စကားကြောင့်
နောင်တရမိ၏။

'အေးဟယ်… အဲဒီအချိန်မှာ နင်ပြောသလို စိတ်ကူး
ငါ ဘာလို့မပေါ်ရတာလဲ မသိဘူးနော် မြတ်နိုးဖြူ'



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ထဲမှာ မှတ်ထားပေါ့၊ နောက်တစ်ခါ နောင်တ

ရလောက်အောင် နင် မညှံ့နဲ့'

အခုအချိန်မှာတော့ မြတ်နိုးဖြူ အပြစ်တင်သမျှကို

ခေါင်းငုံ့ခံရုံသာရှိတော့၏။ ကိုယ်ရောင်ပျောက်သွားသော ကိုလူ

ချောအား ပြန်တွေ့ရသော်လည်း အခြေအနေက ဘာမှထူးခြား

မလာခဲ့ပေ။

✠ ✠ ✠

'နောက်တစ်ခါ ဒီလိုဆုံဖို့ဆိုတာ ဘယ်တော့များထဲ

မသိဘူးနော် မြတ်နိုးဖြူ'

ရင်ထဲမှာ တကယ့်ကို ဆွေးဆွေးမြေ့မြေ့ခံစားရ၍ ကိုလူ

ချောအဖို့မှာတော့ သူမလို ဝေဒနာမျိုး ခံစားနေရမည် မဟုတ်ပေ

ဒီမိုးကောင်းကင်အောက်မှာ သူမ ရှင်သန်နေတာကို ကိုလူချော

အမှတ်ရချင်မှ ရမည်ပဲလေ။

'ဒါကိုတော့ တန်ခိုးရှင်တစ်ပါးပါပဲ သိနိုင်လိမ့်မယ်

ထင်တယ် မိုးသက်ဝေ၊ နင့်အဖြစ်အပျက်က တကယ့်ကိုရိုမန်တစ်

ဆန်တယ်၊ ကြားထဲကနေ ငါတောင် ဖီလင်ဖြစ်ချင်လာပြီ'

'ဒီပုံကို သေချာကြည့်၊ နင်က မင်းသွေးဆီကနေ ခံစား

ပြီး ဆွဲလိုက်ပေမယ့် မျက်လုံးအကြည့်ရော နှာတံကျပုံပါ တူနေ

တာတွေ့လား မြတ်နိုးဖြူ'

'ကဲပါ... ထားလိုက်ပါတော့၊ နင့်ကိုလူချောကို နင်ပဲ





ဘာန်းစွဲဖြစ်ပါ၊ ငါ့ကို ပြဿနာလာမရှာနဲ့၊ ငါမေးမယ်၊

တ်ပုံနဲ့ ငါဆွဲပေးခဲ့တဲ့ ပန်းချီကားကို ဘယ်ဟာက နင့်အတွက်

အထားဆုံးဖြစ်မလဲ မိုးသက်ဝေ၊ တစ်ခုခုကိုပဲ နင်ရွေးချယ်

မယ်ဆိုရင်ပေါ့'

ကြုံကြုံဖန်ဖန် မြတ်နိုးဖြူ မေးလာသည်။

ကိုလူချောနှင့် ပတ်သက်ရာ မှန်သမျှသည် သူမအတွက်

တော့ တန်ဖိုးထားစရာများပင်။

'နှစ်ခုစလုံးကို တန်ဖိုးထားတယ်၊ တစ်ခုကိုပဲ ရွေးချယ်

ယ်ဆိုရင်တော့ နင်ဆွဲပေးတဲ့ ပန်းချီကားကိုပဲ ရွေးမှာပေါ့၊

ကိုယ်တိုင် မှန်းဆအာရုံခံစားပြီး အမှတ်တရဖြစ်အောင် ဆွဲပေး

ထားမဟုတ်လား'

'ဒါနဲ့ နေပါဦး၊ နင့်ရဲရင့်ဇော် ဖုန်းဆက်တယ် သိလား'

ရုတ်တရက်ကြီး မြတ်နိုးဖြူ ပြောလိုက်မှ ရဲရင့်ဇော်

အား သတိရဖြစ်တော့သည်။ ဆိုင်မှထွက်တော့ ဆယ့်နှစ်နာရီ

ခန့်။ ဖုန်းလာရင် ကိုင်လိုက်ပြီး ကိစ္စရှိလို့ အပြင်သွားတယ်

ပြောဖို့ မြတ်နိုးဖြူအား မှာထားဖြစ်သည်။

'ရဲရင့်ဇော်၏အသံကို နင့်နားနဲ့ ဆတ်ဆတ်ကြားလိုက်

ယ်ပေါ့၊ နင့်ကို အသံနဲ့ဆွဲဆောင်နိုင်ရဲ့လား မြတ်နိုးဖြူ၊ ဘာတွေ

ပြောဖြစ်သေးလဲ'

'ထွေထွေထူးထူးတော့ မပြောဖြစ်ပါဘူး၊ နင်မှာခဲ့တဲ့

အတိုင်း ကိစ္စရှိလို့ အပြင်သွားတယ်ပဲ ပြောလိုက်တယ်၊ ပထ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒါကိုပြောပြီး အားလုံးကို ဖွင့်ပြောလိုက်ဦးမလို့ပဲ'

'ဒုက္ခပါပဲ မြတ်နိုးဖြူရယ်၊ ပြောသာပြောလိုက်ရင်တော့ ငါ့ရဲ့ မဟာစီမံကိန်းကြီး ပျက်စီးရမယ့်ကိန်းပဲ'

'တကယ်ပြောမလို့ပဲ၊ မရှိဘူးလို့ပြောတော့ သူ့ကိုဘာများ မှာသွားသေးသလဲလို့ ခယယမေးရှာတယ်။ စောစောက ဆွဲ ဆောင်မှုရှိရဲ့လားလို့ နင်မေးတယ်မဟုတ်လား၊ ငါကလည်း ဒီလို ပြောလိုက်ဖို့ပဲ မှာခဲ့တယ်လို့ပြောတော့ သူ သက်ပြင်းချပြီး ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်တဲ့အသံကို သနားသွားမိတယ်။ ဒါနဲ့ပဲ ငါပြောချင်တာတွေ မပြောဖြစ်လိုက်ဘူး'

'တော်ပါသေးရဲ့… အဲဒါ နင့်ကို ငါအမှတ်နဲ့ သူခံစား နေရတာပဲ၊ ငါနဲ့က လူချင်းဆုံဖူးတာ မဟုတ်ဘူး၊ အသံချင်းသာ ရင်းနှင့်နေရာက ဝင်ပြီး ရင်းနှီးနေတာ၊ နင့်ကို သူက မြင်ဖူးတွေ့ ဖူးပြီး စွဲစွဲလမ်းလမ်းဖြစ်နေတာလေ'

'ဒီအထိတော့ ငါလက်ခံလို့ရတယ်၊ ဒီနောက်ပိုင်း အဖြစ် အပျက်တွေကတော့ နင့်ဘာသာနင် ဖန်တီးယူတာပဲ၊ ငါနဲ့မဆိုင် ဘူးလေ။ ငါလည်း သူ့ကို မြင်ဖူးတာမှမဟုတ်တာ။ ဒီတစ်ခါပဲ ခဏတစ်ဖြုတ် သူနဲ့ စကားပြောဖူးတာလေ'

'ရဲရင့်ဇော်ဟာ ငါ့ကို နင်အမှတ်နဲ့ ပြောဆိုဆက်ဆံနေ တာကိုတော့ နင် ငြင်းလို့ လုံးဝမဖြစ်ဘူး မြတ်နိုးဖြူ၊ ငါနဲ့ ကိုလူချောတို့အဖြစ်ကို ရှိမနဲ့တစ်ဆန်တယ်လို့ နင်ပြောရင် နင်နဲ့ ရဲရင့်ဇော်တို့အဖြစ်ကလည်း ငါတို့အဖြစ်ထက် ပိုလို့တောင် ရှိမနဲ့





ဆန်နေသေးတယ် မြတ်နိုးဖြူ'

မြတ်နိုးဖြူတစ်ယောက် ရဲရင့်ဇော်နှင့် ပတ်သက်ပြီး တ်ရောကိုယ်ပါ ယိုင်ကျလာစေဖို့ အခုအချိန်မှစပြီး စည်းရုံးမှ တ်ကာကျမည်ပဲ။

ပထမဆုံး စကားပြောဖြစ်လိုက်သည်နှင့် ရဲရင့်ဇော် ပေါ်မှာ ကရုဏာဖြစ်သွားခြင်းကိုက အတိတ်နိမိတ်ကောင်း မှတ်ထင်မိသည်။

'တော်ပါပြီ မိုးသက်ဝေရာ၊ ငါ့နှလုံးသားက တစ်ခါ နာဖူးပြီးသားပါ၊ လေးညှို့သံကို နားစွန်နားဖျား ကြားရင်တောင် သွားလန့်အောင်ကို ကြောက်နေမိပါတယ်'

အခုချက်ချင်းကြီးတော့ သံယောဇဉ်မပြတ်နိုင်ဘူးဆို သာ နားလည်သည်။ မင်းသွေးပြုခဲ့သော ဒဏ်ရာဒဏ်ချက်များ မြတ်နိုးဖြူမှာ အကင်းမသေသေး။ တစ်ရက်ပြီးတစ်ရက်တော့ ည်းဖြည်းချင်း သိမ်းသွင်းရမည်လေ။

www.burmeseclassic.com

www.burmeseclassic.com



၅။

မင်းသွေးနှင့်ပတ်သက်ခဲ့သော မြတ်နိုးဖြူ၏ နှလုံးသားမှာ အထုခံပေနယ် ကျင့်သားရနေပြီဟု ထင်မိသည်။ တူဘဝကို မြန်မြန်ရောက်စေချင်သော လူအများ၏ဆန္ဒကို မြတ်နိုးဖြူလည်း သိမည်ထင်၏။

ဒီတစ်ခါ မြတ်နိုးဖြူတို့ အကွဲအပြဲမှာ တစ်ဘဝစာဖြစ်ဖို့ များနေပြီ။ မြတ်နိုးဖြူနှုတ်မှ 'မင်းသွေး'ဆိုသောအသံကို လုံးဝမပြော မဆိုတော့ပေ။

ချစ်သူဆိုးဘဝမှာပင် အထုံရေစက်၊ အတုံ့အလှည့်ဝဋ်ကြွေးက ကုန်ဆုံးသွားပုံရသည်။ သူမရော ပတ်သက်သူတွေအားလုံးကပါ မြတ်နိုးဖြူအား လင်ဆိုးမယားအဖြစ်ကို မမြင်ချင်မရောက်စေချင်ကြပေ။





မြတ်နိုးဖြူအတွက် ပါရမီဖြည့်ပေးရင်းကပင် နှေးလယ်တစ်နာရီဆိုသော အချိန်မှာ သူမအဖို့ အရေးကြီးသော စောင့်ဆိုင်းမှုတစ်ခု ဖြစ်နေတော့၏။

'ဟဲ့…ဒါကဘယ်သွားဦးမလို့တုန်း၊ ဆိုင်မှာ ဒီလောက်ထယ်သူတွေကျနေတာ နင်အမြင်ပဲ၊ ကောင်တာမှာ ဘယ်သူမှ မရှိရင်လည်း ဖြစ်တာပဲဥစ္စာ'

'မဟုတ်ဘူးလေ မြတ်နိုးဖြူ၊ တစ်နာရီထိုးလုဖြစ်နေပြီ၊ နင့်ရဲ့ ရဲရင့်ဖော် ဖုန်းဆက်လာတော့မယ်၊ ဖုန်းနားမှာရှိနေမှ ဖြစ်မှာပေါ့'

'မပြောလိုက်ချင်ဘူး၊ ငါ့အတွက်နဲ့ အကြောင်းပြပြီး ရဲရင့်ဖော်ရဲ့ ကရုဏာဖြစ်ချင်စရာ အသံလေးကို တစ်နေ့မကြားရ မနေနိုင်အောင် နင်ဖြစ်နေတာ မဟုတ်လား၊ ကိုယ့်အလုပ်ကိုယ့်စီးပွားရေးကိုတောင် အလေးမထားဘဲ မျက်နှာလွှဲ ခဲပစ်ထားနေပြီပေါ့၊ ဟုတ်လား မိုးသက်ဝေ'

'နင် တမင်နာအောင် ဒေါသဖြစ်အောင်ပြောလည်း ငါကတော့ ရဲရင့်ဖော်နဲ့ ဖုန်းမပြောဘဲ နေမှာမဟုတ်ဘူး'

သူမ၏ လျှို့ဝှက်အကြံအစည်နှင့် စေတနာများကို ထားနေသောအခါ မြတ်နိုးဖြူတစ်ယောက် အလိုလို နားလည်သွားပေလိမ့်မည်။

'ငါနဲ့ပတ်သက်တာဆိုတော့ ငါပဲသွားပြောလိုက်မယ်၊ မိုးသက်ဝေ အလုပ်မအားလို့ ဖုန်းမပြောနိုင်ပါဘူးလို့၊ တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



တည်း ငါပြောလိုက်ရင် ပြည့်စုံပြီမဟုတ်လား'

မြတ်နိုးဖြူအား ဖုန်းပြောစေချင်ပေမယ့် ယုံစားလို့မဖြ
တော်ကြာ ထင်ရာမြင်ရာတွေ လျှောက်ပြောလိုက်ပါက အားယ
ကိုယ်ကျိုးနည်းတော့မည်။ တစ်နေ့မှာတော့ ပုံစံတစ်မျိုးနှင့် ရဲရ
သိသွားတာ အကြောင်းမဟုတ်။ အခုလိုအချိန်မျိုးမှာတော့ လုံး
အသိခံလို့မဖြစ်သေးပေ။

'နင် ပေါက်ကရတွေပြောတော့မယ်ဆိုတာ ငါသိတယ်
မြတ်နိုးဖြူ၊ နင် အေးအေးဆေးဆေးနေခဲ့၊ ရောင်းစရာရှိတာ
ရောင်း၊ ပစ္စည်းပြစရာရှိတာ ပြရင်းကျန်ခဲ့'

မြတ်နိုးဖြူအား အပြတ်ပြောပြီး ဖုန်းရှိရာသို့ လျှောက်
လာဖြစ်သည်။ ဆိုင်ထဲမှာတော့ တစ်ယောက်မှ အနားမနေရ
အောင်ကိုပင် ဝယ်သူတွေကျနေ၏။

သူမ ဖုန်းနားသို့ရောက်သွားချိန်မှာတော့ တစ်နာရီတိတ်
ထိုးပြီး ဖုန်းမြည်သံ ထွက်ပေါ်လာသည်။

ရဲရင့်ဇော်အတွက်လည်း တစ်နာရီဆိုသောအချိန်က
နေ့တိုင်းလိုလို အရေးပါနေမှာ သေချာနေသည်ဟု ကိုယ်ချင်းစာ
ဖြစ်ပြန်၏။

'ကဲ... ရှင် ဘာတွေပြောမှာလဲ'

စကားပြောခွက်ကို ကောက်ကိုင်ပြီး ဦးအောင်ပြောလိုက်
မိသည်။

ရယ်သံကို သဲ့သဲ့ကြားရသည်။





'ရှင် ဘာရယ်တာလဲ'

'ကျွန်တော့်ထက် ဦးသွားတာရယ်၊ ပြီးတော့ ဒီအဖြစ်
းကို အရမ်းကြည်နူးမှုဖြစ်သွားလို့ပါ၊ ရှောင်တဲ့သဘောမျိုး
တ်ပါဘူး၊ ဒီနေ့က ကျွန်တော်တို့ချင်း ဆုံတာရယ်၊ စကား
ဖြစ်တဲ့ ဆယ်ကြိမ်မြောက်၊ ဆယ်ရက်မြောက်တဲ့နေ့လေ၊
ယ့်ကို အမှတ်တရပါပဲဗျာ'

'ပြောချင်တာတွေပြောနော်၊ ငါးမိနစ်ပဲအချိန်ရမှာ၊ ဆိုင်
လူတွေကျနေတယ်'

'ဟုတ်လား၊ အရမ်းနှမြောလိုက်တာ၊ ကျွန်တော်လည်း
မ်းကို အလုပ်တွေရှုပ်နေတာ၊ မိုးသက်ဝေနဲ့ စကားပြောလိုက်
တာ၊ စိတ်ထဲမှာ လေးလံနေသမျှတွေ တကယ့်ကို ပေါ့ပါးသွား
တာပါပဲ'

'ခဏလေး မိုးသက်ဝေ၊ ပြောစရာရှိသေးလို့ပါ၊ နောက်
ငါးမိနစ်လောက်ကြာရင် ကျွန်တော် လွှတ်လိုက်တဲ့လူတစ်
က် ရောက်လာပါလိမ့်မယ်'

'ဘာအတွက်လဲ၊ ကျွန်မ ခွင့်မပြုဘဲ ရှုပ်ရှုပ်ယှက်ယှက်
နော်'

'တခြားမဟုတ်ပါဘူး၊ ဆယ်ရက်မြောက် အထိမ်း
တ်အနေနဲ့ အလှမွေးငါးနှစ်ကောင်ကို အမှတ်တရပေးတဲ့
ဘောပါ၊ လက်ခံနော်၊ ရွှေငါးလေးနှစ်ကောင်ကို ကျွန်တော့်
ယ်စား မိုးသက်ဝေရဲ့ အနားမှာ နေခွင့်ပေးပါနော်'



www.burmeseclassic.com

www.burmeseclassic.com



သူမနေရာမှာ မြတ်နိုးဖြူသာဆိုရင်တော့ ဘယ်လော ကောင်းလိုက်မလဲဟု စိတ်ထဲမှာ ကြည်နူးရင်းက တမ်းတ သေးသည်။

'ဒါပဲ မဟုတ်လား'

ငြင်းပယ်သည်၊ လက်ခံသည်ဟုအဖြေမပေးဘဲ ဦးအေ ဖုန်းချပစ်လိုက်သည်။

ရဲရင့်ဇော် စကားအတိုင်းပင် ဆယ့်ငါးမိနစ်လော အကြာမှာ ရွှေငါးနှစ်ကောင်ကို အပို့လွှတ်လိုက်သော သူ ရော လာမှာ သေချာ၏။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲဟု အောက်မေ့မိသေးသည် မြတ်နိုးဖြူတို့ချင်းက ဒီဘဝမှာ ပေါင်းဖို့ အထုံရေစက်ရှိခဲ့မှ ရသည်။

ဘာဖြစ်လို့လဲဆိုတော့ မြတ်နိုးဖြူတစ်ယောက် ငါးေ တွေကို ချစ်တယ်၊ မွေးတတ်၊ ဂရုစိုက်တတ်တာကို ရဲရင့် စိတ်ထဲက အလိုလိုသိနေသည်ပဲလေ။

✠ ✠ ✠



ကောင်းကင်မှာ ခပ်အုံ့အုံ့။ အပြင်မှာ မိုးဖွဲဖွဲလေးကျ နေသည်။ မိုးအေးအေးမှာ ကိုလူချောအား သတိရဖြစ်သည်။ ကိုလူချောအကြောင်း ပြောမနေတော့ဘဲ ရဲရင့်ဇော်နှင့် ပတ်သက် တာကို မြတ်နိုးဖြူအား ပြောပြလိုက်သည်။

'ရဲရင့်ဇော်နဲ့ ပတ်သက်ပြီး နင် အံ့သြလောက်အောင် ကြောင် နင့်မျက်စိရှေ့ကို ရောက်လာလိမ့်မယ် မြတ်နိုးဖြူ'

'စောစောက ဖုန်းပြောရင်းနဲ့ ဘာတွေများ ဇာတ်လမ်း ရှုပ်ပြန်ပြီလဲ မိုးသက်ဝေ၊ ဘာလဲ အဲဒီသူကိုယ်တိုင် ဆိုင်ကို ရောက်လာဖို့ နင် ဖိတ်ခေါ်လိုက်တာလား'

'သူကိုယ်တိုင်တော့ မဟုတ်ဘူး၊ ခဏလေး မြတ်နိုးဖြူ၊ ဟိုမှာလာနေပြီ'

ရွှေငါးနှစ်ကောင် ထည့်ထားသော ချစ်စရာဖန်အိုးကို အယုတယကိုင်ဆောင်ပြီး လူလတ်ပိုင်း အမျိုးသားတစ်ယောက် ဆိုင်ထဲသို့ ဝင်လာ၏။

'အဲဒါ ရဲရင့်ဇော်ဆိုတာလား'

'နင် အသာနေပါ'

အပို့လွှတ်လိုက်သောသူဆီကို လမ်းလျှောက်သွားလိုက် သည်။ မြတ်နိုးဖြူမှာလည်း အတူတူကပ်ပါလာ၏။

'ကိုရဲရင့်ဇော် လွှတ်လိုက်တဲ့လူလား'

'ဟုတ်ပါတယ်ခင်ဗျာ၊ ဒီက မမိုးသက်ဝေ ထင်ပါ တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့… ရွှေငါးလှလှလေးတွေ လက်ဆောင်ရ
အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ကိုရဲရင့်ဖော်ကို
ပေးပါနော်'

သူမအဖို့ ငါးမွေးဘူးတော့ ဒီဖန်အိုး ဘယ်လော
တန်သလဲဆိုတာလည်း မသိ။ ငါးအမျိုးအစားကိုလည်း အ
မခေါ်တတ်။ ဘယ်လောက်ကျသင့်မှန်းလည်း မသိပေ။

'ဒီငါးမျိုးက ဘာလဲဟင်၊ ဈေးတော့ကြီးမယ်ထင်တ
ဆယ်ပြီး ကြွပ်ကြွပ်ကြော်စားရင် တစ်နပ်စာပဲ'

'နင်က ငါမွေးတာ ဝါသနာမပါသလို ငါးကိုချစ်တ
တဲ့သူမဟုတ်တော့ ဒီစကားမျိုးပဲ ပြောမှာပေါ့ မိုးသက်ဝေ၊ ဒီ
ငါးမျိုးက 'Lion head' ပဲ၊ ဂျပန်နိုင်ငံမှာတော့ ရွှေငါးဘုရင်
ခေါ်ကြတယ် မိုးသက်ဝေ၊ ဈေးလည်း အရမ်းကြီးတယ်'

'နင်က တန်ဖိုးနားလည်တယ်၊ ယုယတတ်သလို
လည်းချစ်တာဆိုတော့ ရဲရင့်ဖော် လက်ဆောင်ပေးရကျိုး နပ်တ
ပေါ့၊ ဒီငါးကိစ္စကို ငါ ပါးစပ်မဟဘူး၊ သူ့စိတ်ထဲမှာ အကြိုက်
ကို အလိုလိုသိနေတဲ့သဘောပဲ၊ ဒါကြောင့် နင်အံ့ဩလော
အောင် နင့်မျက်စိကို ရောက်လာလိမ့်မယ်လို့ ငါပြောခဲ့တာပေါ့
နင်အိမ်ပြန်တဲ့အခါ ယူသွားပေတော့'

'ငါမယူချင်ပါဘူး'

'မယူလို့ ဘယ်ဖြစ်မလဲ၊ ငါလည်း ဒီငါးနှစ်ကောင်ကို
မယုယနိုင်ဘူး၊ ဂရုမစိုက်နိုင်ဘူး၊ ငါကတော့ ကြော်စားပစ်





က်ပဲ အာသီသရှိတာ၊ နင့်ကို ရည်ရွယ်ပြီးပေးတာလေ၊
ပြာတာရှိသေးတယ် မိုးသက်ဝေ၊ သူ့ကိုယ်စား နင့်နားမှာ
လေးနှစ်ကောင်က ရှိနေစေချင်တဲ့သဘောပဲတဲ့'

သူမကပဲ ခေါင်းညိတ်ချင်အောင် အပြောကောင်းခဲ့သည်
မြတ်နိုးဖြူကိုယ်တိုင်က ရဲရင့်ဖော်နှင့်ပတ်သက်ပြီး စတင်
ဘွတ်ခြင်းလား မပြောတတ်ပေ။

'ဒီလိုလုပ်ဟာ ငါလည်း အိမ်မယူသွားဘူး၊ ဆိုင်မှာပဲ
မွေးထားလိုက်ပေါ့၊ ဆိုင်ကို ငါလည်း မကြာခဏ ရောက်
တ်နေတာပဲမဟုတ်လား၊ ငါးလေးတွေ အသက်ရှင်အောင်
ဘာသာငါပဲ ယုယစောင့်ရှောက်ပေးမယ်၊ နင်ကျေနပ်တယ်
တ်လား၊ နင် ပြောလိုက်ပေါ့'

သူမ၏ စည်းရုံးသိမ်းသွင်းမှုက အောင်မြင်သည်ဟု
ရမည်။

ရဲရင့်ဖော်ကိုလည်း အရင်ထက်စာရင် မြတ်နိုးဖြူတစ်
ာက် နေရာပေးလိုက်ခြင်းပဲဟု နားလည်ဖြစ်ခဲ့၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



၆။

Lion head ခေါ် ရွှေငါးဘုရင်နှစ်ကောင် ဆိုင်မှာ
သောင့်တင်သွားတော့သည်။ ငါးနှစ်ကောင်၏ နေရေးထိုင်
အဆင်ပြေဖို့နှင့် အကျွေးအမွေးကိစ္စအဝဝကိုပါ မြတ်နိုးဖြူ
တာဝန်ယူလေ၏။ အောက်စီဂျင်ပိုက်တွေရော၊ ရေမှော်
ရောင်စုံကျောက်တုံးလေးများကိုပါ မြတ်နိုးဖြူက တစ်ခဏ
မှာ ဝယ်ပြီး အလှဆင်တော့သည်။

'မနက်ဖြန်မနက်ဆိုရင် ငါက မေမေ့အဒေါ်တွေ ရွာ
အလည်လိုက်သွားမှာ၊ နှစ်ရက် သုံးရက်လောက်ကြာတယ်၊
က စိတ်မရှည်တာရယ်၊ မေ့နေတာနဲ့ ငါးတွေ အစာငတ်ပါ
ကောင်မလေးတွေကိုမေး သေချာမေးပြီး မှာထားခဲ့ပါမယ်

ငါးကိုချစ်တတ်သော စလေ့ကြောင့် အကြောင်းကြ





လား။ ရဲရင့်ဇော်လက်ဆောင်ပေးသည်မို့ ဂရုစိုက်လွန်းနေ
ား မသိ။ မြတ်နိုးဖြူကတော့ သံယောဇဉ်ကြီးတတ်လွန်းသူ
ငါးလေးတွေ ရောက်လာမှန်း ကြိုသိခဲ့ရင် ခရီးမထွက်ပါ
ဟုလည်း ပြောသေးသည်။

ရွာကိုအလည်သွားတာ မြတ်နိုးဖြူမှာ အကြောင်းရှိ
ည်။ ရွာမှာတစ်ဆင့် ရှိးမတောတန်းတွေရှိရာကို မြတ်နိုးဖြူ
သည်။ တောင်တန်းနှင့် အုံ့မှိုင်းပြာရီနေသော မိုးကာလ ပန်းချီ
တစ်ချပ်ကို ပြီးအောင်ဆွဲမည်ဟုလည်း ပြောသေး၏။

မြတ်နိုးဖြူ နှစ်ရက် သုံးရက် ခရီးသွားနေတုန်းမှာပင်
ဇော်ဘက်က ထင်ထားသည်ထက် အချိန်စောပြီး ချစ်တယ်
သော စကားကို ပြောလာတော့သည်ပဲ။

ရဲရင့်ဇော်နှင့် ပတ်သက်ပြီး ဖြစ်စေချင်သော ဆန္ဒတွေ
သူမမှာရှိသည်။ ရက်တွေဘာတွေကိုတော့ ရဲရင့်ဇော်လို
မှတ်သားသား မရှိခဲ့ပေ။ ပြောစရာရှိတာကို ပြောဖြစ်သည်။

နေ့လယ်တစ်နာရီရောက်လေတိုင်း ဖုန်းနားမှာ အသင့်
ဖြစ်သည်။ မြတ်နိုးဖြူ ဆိုင်သို့ရောက်သောနေ့တွေမှာ ငါး
သော စကားပြောပြီး မြတ်နိုးဖြူရောက်မလာဖြစ်သော ရက်
ငါးမိနစ်ထက်ပိုပြီး စကားတွေပြောဖြစ်ကြသည်။

ဆယ်ရက်မြောက်နေ့မှစပြီး သူမလည်း အလိုလို အမှတ်
ဖြစ်ခဲ့ပြန်၏။

'ရှင့်စကားအရဆိုရင်တော့ ကျွန်မတို့ချင်း စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ ဆယ့်တစ်ကြိမ်မြောက်ရှိသွားပြီပေါ့နော်'

'ဟုတ်တယ် မိုးသက်ဝေ၊ တစ်နေ့ကုန်သွားပြီးတိုင်း[...] နောက်နေ့ နေ့လယ်တစ်နာရီကို မြန်မြန်ရောက်ပါစေလို့ အ[...] စိတ်စောနေဖြစ်တယ်'

'ရှင်ကသာ ကျွန်မနဲ့ ဆုံဖူးပြီး မှတ်မိနေတာ၊ ရှင့်မျ[...] ကိုဖြူသလား၊ မဲသလားလို့ ကျွန်မဖြင့် တွေးပြီး ပုံဖော်လို့[...] ဘူး'

'သိချင် တွေ့ချင်တယ်ဆိုရင်တော့ လူချင်းဆုံပြီး စကား[...] ပြောလိုက်ပေါ့ မိုးသက်ဝေ'

'တော်ပါပြီ… မတွေ့ချင် မသိချင်တော့ပါဘူး၊ ရှင့်အ[...] သာရှင် ကုလားပဲဖြစ်ဖြစ်၊ တရုတ်ပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်ပေ[...]'

'ကျွန်တော့် မိဘနှစ်ပါးစလုံးက မြန်မာတွေပါ[...] ကျွန်တော့်အသားအရေက ညိုတဲ့အထဲမှာလည်း မပါဘူး၊ မည်း[...] တဲ့အထဲမှာလည်း မပါဘူး'

တစ်နေ့ထက် တစ်နေ့ စကားအရာအရ ရင်းနှီးလာသည်[...] နှင့် အပြောင်အနောက်တွေပါ ပြောဖြစ်ကြသည်။ ရုပ်ရည်အ[...] အထားကို သိချင်စိတ်ဖြစ်လာသောကြောင့် အစ်မေးလိုက်သည်[...]

'ဒါဆို အသားဖြူပေါ့'

'ဟုတ်တယ်'

'မိန်းကလေးအများစုရဲ့ မျက်လုံးထဲမှာ ရှင့်ပုံက အတော်[...] ပြောစရာ၊ မေးငေါ့ချင်စရာ ဖြစ်နေတတ်လား'



'ကိုယ့်ကိုကိုယ်ဖော် မသူတော်လို့ အပြစ်တင်ပြော[...]ည်း ခံရမှာပဲ၊ မြင်ဖူးတွေ့ဖူးတဲ့ မိန်းကလေးတွေကတော့ မျက်စိ[...]ဆုံး လိုက်လိုက်ကြည့်တတ်ကြတယ်၊ ကျွန်တော်က သပ်သပ်[...]ရပ်နေတတ်တယ်လေ၊ သူတို့အမြင်မှာ စမတ်ကျတဲ့လူပေါ့'

'အဲဒီမိန်းကလေးတွေထဲမှာ ကျွန်မ မပါပါဘူးနော်၊ [...]င့်ကို ဒီနေ့အထိ ဖြူသလား မည်းသလား သိရသေးတာမှ [...]ဟုတ်တာ'

'ကျွန်တော်ကတော့လေ မိုးသက်ဝေကို စတွေ့တကည်း[...] ဓာတ်ပုံရိုက်ပြီးသိမ်းထားမိတယ်'

ရုတ်တရက်ပြောလိုက်သောစကားကြောင့်ပင် လန့်ဖျပ်[...]သွားသည်။ ကိုလူချောအား လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ယူ[...]ခြင်းအား ပြေးပြီးသတိရဖြစ်သည်။ ဒီလိုသာဆိုရင်တော့ ခုတ်[...]ထားခြား ထိရာတခြားတွေ ဖြစ်ကုန်တော့မည်။

'ရှင် ကျွန်မရဲ့ ခွင့်ပြုချက်မရဘဲ ဓာတ်ပုံခိုးရိုက်ခဲ့တယ်[...]ပေါ့ ဟုတ်လား၊ ရှင့်ကို တရားစွဲလို့ရတယ်နော်'

'စွဲချင်လည်းစွဲလေ၊ ခိုးရိုက်ခဲ့တာ မဟုတ်ပါဘူး၊ [...]ာတ်ပုံရိုက်ယူထားတာထက်တောင် ပြတ်သားနေသေးတယ်၊ [...]ွန်တော့်နှလုံးသားမှာ အဲဒီမျက်နှာလေးက ထာဝရမပျောက်[...]အောင် စွဲထင်ကျန်ရစ်တာလေ'

'တော်ပြီ…'ဟု အပြစ်တင်လေသံဖြင့်ပြောပြီး ဖုန်းချ[...]လိုက်သည်။ ဆက်ပြီးပြောဆိုနေရင် ရဲရှင့်ဖော်၏စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



က နယ်ကျွံလာတော့မည့်ပုံ ပေါ်နေ၏။

ဒီလိုနှင့်ပင် ဆယ့်တစ်ရက်မြောက်သောနေ့လေးမှာ ရှိ ခုနစ်သံများဖြင့် အလိုလို ကုန်ဆုံးသွားခဲ့ရပြန်၏။

✠ ✠ ✠

ဆယ့်နှစ်ရက်မြောက်သောနေ့မှာလည်း တမေ့တအေ ပြောဖြစ်ကြသည်။ မြတ်နိုးဖြူနှင့် ရင်းနှီးကျွမ်းဝင်စေချင်သည့် စိတ်ကြောင့်ပေါင်သည်။ သူမကိုယ်တိုင်က လိုက်လျောမှုတွေ ပေးလေတော့ ရဲရင့်ဇော်ဘက်ကလည်း ပြင်ဆင်ထားသော စည် မျဉ်းစည်းကမ်းများကို ရဲရဲဝံ့ဝံ့ဖောက်ဖျက်လာလေသည်။

'မိုးသက်ဝေရဲ့ ကိုယ်ရေးကိုယ်တာကို ကျွန်တော် နည် နည်းစပ်စုကြည့်ချင်တယ်'

'စပ်စုတာက ကျွန်မတို့ မိန်းမတွေရဲ့အလုပ်လေ၊ ဘာထဲ ရုတ်တရက် ရှင်သွေးလေဖောက်ပြန်ပြီး စိတ်ပြောင်းကိုယ်ပြောင်း ဖြစ်ချင်တဲ့သဘောလား'

'ကျွန်တော် စကားအသုံးအနှုန်းမှားသွားတာကို ဖျတ် ရယ်မပြုပါနဲ့ဗျာ'

'ဖုန်းထဲက ပြောနေကြလို့သာနော်၊ အပြင်မှာဆိုရင် တော်တော်ရယ်စရာကောင်းမှာ သိလား'

ပြောရင်းဆိုရင်းကပင် စိတ်ထဲမှာ အလိုလို ပျော်လာ မိသည်။ ရဲရင့်ဇော်ကတော့ သူမနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏





'ကျွန်တော် အတည်အတံ့ပြောဖို့ ကြိုးစားနေတာကို သဲထဲရေသွန်သလိုမျိုး မဖြစ်စေချင်ဘူး'

'သဲထဲမသွန်ချင်ရင် သံမံတလင်းပေါ် သွန်ချလိုက် လေပေါ့ရှင်'

'မိုးသက်ဝေရယ်… ပြောလေ ပိုဆိုးလေပါလား၊ ကျွန်တော် တောင်းပန်ပါတယ်၊ ရင်ထဲက ပြောချင်တဲ့စကားတွေ ကို အလေးအနက်ထားပြီး နားထောင်ပေးပါ'

'ကဲပါလေ… ကျွန်မစကား အထာအနောက်ပြီး နောက်မနေတော့ပါဘူး၊ ကဲ… ရှင် ဘာပြောမလဲ၊ ပြော… ဘာတယ့်ကို တည်ကြည်လေးနက်စွာ ကျွန်မ နားထောင်ပေးမယ်'

'မိုးသက်ဝေကို ကျွန်တော် ချစ်တယ်'

'ရှင်'

ပြောမည့်ပြောတော့လည်း ဘာကိုမှ ကွေ့ဝိုက်တင်စား နေဘဲ တည့်တည့်ပြောချလိုက်လေ၏။

'ဟုတ်တယ် မိုးသက်ဝေ'

ဟန်ဆောင်မှုမရှိသော၊ အပြစ်ကင်းသော ယောကျ်ား တစ်ယောက်၏ ချစ်ရေးဆိုမှုကြောင့် အယောင်ယောင်အမှားမှား ဖြစ်ပြီး စကားပြောခွက်ကို ချပစ်လိုက်သည်အထိ ဖြစ်ခဲ့ရ၏။

ဆယ့်နှစ်ရက်မြောက်နေ့လေးမှာလည်း ရင်မှာ ဟာတာ တာနှင့် ကုန်ဆုံးလွန်မြောက်ခဲ့ရပြန်သည်လေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်သုံးရက်မြောက်နေ့သို့ ရောက်သောအခါ ဆယ့်နှစ်ရက်နေ့၌ ဖြစ်ပျက်ခဲ့သမျှတို့မှာ သူမအဖို့ အိပ်မက်သဖွယ် ဖြစ်နေလေ၏။

သူစိမ်းယောက်ျားတစ်ယောက်နှင့် တရင်းတနှီး စကားတွေပြောသည်။ ရှတ်တရက်ကြီး ချစ်ရေးဆိုတာကို ခံခဲ့ရသည်။ တကယ်တော့ ထိုအဖြစ်အပျက်အားလုံးမှာ သူမနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိပေ။

ပို့မယ့်ပို့ ကူးတို့ရောက်အောင် ပို့၍သာ ရှိတော့သည်ပဲ။

တစ်နာရီထိုးခါနီးလေ မြတ်နိုးဖြူအတွက် သူမစိတ်ကို တည်ငြိမ်အောင်ထားရလေ ဖြစ်နေ၏။

အရင်ရက်တွေတုန်းကတော့ တစ်နာရီအထိုး ဖုန်းသံတစ်ချက်မြည်သည်နှင့် ကောက်ကိုင်ဖြစ်သည်။ ဒီနေ့ကျမှ လက်က မဝံ့မရဲ၊ လေးချက်မြောက်မြည်သံဆုံးမှ စကားပြောခွက်ကို ကောက်ကိုင်ဖြစ်သည်။

‘မိုးသက်ဝေ’

ခေါ်သူရော နားထောင်သူပါ စိုးရိမ်မကင်းဖြစ်နေကြသည်။ သူမ၏ မှတ်မထင်သက်ပြင်းချသံကို ရဲရင့်ဇော် ကြားနေရမည်ထင်၏။

‘မနေ့က ပြောဖြစ်ခဲ့တဲ့ စကားအတွက် စိတ်များဆိုးနေသလား မိုးသက်ဝေ’

‘အရွယ်ရောက်ပြီး လွတ်လပ်တဲ့ မိန်းကလေးတိုင်း အပြောခံရတဲ့စကားပဲ၊ သဘာဝပဲမဟုတ်လား၊ စိတ်ဆိုးစရာ မလိုပါဘူး’

အချစ်ဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝဖြစ်ရပ်တစ်ခုတော့ ဟုတ်မယ်မထင်ဘူး မိုးသက်ဝေ’

‘ဒါဖြင့်ရင် အချစ်ဟာ ဘာလဲလို့ ရှင် ပြောပြနိုင်လား၊ ကျွန်မကရော ချစ်တယ်လို့ ရှင်ပြောသလို ကြိမ်ဖန်များစွာ နားထောင်ခဲ့ပြီး ချစ်သူရည်းစား မရှိခဲ့ဘူးလို့ ရှင်ထင်မလား’

စကားပြောနေရင်းကပင် မင်းသွေးနှင့် ပတ်သက်ခဲ့သည်ကို ပြောပြဖို့ ကြိုးစားမိပြန်သည်။

‘အချစ်ဆိုတာ ဒီကမ္ဘာရှိနေတယ်၊ လူသားတွေရဲ့ နှလုံးသားထဲမှာ အမြဲကိန်းဝပ်နေတယ်၊ အဓိပ္ပာယ်အမျိုးမျိုးလည်း ရှိကောင်းရှိနေလိမ့်မယ် မိုးသက်ဝေ၊ ကျွန်တော် မိုးသက်ဝေကို ချစ်တယ်၊ ဒါဟာ အချစ်နဲ့ပတ်သက်ပြီး ကျွန်တော် ပြောပြနိုင်တဲ့ စကားတစ်ခွန်းပါပဲ’

‘အဲဒီ အချစ်ဆိုတဲ့ မေးခွန်းအတွက်တော့ ထားပါလေ၊ အချစ်ဆိုတာကို စကားလုံးတွေနဲ့ ကျွန်မလည်း ပြောမပြနိုင်လို့ ကိုယ်ချင်းစာပြီး နားလည်ခွင့်လွှတ်ပေးလို့ရတယ်၊’ ကျွန်မမေးခဲ့တဲ့ ဒုတိယအမေးကိုတော့ ရှင်ဖြေနိုင်လိမ့်မယ်ထင်တယ်၊ ရှင် မဖြေနိုင်ခဲ့ရင်လည်း ကျွန်မအနေနဲ့ တိတိကျကျ ပြောပြလို့ရတယ်လေ’

စကားအမှားပါမှာ စိုး၍၍လားမသိ။ ခဏလေးတော့ ရဲရင့်ဇော် ငြိမ်သွားသည်။ ပြီးမှ-

‘ကျွန်တော့်ထက် အရင်လူ ရှိကောင်းရှိနေခဲ့မှာပေါ့၊ ဒါက အရေးမကြီးပါဘူး၊ လက်ရှိမှာ မိုးသက်ဝေနှလုံးသားက







www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်သူမဲ့နေဖို့ပဲ လိုပါတယ်'

'သိပ်ကိုရှိခဲ့တယ်၊ မကြာခင်ကပဲ လမ်းခွဲဖြစ်ခဲ့တာ။ သူ့ကို ကျွန်မ အရမ်းချစ်ခဲ့မိတယ်'

'လူတစ်ယောက်ကို လေးအနက်ထားပြီး ချစ်တဲ့အတွက် ဘာမှသဝန်တိုစရာအကြောင်း မရှိပါဘူး၊ ကျွန်တော့်မှာလည်း ချစ်သူတစ်ယောက် ရှိခဲ့တာပဲ၊ အခုချိန်မှာ အရေးမကြီးတော့ပါဘူး'

'ရှင့်အတွက် အရေးမကြီးပေမယ့် ကျွန်မအတွက်တော့ အရေးကြီးတယ်၊ သူဟာ ကျွန်မထက် သုံးနှစ်ငယ်တယ်၊ ကျွန်မကို အရမ်းချစ်သလောက် အရမ်းလည်းဆိုးတဲ့ လူပေလေးတစ်ယောက်ပဲ၊ ထားပါတော့လေ… အခုချိန်မှာ စိတ်ကုန်ပြီ၊ ပြတ်ပြီလို့ အကြမ်းဖျင်း ပြောလို့ရပေမယ့် သံယောဇဉ် ကျန်နေသေးတယ်၊ ကျွန်မပြောတာတွေကို ရှင် ကြားပါတယ်နော်'

'ကျွန်တော် အလေးအနက်ထားပြီး နားထောင်နေပါတယ်'

'ဒီလို မိန်းမတစ်ယောက်ရဲ့ အချစ်ကို ရှင်က လိုချင်လို့ တောင်းခံပြီးပြီပဲ၊ ရှင် သေသေချာချာ စဉ်းစားဦးပေါ့'

ပြောချင်တာတွေက အတော်လေး ပြည့်စုံသွားပြီး နောက်ထပ် ဆက်ပြောစရာလည်း စကားက မရှိတော့ပြီ။ လိုသည်ထက်ပိုပြီး ပြောနေရင်လည်း အလိမ်က ပေါ်သွားနိုင်သည်။ ရဲရင့်ဇော်အပေါ် စကားဖြင့် အနိုင်ပိုင်းပြီး ဖုန်းချပစ်လိုက်သည်။

✠ ✠ ✠



၇။

မြတ်နိုးဖြူတစ်ယောက် ရန်ကုန်သို့ ပြန်ရောက်လာသော နေ့မှာ ရဲရင့်ဇော်နှင့် စကားပြောဖြစ်သော ဆယ့်လေးရက်မြောက်သည့်နေ့လည်း ဖြစ်သည်။

ပြီးတော့ နောက်ကြောင်းပြန်မလှည့်ဘဲ စွဲလမ်းတပ်မက်စိတ် ပြင်းနေသော ရဲရင့်ဇော်၏ နှလုံးသားကိုလည်း ပြတ်သားစွာ သိလိုက်ရသည့်နေ့လည်း ဖြစ်နေ၏။

တစ်နာရီအထိ သူမတို့နှစ်ယောက် ဖုန်းပြောတော့ မြတ်နိုးဖြူတစ်ယောက် ဆိုင်သို့ ရောက်မလာသေးပေ။

အိမ်ကိုပြန်ရောက်နေပြီဆိုတာတော့ သူမထံသို့ ဖုန်းလှမ်းဆက်၍ သိထားနှင့်သည်။

'ယောကျ်ားတွေဟာ မိန်းမတစ်ယောက်အပေါ် စွဲလမ်းပြီဆိုတာနဲ့ ဆင်ခြင်တုံတရားနဲ့ တဖြည်းဖြည်းဝေးပြီး ရူးမိုက်လွယ်ကြတာလား ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်အဖို့ တရားသဖြင့်နဲ့ မိုးသက်ဝေကို ချစ်တာ ပါ၊ ရူးမိုက်ခြင်းနဲ့ ချစ်ခြင်းဟာ မတူပါဘူး'

'ကျွန်မအနေနဲ့ကတော့ မိန်းမတစ်ယောက်နဲ့ ပတ်သတ်ပြီး ရူးမိုက်လွယ်ကြတာကို ယောကျ်ားတွေရဲ့ အချစ်လား ကောက်ချက်ချချင်တော့တာပဲ'

မထင်မှတ်ဘဲ မြတ်နိုးဖြူအတွက် ကစားပေးခဲ့သော ကစားပွဲမှာ လွယ်မယောင်နှင့် သိမ်မွေ့နက်နဲလာ၏။ ချောင်ပိတ် သလိုမျိုး ဖြစ်လာသည်။

ကာယကံရှင်အစစ်မဟုတ်တော့ စကားတိုင်းအတွက် ဆုံးဖြတ်ပိုင်ခွင့်မရှိ။ စကားတွေ များနိုင်သည့်အတွက်လည်း လိပ်ပြာမလုံ ဖြစ်ရသည်။

'ယုံပါ မိုးသက်ဝေ၊ ကျွန်တော့်ချစ်ခြင်းကို မိုးသက် ဝေတစ်ယောက်နဲ့ပဲ အဆုံးသတ်ချင်တဲ့လူပါဗျာ'

'ယုံလိုက်တာက မခက်ပါဘူး၊ ကျွန်မတို့ မိန်းမတွေဟာ အယုံလွယ်လွန်းလို့ ဒူးနဲ့မျက်ရည် သုတ်ခဲ့ကြရတာပဲ မဟုတ်လား၊ ယုံအောင်ပြောတတ်တဲ့ ယောကျ်ားတွေရဲ့ စကားက ကောင်းကင်မှာ လျှပ်ပြက်သလိုမျိုးပါပဲ'

သူမစိတ်ထဲရှိရာတွေပြောတိုင်း ရဲရင့်ဇော်က တကယ် ထင်သည်။ အလေးအနက်ထားပြီး လိုက်ခံစားဖြေရှင်းနေ၏။

တကယ်တော့ မိန်းမတစ်ယောက်၏ လိမ်ညာမှုအောက် မှာ ကျဆုံးနေခြင်းကိုတော့ ရဲရင့်ဇော် မသိရှာပါလေ။





'လျှပ်လို ကိုယ်ရောင်ပြခြိမ်းခြောက်တတ်တဲ့ ယောကျ်ား ယောက် မဟုတ်ဘူးဆိုတာကိုတော့ သစ္စာဆိုဝံ့ပါတယ်၊ မိုး ဝေ ရင်မှာ ဖြစ်ပျက်ခဲ့ရတာတွေနဲ့ ရောထွေးပြီးတော့ တော့်ချစ်ခြင်းကို မျက်ကွယ်မပြုလိုက်ပါနဲ့ဗျာ'

'ဟုတ်ပါတယ်... ခြိမ်းပြီး မရွာတတ်တဲ့ မိုးတွေရှိ သို မခြိမ်းဘဲ ရွာတတ်တဲ့ မိုးတွေရှိတာကို ကျွန်မ နားလည် တယ်'

တကယ်တမ်းမှာတော့ သူမနှင့် ရဲရင့်ဇော်တို့ စကား ပြောနေကြသည်မှာ ဆိုလိုရင်းသို့ မရောက်။ ယုန်တောင်ပြေး၊ မြောက်လိုက်ဆိုသလိုမျိုး ဖြစ်နေ၏။

'ကျွန်တော့်နှလုံးသားရဲ့ မေတ္တာမိုးကတော့ ချစ်ခြင်းပဲ ရွာမှာပါ မိုးသက်ဝေ'

'နားထောင်လို့ ကောင်းပါတယ်၊ လူချင်းတွေ့ပြီး ရှင့် နှာကို စေ့စေ့ကြည့်ချင်တယ်၊ ရှင်ပြောတာတွေ နားထောင် ပါသေးတယ်'

တစ်ရက်ထက်တစ်ရက် သိမ်မွေ့နက်နဲလာလေ ရဲရင့် အပေါ် ပိုလို့ စာနာစိတ်ဖြစ်ရသည်။

'အဲဒီနေ့ဟာ ကျွန်တော်မျှော်လင့် အတောင့်တရဆုံး တစ်နေ့ပါပဲ မိုးသက်ဝေ'

'အဲဒီနေ့အတွက် ရှင်ရော ကျွန်မပါ ရိတ်ရှည်ရဦးမယ် ၊ တစ်နေ့တော့ ဖြစ်လာရမှာပေါ့ရှင်'



www.burmeseclassic.com

www.burmeseclassic.com



စကားပြောတာကို ရှာန်ဝင်နေသောကြောင့် ပတ် ကျင်ကို ဂရုမထားဖြစ်ပေ။ သူမအနားသို့ မြတ်နိုးဖြူ ဘွား ရောက်လာသည်။ ရုတ်တရက်ကြီးဆိုတော့ သွေးလန့်သွား သည်။

'ဘာတွေများ ပွားနေတာတုန်း၊ လိမ်တဲ့လူတွေ သိကြားမင်းက မိုးကြိုးလက်နက်နဲ့ ပစ်ခွင်းတတ်တယ်နော်'

မြတ်နိုးဖြူ နောက်ပြောင်လိုက်သော စကားကို ရဲ ဖော် ကြားမည်ထင်၏။

ချက်ချင်းလိုသလို စကားပြောခွက်ကို ချလိုက်ရ သည်။

✠ ✠ ✠

'နင် ငရဲကြီးလိမ့်မယ်နော် မိုးသက်ဝေ'

ရဲရင့်ဖော် ပေးထားသော ရွှေငါးလေးနှစ်ကောင် တယုတယလုပ်ရင်း မြတ်နိုးဖြူ ပြောသည်။

မြတ်နိုးဖြူနှင့် မဖြစ်မနေ ခေါင်းချင်းဆိုင်ဖို့ လို လာခဲ့ပြီ။ ဒီလိုမှမဟုတ်ရင်တော့ ငရဲကြီးတာထက် ကိုယ် မိသော ကိစ္စအတွက် ဝဋ်လိုက်မှာ သေချာသလောက်ရှိနေ

'ငါ့ကိုယ်ကျိုး၊ ငါ့ကိစ္စအတွက်မှ မဟုတ်ဘဲ မြတ် ဖြူရယ်၊ နင့်အတွက် ငရဲကြီးမယ်ဆိုလည်း ငါ ခံလိုက်ရုံ

'နင့်မာယာတွေကပဲ အစွမ်းထက်တာလား၊ ဒါမှမဟု





ဖော်ဆိုတဲ့ လူကပဲ ငါ့ကို တကယ်မြတ်နိုးတာလား မသိ ဒီငါးနှစ်ကောင်က အမြတ်ထွက်နေသလိုပဲ'

'ပြောရရင် အံ့သြစရာပဲ မြတ်နိုးဖြူ၊ ကိုလူချောနဲ့ ပတ် ပြီး ငါ့နှလုံးသား လှုပ်လှုပ်ရှားရှားဖြစ်တာ မှန်ပေမယ့် တာတာ တဖွဲ့တနွဲ့ ပြောဆိုဖြစ်ဖို့ဆိုတာ မတွေးရဲစရာပါပဲ'

'မဆိုးပါဘူး၊ နင့်ကိုလူချောနဲ့ ပြန်ဆုံတဲ့အခါ အလေ့ ရသွားတာပေါ့'

'နင်မရှိတဲ့ရက်တွေမှာ တော်တော် ခရီးရောက်ဖြစ်ကြ ယ်၊ ချစ်တယ်လို့ သူပြောတယ်၊ ပြီးတော့ အချစ်နဲ့ပတ်သက် ကိုယ်စီခံစား နားလည်ဖြစ်ကြတယ်၊ နင့်မှာ မင်းသွေးဆိုတဲ့ ဆိုးလေးတစ်ယောက်ကို အရှမ်းချစ်ခဲ့တယ်ဆိုတာလည်း ငါ ကိုယ်စား ပြောဖြစ်ခဲ့တယ် သိလား မြတ်နိုးဖြူ'

'ဟောတော်… ငါ့ကိုယ်စား ချစ်တယ်လို့ သူ့ကို အဖြေ ပေးပြီးပြီလား'

'ငါလည်း မိန်းမတစ်ယောက်ပါပဲ၊ အဲဒီလောက်ထိ တော့ မိန်းမဈေးကျအောင် ငါ မလုပ်ပါဘူး၊ နင့်ကိုယ်တိုင် ပြပေးဖို့ ငါတစ်ကွက်ချန်ထားပါတယ်'

သွေးတိုးစမ်းသည့်အနေဖြင့် ပြောကြည့်သည်။ အရင် တော့ မြတ်နိုးဖြူ ခါးခါးသီးသီးဖြစ်မနေ။ ခပ်ပြုံးပြုံး လုပ်ပြီး နှုတ်ဆိတ်နေ၏။

'ငါ သုံးလေးရက်လောက် ရွာမှာသွားနေဖြစ်တာ ပန်းမို



www.burmeseclassic.com

www.burmeseclassic.com


လည်း မခွဲဖြစ်ပါဘူး၊ အသိတစ်ခု ရလိုက်တာပဲရှိတယ်'

'ဘာများလဲ မြတ်နိုးဖြူ'

'အမေရိကလို နေရာမျိုးမှာ သွားနေမယ့်သူက

သုံးလေးရက်လောက် နေရတာကို မခံစားနိုင်ဘူး၊ နင့်ကို

အားလုံးကိုပါ သတိရတယ်၊ လွမ်းတဲ့စိတ်နဲ့ နေလို့ ထိုင်

မရဘူးဟာ'

'ဘာလဲ… နင် သတိရ လွမ်းတဲ့အထဲမှာ မင်းဆွေ

ထိပ်ဆုံးမှာပါနေတာ မဟုတ်လား'

'သူနဲ့ ပတ်သက်ပြီး သတ္တိမရချင်ဘူး၊ လွမ်း

မလွမ်းချင်ဘူး မိုးသက်ဝေ၊ ငါ အိမ်မှာမရှိတုန်း သူမာမီ

တိုင် အိမ်ကိုရောက်လာတယ်ကွဲ'

မြတ်နိုးဝေ၏ စကားကြောင့်ပင် အရမ်းစိတ်ဝ

သွားသည်။

'ပြောစမ်းပါဦး… ဘာတွေများထူးလို့တုန်း'

'ဘာများထူးမှာလဲ မိုးသက်ဝေရာ၊ နင် ကြားနေ

ကျ ဓာတ်ပြားဟောင်းကြီးပါပဲ၊ သားက ပြောဖို့ တွေ့ဖို့

တော့ အမေကိုယ်တိုင် သတင်းပေးတဲ့ သဘောပါဟာ၊ သူ

လုံးဝ လူလိမ္မာဖြစ်သွားပြီ၊ အားလုံးကို ပြတ်သွားပြီတဲ့

တကယ်ဟုတ်နေတယ်ဆိုရင်တောင်မှ မြတ်နိုး

လုံးဝ အယုံအကြည်မရှိသည်မှာ ထင်ရှားနေ၏။

သူမကလည်း ဒီတိုင်းတော့ အငြိမ်မနေ၊ မီးလော





ဝင့်ပေးလိုက်မိသည်။

'ခွေးမြီးကောက် ကျည်တောက်စွပ်ပါဟာ၊ နင့်ဆုံးဖြတ်

သော သံမဏိလို မာပါစေ၊ ဒီကောင် ဒူးထောက်အညံ့ခံလို့

ဖြစ်၊ ခြိမ်းခြောက် အကျပ်ကိုင်တာမျိုးကြောင့်ပဲဖြစ်ဖြစ်

လုံးဝ ပျော့ကျမသွားစေနဲ့'

'ဒီစကားပြောတာကို နင် ယုံချင်မှယုံမယ် မိုးသက်ဝေ၊

ကြာကြာ မစောင့်ရပါဘူး၊ ငါ ဘယ်လောက် အသည်းမာ

ပြီဆိုတာကို နင် မျက်မြင်တွေ့ရမှာပါ'

အခုချက်ချင်း လက်ငင်းကြီး ရဲရင့်ဇော်အကြောင်း ပြော

တ်လို့ မဖြစ်ပေ။ ဒီအတိုင်းသာဆိုရင်တော့ မြတ်နိုးဖြူတို့

သက်ပန် ပြတ်စဲပေတော့မည်။

သူမ ကြိုးစားပြီး ဟန်ဆောင်ခဲ့သမျှတွေလည်း အနေး

အမြန်ဆိုသလို အရာထင်တော့မှာ သေချာနေ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



၈။

ဆယ့်ငါးရက်မြောက်သောနေ့ တစ်နာရီအထိုးမှာ

သူမနံဘေးမှာ မြတ်နိုးဖြူလည်း အတူရှိနေ၏။

ရွှေငါးလေးနှစ်ကောင် ပို့လိုက်ခြင်းသည် ရဲရင့်

အတွက် လာဘ်ကောင်းပေးသည်လား မသိ။

မြတ်နိုးဖြူတစ်ယောက် လိုလိုလားလားနှင့် ရဲရင့်ဇော်

ဖုန်းကို စောင့်မျှော်နေသည်။

'တစ်နာရီထိုးလို့ ဖုန်းမြည်ရင် ငါအရင်ကိုင်လို

မလား မိုးသက်ဝေ'

မပြောစဖူး အံပြောထူးသည်မို့ အံ့သြစိတ်ဖြစ်ရသည်

ရဲရင့်ဇော်အား လစ်လျူရှုတတ်သော မြတ်နိုးဖြူမှ ဟုတ်ပါ

ဟု ပြောရမလိုပင်။

'နင် ပေါက်ကရမလုပ်ဘူး၊ စိတ်အနှောင့်အယှက်





ကားတွေ မပြောဘူးဆိုရင်တော့ နင့်ကို ဦးစားပေးပါတယ်

ဖြူ'

မြတ်နိုးဖြူတစ်ယောက် ဒီလိုသာ စိတ်လိုလက်ရဖြစ်

င်တော့ သူမ ဆက်ဟန်ဆောင်နေရမည့်ရက်တွေက တို

င်းသွားမှာ သေချာသည်။

'ငါ ကတိပေးပါတယ် မိုးသက်ဝေ'

နာရီကို လှမ်းကြည့်ဖြစ်သည်။ တစ်နာရီတိတိပဲဟု တွေး

ဆုံးခင် ဖုန်းမြည်သံ ထွက်ပေါ်လာ၏။

'ငါကိုင်လိုက်မယ်နော်'

သူမ ခေါင်းအညိတ်မှာပင် စကားပြောခွက်ကို မြတ်နိုး

ကောက်ကိုင်လိုက်သည်။

သေချာသည်က ရဲရင့်ဇော်က စတင်ပြီး အသံပြုပေ

သည်။ မြတ်နိုးဖြူ စကားမပြောဘဲ ငြိမ်နေ၏။

'ခဏလေးကိုင်ထားဦးနော်'

ဒီစကားအရဆိုရင်တော့ သူမအသံမဟုတ်မှန်း ရဲရင့်

သိသွားလောက်ပြီ။ စကားပြောခွက်ကို အသံလုံအောင်

ပိတ်ဖြင့်အုပ်ပြီး-

'ပထမတော့ သူနဲ့ စကားပြောကြည့်မလို့ဘဲ၊ သူ့အသံ

ကြားလိုက်တာနဲ့ ဘာပြောရမှန်း မသိလောက်အောင် ငါ့ရင်

ခုန်လာလို့ မိုးသက်ဝေ၊ နင်ပဲပြောလိုက်တော့'

စကားပြောခွက်က သူမလက်ထဲသို့ အလိုလိုရောက်

သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ ... ကျွန်မလို့ထင်ပြီး သူငယ်ချင်းကို ဘာ
များ ရှင် ပြောလိုက်သေးလဲ၊ သူငယ်ချင်းက ရင်တွေဘာ
ခုန်သွားလို့တဲ့'

ရယ်သံစွက်ပြီးပြောတော့ မြတ်နိုးဖြူက ကျောကုန်း
ခပ်ဖွဖွလေးထုသည်။

'နာမည်ပဲ ခေါ်လိုက်မိတာပါ၊ ဘာလဲ ဖုန်းနားမှာ
မနေတော့ အလုပ်တွေ အရမ်းရှုပ်နေလို့များလား'

'ရှင့်ကို လိမ်ပြောလိုက်မလို့ပဲ၊ သနားလို့ အမှန်အတိုင်း
ပဲပြောတော့မယ်'

'ဘာအတွက်လဲ မိုးသက်ဝေ'

'အလုပ်တွေ အရမ်းရှုပ်နေလားဆိုတဲ့ မေးခွန်းအတွက်
လေ၊ တကယ်တော့ ဖုန်းနားမှာ သူငယ်ချင်းနဲ့အတူတူ ကျွန်
ရှိနေပါတယ်၊ သူငယ်ချင်းက ရှင်နဲ့ စကားပြောကြည့်ချင်တယ်
ဆိုလို့ ဖုန်းကို ပေးကိုင်ခိုင်းလိုက်တာ'

မိုးသက်ဝေက သူမအနားသို့ အတင်းတိုးကပ်ပြီး ရဲရင့်
ဇော်အသံကို နားထောင်နေ၏။

'သြော် ... ဒီလိုလား'

'အသံနဲ့တင် မိန်းမတစ်ယောက်ကို ရင်ခုန်အောင်လုပ်
နိုင်တဲ့ ရှင့်အစွမ်းအစက မသေးဘူးနော်၊ ရှင်က အသံနဲ့ ဆွဲဆောင်
နိုင်ပုံရတယ်'

'အဲဒီလို ဟုတ်မယ်မထင်ပါဘူးဗျာ'



'ဒီမှာ ကျွန်မကျောကုန်းကို ထုနေပြန်ပါပြီ'

မြတ်နိုးဖြူ လက်သီးဆုပ်ပြီးထုသည်ကို အရေးတယူ
ရဲရင့်ဇော်အား တိုင်တန်းဖြစ်သည်။

'အဆုတ်တွေ ကွာကုန်ပါဦးမယ်လို့ ပြောလိုက်လေ'

'ဟဲ့ ... အဆုတ်တွေ ကွာကုန်ပါဦးမယ်တဲ့'

ဒီတစ်ခါတော့ မြတ်နိုးဖြူက ပေါင်ကို ခပ်ဖွဖွလေး
ဆိမ်လိုက်သည်။

'အား'

'ဘာဖြစ်တာလဲ မိုးသက်ဝေ၊ ဘာများဖြစ်လို့လဲ'

'ဆွဲလိမ်လိုက်တာ'

'ဘယ်နေရာကိုလဲဟင်'

'ရှင့်ကို ပြောလို့ ဖြစ်မလား၊ သိပ်စပ်စုချင်တဲ့ လူပဲ၊
...ခိုကောင်းတယ်'

'တကယ်မမုန်းဖို့ပဲ အရေးကြီးပါတယ်၊ သူငယ်ချင်း
အနားမှာ နှောင့်ယှက်နေတုန်းပဲထင်တယ်၊ သူ့ကို ပြောလိုက်
ငရဲကြီးတတ်တယ်လို့'

'ရှင့်ဘာသာရှင် ပြောပါလား၊ ဖုန်းပေးလိုက်မယ်'

ရဲရင့်ဇော်က ဆိတ်ဆိတ်နေသည်။ စကားပြောခွက်ကို
...နိုးဖြူလက်ထဲသို့ ထည့်ပေးပြန်တူသည်။

မြတ်နိုးဖြူ ခြေခါခါ လက်ခါခါ ငြင်းဆိုသည်။

'သူက ရှင်နဲ့ပြိုင်ပြီး စကားမပြောရဲဘူးတဲ့၊ သူ့မောခိ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ မယုံကြည်လို့တဲ့'

'မနောက်ပါနဲ့ဗျာ… ဖျက်မြင်းတစ်ကောင်ကြော
စကားအကောင်း ပြောလို့ရမှာ မဟုတ်တော့ဘူး'

'ကျွန်မသူငယ်ချင်းကို အဲဒီလိုမျိုး မခိုင်းနိုင်းနဲ့
ကျွန်မ လုံးဝမကြိုက်ဘူး'

မြတ်နိုးဖြူက ဘာလဲဟူသော အမူအရာဖြင့် ပြသည်
သူမကလည်း မြတ်နိုးဖြူအား အေးအေးဆေးဆေးနေရန် လ
ဟန်ပြုမိသည်။

'သူငယ်ချင်းထိရင် ဓားကြည့်ပေါ့ ဟုတ်လား မိုးသက်
'ဒါပေါ့… ကျွန်မတို့နှစ်ယောက်က အရမ်းချစ်ကြတ
သူငယ်ချင်းလည်းမက ညီမလည်းမကျပေါ့'

တကယ်တော့ ရဲရင့်ဇော်ပြောသော ဖျက်မြင်းမှ
မြတ်နိုးဖြူမဟုတ်။ သူမကို မြတ်နိုးဖြူ လက်ကုတ်ပြီး အ
တကြားဟန်ဖြင့် လက်ညှိုးညွှန်ပြသည်။

သူမ လှမ်းကြည့်လိုက်တော့ ဆိုင်ထဲသို့ ကျူးကျေ
ဝင်ရောက်လာရဲသော မင်းသွေးအား တွေ့လိုက်ရသည်။

ဒါပဲနော်ဟု စကားလက်စသပ်ပြီး ဖုန်းချပစ်လိုက်
တော့သည်။

'ဒီကောင်က ဘာသဘောနဲ့ ငါရှိတဲ့နေရာကို လာ
ရတာလဲ မသိဘူး၊ ငါ့စိတ်နဲ့ ငါပါးစပ်ကြမ်းတာကို သိရဲ့သားနဲ့'

သူမအဖို့ ဒေါသတွေ တောက်လောက်နေသလော





နိုးဖြူမှာတော့ ခြေဖျား လက်ဖျားတွေ အေးစက်လို့နေ၏။

'ငါ သူနဲ့ စကားမပြောချင်ဘူး၊ လုံးဝ ရင်မဆိုင်ချင်
ဘူး မိုးသက်ဝေ'

မင်းသွေးနှင့် လုံးဝပေးမတွေ့နိုင်။ မြတ်နိုးဖြူအတွက်
အားရပ်ပေးဖို့ အသင့်ဖြစ်နေသည်။

'နင် ဒီမှာပဲ ငြိမ်ငြိမ်ရရထိုင်နေပါ၊ ထွက်လိုက်မလာနဲ့၊
ဘာသာငါ ကြည့်ရှင်းလိုက်မယ် မြတ်နိုးဖြူ'

မြတ်နိုးဖြူအား လာရောက်တွေ့ဆုံသော မင်းသွေးအဖို့
ရွှင်တာမျိုးပဲဖြစ်သည်။

မင်းသွေးက ဒီအတိုင်းတော့ နောက်ဆုတ်ပြန်သွားမှာ
ဟုတ်ပေ။ ဆိုင်ထဲမှာ ဝယ်သူရှင်းနေသည်မို့ ဘာအတွက်မှ
အားနာစရာမလိုပေ။

ဝန်ထမ်းကောင်မလေးများလည်း သူမအနားသို့ ရုတ်
တရက် ဝိုင်းလာကြသည်။

'မင်း ခြေလှမ်းကို ဆက်မလှမ်းနဲ့၊ ဒီမှာပဲရပ်ပြီး ဆိုင်ထဲ
ကနေ အမြန်ထွက်သွားစမ်း'

သူမနှင့် ရင်ဆိုင်ရမည်ဆိုတာကို မင်းသွေး သိပြီးသား။
ချမ်းကား အတင့်ရဲပြီဆိုတော့ သတိနှင့်နေဖြစ်သည်။

'မြတ်နိုးနဲ့ တွေ့ချင်တယ်၊ စကားပြောချင်တယ် မမိုး
သက်ဝေ'

သူမကသာ ဒေါသဖြင့် ဖြိုးထန်နေသည်။ သေချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့မှ မင်းသွေးမျက်နှာမှာ တောင်းပန်ခယခြင်းတွေ ပြည့်နှက်နေ၏။ ကိုယ်နေကိုယ်ဟန်ကလည်း သူမအား အောက်ကျို့နေသလိုပင်။

'ဘာမှပြောစရာမလိုတော့ဘူး၊ မင်း မာမီပြောတဲ့အကြောင်းအရာတွေကိုပဲ မင်းပြောမှာ မဟုတ်လား၊ ဒါဆိုရင်တော့ မြတ်နိုးဖြူ သိပြီးသားကိစ္စတွေပဲ၊ မြတ်နိုးဖြူဘဝမှာ မင်းလုံးဝ နေရာမရှိတော့ဘူး မင်းသွေး'

လိုရမယ်ရသဘောဖြင့် လက်ကိုင်ဖုန်းကို ကိုင်ထားဖြစ်သည်။ မင်းသွေးတစ်ယောက် စိတ်ရောကိုယ်ပါ ရမ်းကားလာပါက ရဲစခန်းသို့ လှမ်းပြီးအကြောင်းကြားဖို့ ဖြစ်သည်။

'ကောင်တာမှာ မြတ်နိုး ထိုင်နေတာပဲ၊ မင်းသွေးနဲ့ပေးတွေ့ခွင့်ပြုပါဗျာ၊ တောင်းပန်ပါတယ်'

သူမရှေ့မှာပင် မင်းသွေးက ဒူးထောက်ချလိုက်သည်။ ဒီအချိန်ကျမှ ဆိုင်ထဲသို့ အမျိုးသမီးတွေ ဝင်လာကြသည်။

မရမ်းကားဘဲ သိမ်မွေ့စွာပြသနာရှာသည်။ သူမ ရှက်တရက် စဉ်းစားလို့မရ။ မင်းသွေး ဒူးထောက်တောင်းပန်သည်ကိုလည်း မြတ်နိုးဖြူ မြင်နေရမှာ သေချာ၏။

'အမြန်ထစမ်း မင်းသွေး၊ ဒီနေရာက ငါစီးပွားရေးလုပ်နေတဲ့ နေရာ၊ ရှုပ်ပျက်ဆင်းပျက်ဖြစ်အောင် မင်း မလုပ်နဲ့၊ ငါပြောတာ ကြားလား၊ အမြန်ထစမ်း'

ပါးစပ်ကလည်း ပြောရင်း မင်းသွေးလည်ကုပ်ကို ဆွဲ





...သည်။ မင်းသွေးက ပေကပ်ပြီး တုတ်တုတ်မျှမလှုပ်။

ကောင်မလေးတွေလည်း ဘာလုပ်ရမှန်းမသိအောင် ...မျက်နှာပျက်နေကြသည်။ မင်းသွေး ရမ်းကားခဲ့ရင်လည်း ...ကို ဖုန်းဆက်လိုက်ရုံသာ။

အခုတော့ မင်းသွေးက အနုနည်းဖြင့် တိုက်ခိုက်နေပြီ။ ...ဖို့ လုပ်ရကိုင်ရတာ အတော်လေး အကျပ်ရိုက်သွားသည်။

'ငါပေးမတွေ့စေချင်တာထက် ကာယကံရှင် မြတ်နိုးဖြူ ...ယ်တိုင်က မင်းကို မမြင်ချင် မတွေ့ချင်တာ ရှင်းနေတာပဲ၊ ...တော့ မင်း အမြန်ထပါ'

'လုံးဝမထဘူး၊ မြတ်နိုးနဲ့ စကားပြောခွင့်မရမချင်း ...နေရာမှာပဲနေမယ်'

ဒီအနေအထားအတိုင်း အချိန်ကြာမြင့်စွာ ထားလိုက်...မဖြစ်ပေ။ မြတ်နိုးဝေဆီ လှမ်းကြည့်ဖြစ်သည်။ တယ်လီဖုန်း...ကားပြောခွက်အား မြတ်နိုးဝေ ချလိုက်သည်ကို မြင်ရ၏။

မြတ်နိုးဝေလည်း ထိတ်လန့်နေမည်လား။ ဒါမှမဟုတ် ...မင်းသွေးလုပ်ပုံ ကိုင်ပုံကြောင့် ကရုဏာလွှမ်းပြီး ရောက်လာခဲ့...ရင်တော့-

'ဒီအတိုင်းသာဆိုရင်တော့ ဆိုင်ထဲကနေ မင်းကိုအတင်း ...ဆွဲထုတ်ရမှာပဲ မင်းသွေး'

'ကြိုက်သလို လုပ်နိုင်ပါတယ်၊ ဒီအတိုင်းပဲ ဆက်နေ...မယ်'



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်ယောက်တည်းတော့ မင်းသွေးအား နေရာ ရွှေ့အောင် မစွမ်းဆောင်နိုင်ပေ။ ဟန်ကိုယ့်ဖို့ဆိုသော စကား အတိုင်း ဝန်ထမ်းကောင်မလေးများကို အမိန့်ပေးလိုက်မိသည်။

'မင်းတို့ ဘာရပ်ကြည့်နေကြတာလဲ၊ သူ့ကို ဆိုင်အပြင် ရောက်အောင် ဆွဲထုတ်လိုက်ကြပါတော့လား'

ကောင်မလေးတွေက အမြဲလိုလို သူမကို ရိုသေနေ ကျ။ ဩဇာသက်ရောက်နေကြသူများပင်။

အနားသို့ တိုးကပ်လာကြပေမယ့် မင်းသွေးအား မထိရဲ မကိုင်ရဲကြပေ။

ထိုအချိန်အတန့်လေးမှာပင် ဆိုင်ထဲသို့ ရဲတပ်ဖွဲ့များ ဝင်ရောက်လာလေ၏။

'ဒီဆိုင်က ဖုန်းဆက်ပြီး အကူအညီတောင်းလို့ လာရ တာ၊ ဘာတွေဖြစ်နေကြတာလဲ ပြောစမ်းပါဦး'

တစ်စုံတစ်ယောက်က ဖုန်းလှမ်းဆက်တာပဲဖြစ်ရမည်။ ရဲတပ်ဖွဲ့ဝင်တွေ ရောက်လာပေမယ့် မင်းသွေးက နေရာမှာ မလှုပ် မယှက်။

သူမအဖို့ နှုတ်အနေဖြစ်သည်။ ဘယ်ကနေ ဘယ်လို စပြောရမှန်း မသိပေ။ ဝန်ထမ်းကောင်မလေးတွေကလည်း သူမ အပြောကို စောင့်နေကြ၏။

'ဒီလူက ကျွန်မတို့ဆိုင်ထဲအထိဝင်ပြီး အနှောင့်အယှက် ပေးလို့ အကူအညီတောင်းရတာပါ'





လုံးဝ ထင်မှတ်မထားသော မြတ်နိုးဖြူ၏အသံ။ သွေး [illegible]အေးဖြင့် တစ်လှမ်းချင်းလှမ်းလာနေသော မြတ်နိုးဖြူ၏ [illegible]ွာန်။

'မြတ်နိုး'

တအံ့တဩဖြစ်ပြီး မင်းသွေး ခေါ်လိုက်သည်။ ဟုတ် [illegible]ည်ပဲ။ သူမကိုယ်တိုင်ပင် ပါးစပ်အဟောင်းသားဖြစ်သွားရ [illegible]သည်။

'ကဲ… ပြောပါဦး မိန်းကလေး'

'သူ ကျွန်မကို နှောင့်ယှက်နေတာ အကြိမ်ပေါင်းများ [illegible]ပြီ၊ သူနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူးရှင်၊ အခုဆိုရင် လူကြီး [illegible]င်းတို့ မြင်တဲ့အတိုင်း ဆိုင်ထဲအထိဝင်ပြီး အတင့်ရဲလာပါပြီ၊ [illegible]ပြီး အနှောင့်အယှက်မပေးနိုင်အောင် ကူညီကြပါရှင်'

မင်းသွေးအပေါ် ကရုဏာဖြစ်ကာ စိတ်ပြန်လည်သွား [illegible]ကို စိုးရိမ်မိသည်။

အခုတော့ ရက်စက်လွန်းသော အကြံအစည်၊ မင်းသွေး [illegible]ဖို့ ရင့်သီး ခံခက်လွန်းသော စကားများကို မြတ်နိုးဖြူနှုတ်မှ [illegible]ပြောထွက်လေ၏။

'ဟေ့ကောင်… ဘာလို့ ဒူးထောက်ပြီး ထိုင်နေရတာ [illegible]ုန်း၊ မြန်မြန်ထစမ်း'

ရဲတပ်ဖွဲ့ဝင် နှစ်ယောက်က မင်းသွေးအား အတင်းဆွဲ [illegible]ူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွေးမှာ ရုန်းဖို့အားမရှိရှာလေသလား။ ဘ
ဘာမှလည်း ဆင်ခြေတွေမပေး။ မြတ်နိုးဖြူ၏ မျက်နှာ
သာ အားပါးတရ မင်းသွေး ငေးကြည့်နေခဲ့၏။

'ကြောင်တောင်တောင်လုပ်မနေနဲ့၊ ငါတို့ စခ
လိုက်ခဲ့'

ရဲတပ်ဖွဲ့ဝင်နှစ်ယောက်က မင်းသွေးအား ခေါ်
သွားကြသည်။ ကျန်ရဲတပ်ဖွဲ့ဝင်တစ်ယောက်ကတော့ မြတ်နိုး
အား မေးမြန်းစစ်ကြောရင်း စာအုပ်မှာ ရေးမှတ်နေ၏။

သူမအဖို့မှာတော့ အိပ်မက်တစ်ခုကို မြင်မက်လိုက်
သလိုမျိုးသာ ခံစားနေဖြစ်တော့၏။

✠ ✠ ✠



၉။

ဆယ့်ခြောက်ရက်မြောက်သောနေ့ တစ်နာရီမတိုင်ခင်
မှာဝင် သူမနှင့် မြတ်နိုးဖြူတို့ သဘောတူညီမှုများစွာ ရရှိခဲ့
သည်။

လူမမာမေးမည်ဟု ပြောပြီး ထွက်သွားသောနေ့က
အကြောင်းတွေကို ပြန်ပြောပြဖြစ်သည်။ ရဲရင့်ဇော်နှင့်ကိစ္စ လူကြီး
တွေသိသွားတာလည်း ပါသည်။ အမေရိကကို သွားဖို့ကိစ္စကို
တားမြစ်ခဲ့တာလည်း ပါသည်။

ကိုလူချောနှင့် ဆုံခဲ့သည့်ကိစ္စလေးပင် အဖျားခတ်ပြီး
ပါသွားခဲ့သည်။ ပြီးတော့ မင်းသွေးနှင့် ပတ်သက်ပြီး စိတ်
ကောင်းဖြစ်စရာများကိုပြောဖြစ်သည်။

'နင့်စိတ်တွေ ဘယ်လို ပြောင်းလဲသွားရသလဲဆိုတာ
ငါဖြင့် အခုထိမတွေးတတ်ခဲ့ဘူး မြတ်နိုးဖြူ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလို မရက်စက်တတ်ခဲ့လို့ သူနဲ့ပတ်သက်ပြီး [illegible] အမြဲရှုံးနိမ့်ခဲ့ရတာပေါ့'

'နင် ရဲစခန်းကို ဖုန်းဆက်မယ်လို့ ငါတကယ်မထ[illegible] ရက်ဘူး၊ အချုပ်ထဲမှာ အနည်းနဲ့ အများတော့ မင်းသွေး ခ[illegible] ရောက်ရမှာပဲ'

'သူနဲ့ပတ်သက်ပြီး ငါ စိတ်ဒုက္ခရောက်ခဲ့ရတာ လ[illegible] နှစ်တွေကြာခဲ့ပြီလေ'

'နင် တကယ်စိတ်ပြတ်ပြီပေါ့နော်'

'သူနဲ့ပတ်သက်တဲ့ စိတ်ဒုက္ခတွေ ချုပ်ငြိမ်းသွား[illegible] အမေရိကအထိ သွားရှောင်စရာမလိုတော့ဘူးလို့ ငါပြောခဲ့ပြီးပြီ[illegible]

မင်းသွေးနှင့်ပတ်သက်ပြီး တစ်ရှုပ်ကတော့ ရှင်းသွာ[illegible] ပြီ။ မြတ်နိုးဖြူရှုပ်ခဲ့သောအရှုပ်ကို မြတ်နိုးဖြူကိုယ်တိုင် ရှင်းနိ[illegible] ခဲ့သော်လည်း။

❋ ❋ ❋

'နင်နဲ့ပတ်သက်ပြီး ငါက ဆရာ အမြဲလုပ်ခဲ့တယ်[illegible] ဒါကြောင့်မို့လည်း ရဲရင့်ဇော်ဆိုတဲ့လူက နင်ရယ် ငါရယ်ကြားမှာ[illegible] ထဲထဲဝင်ဝင် ဖြစ်လာခဲ့တာ၊ အဲဒီအရှုပ်ကို ငါ လုပ်ခဲ့မိတယ်[illegible] ငါကိုယ်တိုင် ရှင်းပစ်ဖို့ တော်တော်အခက်ခဲဖြစ်နေရပြီ မြတ်နိုး ဖြူ'





သူမစကားနှင့် အမူအရာကိုကြည့်ပြီး မြတ်နိုးဖြူ [illegible]သာကျ၏။

'ဒါကြောင့် လူကြီးသူမတွေ ဆိုဆုံးမတာပေါ့၊ ရှင်း [illegible]မှ ရှုပ်ရတယ်တဲ့ မိုးသက်ဝေ'

'ငါ့ကိစ္စသက်သက်ဆိုရင်တော့ ရှင့်ကို ကျွန်မ ချစ်ပါ [illegible]လို့ တစ်ခွန်းတည်းပြောလိုက်ရုံပဲ၊ ငါက နင့်ဟန်ဆောင်ထား [illegible]လေ၊ ဒီအရှုပ်က ငါလုပ်ခဲ့တယ်ဆိုပေမယ့် နင်နဲ့ အများကြီး [illegible]သက်နေတယ်လေ မြတ်နိုးဖြူ'

မြတ်နိုးဖြူအတွက် ရဲရင့်ဇော်အား ဟန်ဆောင်လိမ်ညာ [illegible]သည်။ ဒီအရှုပ်ကို အဆင်ပြေဆုံးဖြစ်အောင် ရှင်းမှ တော် [illegible]မည်။ အဆင်မပြေစွာဖြင့် အဆုံးသတ်ခဲ့ပါက သူမအဖို့ [illegible]ဆင်လူဆိုး ဖြစ်ရပေတော့မည်။

'ရဲရင့်ဇော်က ငါနဲ့ဆုံခဲ့တယ်၊ ငါ့ကို တမ်းတမ်းစွဲဖြစ် [illegible]ယ်၊ နင်က ငါ့ဟန်ဆောင်တယ်၊ ဒီအရှုပ်ထုပ်ကို တော်တော် [illegible]တော့ ရှင်းယူရလိမ့်မယ်ထင်တယ် မိုးသက်ဝေ'

'နင်နဲ့ ရဲရင့်ဇော်တို့ လူချင်းအမြန်ဆုံးတွေ့မှဖြစ်မယ် [illegible]တ်နိုးဖြူ၊ ဒါကို ပထမဆုံးလုပ်ရမယ်'

'သူက နင်နဲ့ ရင်းနှီးနေတဲ့သူပဲ မိုးသက်ဝေ၊ သူနဲ့တွေ့ [illegible]တော့ လုပ်ဖြစ်ပြီပဲထားလိုက်ပါဦး၊ စကားအပြောအဆိုမှာ [illegible]ဆင်ပြေပါ့မလား'

'ပထမတော့ နင် မီးစင်ကြည့်ကလိုက်ပေါ့၊ လိုအပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အခါမျိုးကျမှ ငါတို့သုံးယောက်ဆုံပြီး ရှင်းကြ လင်းကြတာ
မြတ်နိုးဖြူ'

'တွေးကြည့်ရင်တော့ တကယ်ရင်ခုန်စရာကောင်း
အဖြစ်အပျက်တစ်ခုပါပဲ၊ ဘာတွေဆက်ဖြစ်ဦးမလဲ မသိနိုင်
ရဲရင့်ဇော်မျှာ အလှည့်လည်ဖြစ်သွားမှာ သေချာတယ် မိုးသက်

'နင် သူ့ကိုတွေ့ရမှာ ကြောက်နေလား၊ ဒါမှမဟု
နင့်စိတ်ထဲမှာ မင်းသွေးနဲ့ ပတ်သက်တာတွေ ကျန်နေသေး
မဝံ့မရဲဖြစ်နေတာလား'

မီးထိုးပေးသည့် သဘောမျိုးဖြင့် မြတ်နိုးဖြူကို
ဖြစ်သည်။

'မဆိုင်တာပဲ မိုးသက်ဝေ'

'နည်းနည်းတော့ ဆိုင်လိမ့်မယ်ထင်တယ် မြတ်နိုး

'ပြောစမ်းပါဦး... ဘာဖြစ်လို့ နည်းနည်းဆိုင်ရမှာ

'ဒီလိုလေဟာ... မင်းသွေးကို စိတ်ပြတ်နိုင်ပြီဆို
အပေါ်ယံ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ နင့်နှလုံးသားက ရဲရင့်
နဲ့ အနေနီးကြည့်လိုက်လေ၊ တကယ်ပဲ နင့်စိတ်ထဲမှာရော
နှလုံးသားထဲမှာပါ မင်းသွေးက တကယ်ပဲ မကြွင်းကျန်
ဘူးဆိုရင် ရဲရင့်ဇော်ကို နင် လက်မခံစရာအကြောင်း မရှိ

'ကောင်းပြီ မိုးသက်ဝေ၊ ရဲရင့်ဇော်ဆိုတဲ့လူနဲ့ ငါ
တော့မယ်၊ ရှုပ်ခဲ့တာတွေအားလုံးကို ငါရှင်းမယ်'

ဆယ့်ခြောက်ရက်နေ့မြောက် တစ်နာရီမတိုင်ခင်အ





သော သဘောတူညီမှုများထဲတွင် ဒီစကားက အဓိကအကျ
ဖြစ်၏။

ဖူးစာကံပါလာတော့လည်း နောက်ဆုံးမှာ သူ့နည်းသူ့
နှင့် ဆုံဆည်းဖြစ်ကြသည်ပဲ။

သူမ ဟန်ဆောင်ခဲ့တာတွေ မင်းသွေးနှင့်ပတ်သက်ပြီး
နိုးဖြူ ဖြစ်ပျက်ခဲ့တာတွေအားလုံးကိုတော့ ရဲရင့်ဇော်တစ်
ယောက် သင်ပုန်းချေ ခွင့်လွှတ်နိုင်လိမ့်မည်ထင်၏။

✠ ✠ ✠

ဆယ့်ခုနစ်ရက်မြောက်နေ့ တစ်နာရီမှာတော့ သူမနှင့်
ရင့်ဇော်တို့ စကားလက်ဆုံကျစရာအကြောင်း မရှိတော့ပေ။

မနေ့က ဆယ့်ခြောက်ရက်မြောက်နေ့မှာပင် နောက်ဆုံး
နေ့ဖြင့် ရဲရင့်ဇော်နှင့် စကားပြောဖြစ်ခဲ့သည်။

ဒီနေ့ တစ်နာရီ မြတ်နိုးဖြူနှင့် ရဲရင့်ဇော်တို့ လူချင်း
ဖြစ်ကြတော့မည်။ ဒီမြင်ကွင်းကို ကျေနပ်ဝမ်းမြောက်နေရုံသာ
တော့၏။

'နင့်ကို ဒီနေ့ကြည့်ရတာ ငါ့စိတ်က ထင်နေလို့လား
သိဘူး၊ နင့်ပုံစံလေးက အရမ်းတက်ကြွပြီး ငါ့မျက်စိထဲမှာ
ရမ်းလှနေသလိုပဲ မြတ်နိုးဖြူ'

'ဒါတောင် မျက်နှာကိုပဲ အနည်းအကျဉ်း ပြင်ထားတာ
ပြီးတော့လည်း အခုဝတ်တဲ့ အဝတ်အစားက သာမန်လောကပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြုံ့ရာဝတ်ခဲ့တာမျိုးနော်'

ဟုတ်တော့ဟုတ်သည်။ မြတ်နိုးဖြူဝတ်ထား

အဖြူရောင်ဝမ်းဆက်လေးမှာ အဝတ်သစ် အစားသစ်တော့မ

'ဟုတ်ပါရဲ့.... နှင့်မှာ ဝတ်စရာမရှိတော့လို့

မျက်နှာကတော့ တော်ပြီ၊ အဝတ်အစား ပြန်လဲလိုက်ဦး၊

ဆယ့်နှစ်နာရီတောင် မခွဲသေးဘူး'

'ဒီပုံစံမျိုးနဲ့ပဲ သူ့ကို သွားတွေ့ချင်တယ် မိုးသ

'ဒါဆိုလည်း ပြီးတာပါပဲ၊ ဆိုက်ကိုတစ်မျိုးဖြ

ပေါ့၊ ဒါဆိုရင် သွားကြမယ်လေ'

ကားပေါ်သို့တက်သည်အထိ မြတ်နိုးဖြူ ဣန္ဒြေ

၏။

ရဲရင့်ဇော်နှင့် ချိန်းဆိုထားရာသို့ တဖြည်းဖြည်း နီး

သည်နှင့် မြတ်နိုးဖြူတစ်ယောက် ယောက်ယက်ခတ်လာ

သည်။

'နှင်ပါ ငါ့အနားမှာ ရှိနေပေးပါလား မိုးသက်

ငါ့စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေသလိုပဲ'

'ဘာကြောက်စရာရှိလို့လဲ၊ ငါရှိနေရင် ဘယ်လို

ပြီး လွတ်လပ်မှာလဲ၊ ပြီးတော့ တစ်ယောက်တည်းလာ

ပါလို့ ပြောထားပြီးသားမဟုတ်လား၊ စကားမတည်တဲ့အ

သူ့အဖို့ စိတ်အနှောင့်အယှက်ဖြစ်မှာပေါ့'

'နှင်ရော ငါရော သူ့ကို မမြင်ဖူးကြဘူးနော်၊ လူ





တော်မယ်'

'သူက နှင့်ကို မြင်ဖူးထားသူလေ၊ ပြီးတော့လည်း

ခဲ့နေရာက လူရှင်းတယ်၊ သူ့ကားက မာစီဒီးမီးခိုးရောင်၊

ပါတ်ကိုလည်း ပြောထားပြီးသားပဲ'

'ငါတွေးကြည့်ပြီး တဖြည်းဖြည်းနဲ့ ကြောက်ကြောက်

ယ် မိုးသက်ဝေ'

'နှင် သွားမတွေ့လို့တော့ မဖြစ်ဘူး၊ ရောက်ပဲရောက်

ဟိုမှာ ကားရပ်ထားတာ တွေ့လား'

'ဘယ်မှာလဲ'

'ဟိုရှေ့နားမှာလေ၊ မာစီဒီးမီးခိုးရောင်လေး'

'ငါသွားတွေ့ရမှာပေါ့နော်'

'အခု ငါ ကားရပ်ပေးမယ်၊ နှင် ဆင်းပြီး သူ့ကားရှိ

လျှောက်သွားလိုက်တော့၊ ကားပေါ်မှာ သူရှိနေမယ်ထင်

နှင်လျှောက်လာတာကိုတွေ့ရင် သူဆင်းပြီးလာကြိုမှာ

တယ်'

မြတ်နိုးဖြူအား ရဲဆေးတင်ပေးမိပေမယ့် သူမစိတ်ထဲမှာ

မြတ်နိုးဖြူနှယ် ရင်ခုန်လှုပ်ရှားနေ၏။

ကားပေါ်မှ မြတ်နိုးဖြူ ဆင်းသွားသည်။ ကားကို ချက်

မောင်းထွက်ဖြစ်သည်။

ဇောတွေကိုယ်စီနှင့်မို့ မိုးကောင်းကင်ကို ဂရုမထား

အုံ့မှိုင်းမှိုင်းဖြစ်နေသော ကောင်းကင်ထက်မှ မိုးရွာ၊



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲများ ကျလာတော့သည်။

ကားကို ခဏရပ်လိုက်သည်။ မြတ်နိုးဖြူတစ်ယေ

လွတ်မှလွတ်ပါ့မလားဟု နောက်ဆံငင်ဖြစ်သည်။

ကားရပ်ပြီး လှမ်းကြည့်ဖြစ်တော့ မြတ်နိုးဖြူ

ယောက် လမ်းခုလတ်မှာပင် ရှိသေး၏။

တောင်အရပ်ဆီမှ ပြိုကျလာသော အသံများနှင့်

မိုးက ကြီးလာသည်။ မြတ်နိုးဖြူထံမှာ ထီးမပါသွားတာ ယေ

၏။ ကြည့်နေရင်းမှာပင် မြင်ကွင်းတို့ မှုန်ဝါးလို့သွား၏။

မိုးလွတ်အောင်လာကြိုသော ရဲရင့်ဖော်၏ထီးရိပ်အော

မှာ မြတ်နိုးဖြူ ခိုလှုံသွားပုံက ပိုးတဝါးနိုင်လှသည်။

မိုးကသည်းသလို လေပါထန်သည်။ လျှပ်တို့ပြက်သ

မိုးခြိမ်းသံများလည်း မြည်ဟီးလို့နေတော့၏။

✠ ✠ ✠

# အပိုင်း(သုံး)

တစ်သက်မသွေ
မကျမပြေနှောင်
မှောင်ရီညိုမို့ မည်းလေရော့။
သနားသဖြင့်
နှစ်ပါးသင့်အောင်
တောင်ဆီပြိုလို့ သည်းစေတော့။

www.burmeseclassic.com

www.burmeseclassic.com



၁။

သွားရင်းလာရင်းကပင် မှတ်မထင်ဘဲ ဆုံဆည်းဖြစ်ည်။ မိုးဦး၏လျှပ်တွေနှင့်အတူ သူမရောက်လာခဲ့ပြီး လိုက်ရှာတွေ့တော့။ အဖြူရောင်ဝတ်စုံလေးနှင့် စွဲလမ်းမြတ်နိုးဖွယ် မျက်နှာလေးကို ဘယ်အခါဖြစ်ဖြစ် မြင်ယောင်နေဆဲ။

ရွှေတိဂုံဘုရားသို့သွားရင်းက ပြန်ဆုံဖြစ်သည်။ သူမ၏င်ဒရဲလား' ဖိနပ်အရောင်းပြခန်း။ မိုးသက်ဝေဆိုသော နာမည်င် ဖုန်းနံပါတ်တို့အား သိခွင့်ရခဲ့သည်။ သူမကတော့ သူ့ကိုမှတ်မှတ်သားသား ရှိသည့်ဟန်မပြ။

ဖုန်းတွေပြောရင်းကပင် ရင်းနှီးဖြစ်သည်။

ချစ်တယ်ဟု ဖွင့်ပြောသည်အထိ ဖြစ်ခဲ့ရသည်။

ဆယ့်ငါးရက်မြောက်သောနေ့ ဖုန်းဆက်ဖြစ်တော့ သူမမှာ သူမသူငယ်ချင်းတစ်ယောက် ရှိနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကိုယ်ချင်း ရင်ခုန်ဖွယ်များကို မပြောဖြစ်ကြသော်လည်း အပြောင်အနောက်တွေဖြင့် တကယ့်ကို ကြည်နူးချင်စရာ သူငယ်ချင်းမကို အနားမှာထားပြီး သူမလည်း သူ့လိုပင် ရွှ ရွှင်မြူးတူးနေမှာ သေချာ၏။

'ဘယ်လိုလဲ သားကြီး၊ ဒီတစ်ခါတော့ ညီတော်မောင်က တကယ်ပဲ မူးယစ်ဆေးဝါးနဲ့ ကင်းကင်းရှင်းရှင်းဖြစ်သွားပြီလား၊ မင်းအန်တီ ခင်မင်းထွေးကတော့ ဒီသားတစ်ယောက်အတွက်နဲ့ အတော့်ကို ဒုက္ခဖြစ်နေရတာမဟုတ်လား'

သူ့မေမေ ခင်မင်းအေးနှင့် အန်တီခင်မင်းထွေးတို့မှာ ညီအစ်မအရင်းတွေ ဖြစ်ကြ၏။ ဖေဖေ ဦးဇော်မြင့်နှင့် အန်ကယ် ဦးဖေလှိုင်တို့မှာ သူငယ်ချင်းအရင်းတွေ။ အန်ကယ် ဦးဖေလှိုင်က ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်းမှ ဆင်းသက်လာသူ။ ဖေဖေ မေမေတို့မှာ သာမန်လက်လက်လုပ်စားမျှသာ။

အန်ကယ်နှင့် ဖေဖေတို့မှာ ဆယ်တန်းအတူအောင်ပြီး အင်ဂျင်နီယာဘွဲ့ ယူဖြစ်ကြတော့လည်း အတူတူပင်။ အန်ကယ် ဦးဖေလှိုင်နှင့် အန်တီခင်မင်းထွေးတို့မှာ အရင် ချစ်သူတွေဖြစ်ကြသည်။ ပြီးမှ ဖေဖေနှင့် မေမေတို့ချင်း ချစ်ခဲ့ကြသည်ဟု ဆို၏။

'မင်းသွေးကိုမွေးပြီး မကြာခင်မှာပဲ အန်ကယ်ဦးဖေလှိုင် ဆုံးသွားခဲ့တယ်၊ တကယ်တော့ မင်းသွေးက အလိုလိုက်ခံရလွန်းလို့ ဒီလိုအခြေအနေမျိုးထိ ရောက်ဖြစ်သွားတာပဲ'

မင်းသွေးကို မမွေးခင်အထိတော့ သူက မိသားစုထဲမှာ





ခံရဆုံး။ အန်ကယ်နှင့် အန်တီတို့ကလည်း သူ့ကို သား ...င်းနှယ် ချစ်ခင်ခဲ့ကြ၏။ ဒီနောက်မှာတော့ မင်းသွေးနှင့် ညီမလေးနှစ်ယောက်တို့ မတိမ်းမယိမ်းဖြင့် လူ့လောကသို့ ...တ်လာဖြစ်သည်။

ပြောရရင်တော့ အန်တီခင်မင်းထွေးနှင့် အန်ကယ် ဦးဖေလှိုင်တို့၏ ကျေးဇူးတွေက သူ့အပေါ်မှာရော ဖေဖေ့အပေါ်မှာပါ ...ကြီးအကြွေးတင်ရှိနေ၏။

အန်ကယ် မဆုံးခင်ကတည်းက ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ဖေဖေ့ကို အတူလုပ်ခိုင်းသည်။ ကုမ္ပဏီထောင်သည်။ လုပ်ငန်းတွေ အတည်တကျဖြစ်သောအခါ အန်ကယ်ဦးဖေလှိုင် ရုတ်တရက်ဆုံးသွားသည်။

ဒီတော့ ဖေဖေကပင်ဦးစီးပြီး ဆက်လုပ်ရင်းက အားလုံး စီးပွားရေးတွေ ကောင်းလာဖြစ်ကြသည်။

'အဓိကအကျဆုံးကတော့ ခင်မင်းသွေးပဲ သားကြီး၊ မင်းသွေးကို အလိုလိုက်တယ်၊ ဘာမှမပြောဘူး၊ သားကိစ္စတော် ...တော်များများကို သားကြီးတို့ ဖေဖေတို့ မသိအောင် ဖုံးကွယ်ထားခဲ့တာပဲ မဟုတ်လား၊ ဒီအထဲမှာ မင်းရဲ့မေမေတောင် အဆစ်ပါလိုက်သေးတယ်'

'အခုချိန်မှာတော့ မင်းသွေးကိုယ်တိုင်က အဲဒီဘဝထဲက ... လုံးဝ ရုန်းထွက်ချင်လို့ သားကိုယ်တိုင် လိုက်လုပ်ပေးနေတာလေ၊ ဒီတစ်ခါတော့ မင်းသွေးတစ်ယောက် လိမ္မာလာတော့မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီကလေး အပေါင်းအသင်းစုံတယ်၊ အတတ်ပေါင်းစုံ လည်း တတ်တယ်၊ လွယ်လွယ်နဲ့ လူကောင်းသူကောင်း ဖြစ်ဖြစ် လာနိုင်ပါ့မလား သားကြီး၊ ဒီကောင်လေးက အသက်သာငယ် တယ်၊ အရိုးတော်တော်ရင့်နေတာ'

'မင်းသွေးအသက်က နှစ်ဆယ်တောင် မပြည့်ချင်သေး ဘူး၊ သူဟာ လူငယ်တစ်ယောက်ပါပဲ၊ မင်းသွေးကိုယ်တိုင် စိတ် ပါနေမှတော့ မဖြစ်ဖြစ်အောင် အဲဒီဘဝထဲကနေ ဆွဲထုတ်ခေါ်ရ မှာပဲ၊ အခြေအနေတော့ အခုလောလောဆယ်မှာ အရမ်းကောင်း နေပါတယ်၊ မင်းသွေးစိတ်တွေ ပြောင်းသွားအောင်၊ တည်ငြိမ် သွားအောင် ဓမ္မဇောတိမှာ ဆယ်ရက် တရားစခန်းဝင်ဖို့ စီစဉ် ပြီးပြီ၊ မနက်ဖြန်ဆိုရင် သားကိုယ်တိုင် လိုက်ပို့ပေးရမှာလေ'

'သားကြီးကတော့ မင်းသွေးရဲ့စိတ်ကို ဘက်ပေါင်းစုံ ကနေ ပြင်ဆင်ပေးနေတာကို ဖေဖေ သာဓုခေါ်ပါတယ်၊ အောင် မြင်ပါစေလို့လည်း ဖေဖေ ဆုတောင်းတယ်၊ ဒါမှလည်း မင်းသွေး ဘဝအတွက်ရော ခင်မင်းထွေးအတွက်ပါ စိတ်အေးချမ်းသာရမှာ မဟုတ်လား'

မင်းသွေး မူးယစ်ဆေးစွဲပြီဟု သိရသည့်အချိန်မှာတော့ အချိန်က တော်တော်နှောင်းနေပြီ၊ သူ ဘယ်လိုကြိုးစားကြိုးစား မအောင်မမြင်ဖြစ်ရတာချည်းပင်၊ ဒီတစ်ကြိမ်မှာတော့ မင်းသွေး ကိုယ်၌က လက်ရှိဘဝထဲမှ ပြေးထွက်ချင်တော့ သူ အစွမ်းကုန် အကူအညီပေးဖြစ်သည်။





ဖေဖေနှင့် စကားပြောနေစဉ်မှာပင် သူ့လက်ကိုင်ဖုန်း အသံမြည်လာ၏။

အန်တီခင်မင်းထွေး လှမ်းဆက်သောကြောင့် စိတ်ထဲမှာ ထင့်သွားမိသည်။

'သားကြီး ရဲရင့်ဇော်'

ငိုသံပါသော အန်တီခင်မင်းထွေး၏ အသံကြောင့်ပင် ပို၍ အစိုးရိမ်ကြီးဖြစ်သည်။

'ဘာများဖြစ်လို့လဲ အန်တီခင်မင်းထွေး'

'သားကြီး... ရဲစခန်းကို အမြန်ထွက်လာခဲ့ပါ၊ အဲဒီမှာ အန်တီ စောင့်နေမယ်'

'မင်းသွေး ဘာများဖြစ်လို့လဲ၊ ရဲစခန်းကို မင်းသွေး ရောက်နေတယ်၊ ဟုတ်လား'

'ထွက်လာခဲ့ပါ သားကြီး၊ ရဲစခန်းက ဖုန်းဆက်ပြီး အကြောင်းကြားလို့ ချက်ချင်း သားကြီးဆီဆက်လိုက်တာ၊ အားလုံးကိုယ်ကျိုးနည်းကုန်ပြီထင်ပါတယ်၊ သားကြီး ခုချက်ချင်း ထွက်လာခဲ့နော်'

ကြားရသောသတင်းကြောင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားမိသည်။ ဒီတစ်ခါတော့ မင်းသွေးကို မကယ်နိုင်တော့ ပြီဟု စိတ်မကောင်းကြီးစွာ ဖြစ်ရသည်။

'ကဲ... သားကြီး၊ ဖေဖေဆုတောင်း မပြည့်တော့ဘူး ဆိုတာ ချက်ချင်းလက်ငင်းကို ထင်ရှားသွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါရဲ့ ဖေဖေရယ်၊ အခုလိုဖြစ်သွားရတာ စိ
တော့ မကောင်းစရာပဲ၊ တစ်မျိုးလည်း သူ့အတွက် ကောင်းသွ
ပါတယ်၊ အဆိုးထဲက အမြတ်လို့ တွေးရမလိုဘဲ'

မူးယစ်ဆေးဝါးက အရမ်းကိုကြောက်ဖို့ကောင်းသည်
စွဲငြိမိပြီဆိုရင် ပြတ်ဖို့မလို။ မင်းသွေးတို့လို လူငယ်များအ
သွေးဆောင်ခြိမ်းခြောက်နေသော အန္တရာယ်ဆိုးကြီးတစ်ခုဝ

ရဲစခန်းသို့ မင်းသွေးရောက်နေတာ မူးယစ်ဆေးဝါးနှ
ပဲ ပတ်သက်လိမ့်မည်ဟု သူ့အပါအဝင် အားလုံးက ထင်ထာ
ခဲ့ကြသည်။

✠ ✠ ✠

ရဲစခန်းသို့ သွားရင်းကပင် လိုရမယ်ရသဘောမျိုးဖြ
သူနှင့်ပတ်သက်ရာလူများဆီသို့ ဖုန်းဖြင့်အသိပေး အကူည
တောင်းဖြစ်သည်။ ဖြစ်လာမှတော့ ခေါင်းအေးအေးထားပြီး
အကောင်းဆုံးနည်းလမ်းကို တရားသဖြင့် ရင်ဆိုင်ရုံသာရှိတော
၏ဟု ဆုံးဖြတ်မိသည်။

ကံကောင်းထောက်မသည်က ရဲစခန်းမှူးမှာ သူ့သူငယ်
ချင်း၏ မိတ်ဆွေတစ်ဦး ဖြစ်နေခြင်းပင်။ ဘယ်လိုပဲ သိကျွမ်း
သိကျွမ်း ဥပဒေနှင့် ပတ်သက်လာရင်တော့ ဘာမှမတတ်နိုင်ကြ
မှန်းလည်း အလိုလိုသိနေ၏။





'ဘယ်လိုဖြစ်ကြတာလဲ အန်တီခင်မင်းထွေး'

'စခန်းကဖုန်းဆက်တော့ မိုးမီးလောင်သလို ဖြစ်သွား
ယ် သားကြီးရယ်၊ ဒီရောက်မှ ထင်သလိုမဟုတ်မှန်းသိရတာ'

အန်တီခင်မင်းထွေး၏ လေသံများမှာ အကောင်းဘက်
ရှိနေ၏။ မျက်နှာသွင်ပြင်မှာလည်း ကြေကွဲမှုတွေ ဆင်ယင်
ထား။

အဖြစ်အပျက်ကို စခန်းမှူးက သူ့အား ပြောပြ၏။

'ဒီလို ကိုရဲရင့်ဇော်ရေ… လူငယ်ချင်းဖြစ်ကြတဲ့ ကိစ္စ
ပဲ၊ တစ်ဖက်ကတိုင်တော့လည်း ကျွန်တော့်လူတွေက ဝတ္တရား
အရ ဆောင်ရွက်ရတာ၊ ဝန်ခံကတိထိုးပြီးရင် ခင်ဗျားညီတော်
မောင်ကို ပြန်ခေါ်သွားလို့ရပါပြီ၊ နောက်မဖြစ်အောင်တော့ ကိုယ့်
ကိုယ် ထိန်းပေါ့ဗျာ'

'စိတ်ချပါ စခန်းမှူးကြီး၊ ဖြစ်ပုံလေးကို ပြောပြပါဦး'

'ကျွန်တော်တို့ မြို့နယ်ထဲမှာရှိတဲ့ ဖိနပ်အရောင်းဆိုင်
တစ်ခုမှာ ဖြစ်တာပါ၊ ခင်ဗျားညီက ဆိုင်ထဲအထိဝင်ပြီး နှောင့်
ယှက်တယ်ဆိုပြီး ဖုန်းဆက်တယ်၊ သူတို့ချင်း အဆင်မပြေဖြစ်
ရပါတယ်၊ ကာယကံရှင် မိန်းကလေးက သဘောမကျ၊ အလို
တော့ နှောင့်ယှက်ရာရောက်သွားတာပေါ့၊ မိန်းကလေးက
အမှုတွေဘာတွေဖွင့်ဖို့အထိတော့ မလုပ်ဘူး၊ ညီတော်မောင်ကို
ကျွန်တော်တို့အဖွဲ့တွေက မနည်းခေါ်လာခဲ့ရတာ၊ ကာယကံရှင်
မိန်းကလေးကတော့ နောက်နောင် ပတ်သက်လို့မရအောင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့သဘောပါပဲ'

မင်းသွေးတစ်ယောက် ရည်းစားများတာကိုတော့ ဦး... တွေပြောစကားအရ သိထားသည်။ မိန်းမကိစ္စမို့ တော်သေး... ဟု သက်ပြင်းချဖြစ်သည်။

အချုပ်ခန်းထဲမှ မင်းသွေး ထွက်မလာခင် အန်တီ... မင်းထွေးအား မေးဖြစ်သည်။

'အဲဒီ မြတ်နိုးဖြူဆိုတဲ့ မိန်းကလေးကို အန်တီခင်... ထွေး သိသလား'

'သိတယ် သားကြီး၊ မင်းသွေးအပေါ်မှာ မြတ်နိုး... အတော်သံယောဇဉ်ကြီးတာ၊ ချွေကြီးမျိုးကြီးထဲကပါပဲ၊ သ... ငယ်နဲ့ပတ်သက်တဲ့ မိန်းကလေးထဲမှာတော့ အန်တီနဲ့ ရင်းနှီး... တင်ကမဘူး၊ သံယောဇဉ်ဖြစ်ကြပါတယ်၊ သားငယ်ရဲ့ စိတ်... ပေးတာကို သူ့ခမျာ တောက်လျှောက်ခံလာခဲ့ရရှာတာ၊ မိ... မောင်ဖွားရဲ့ အငြိုငြင်ကိုခံပြီး သံယောဇဉ်ကြီးရှာတဲ့သူပါ'

မကြာခင် သူတို့ရှေ့သို့ မင်းသွေး ရောက်လာသည်... နောက်ထပ် မနှောင့်ယှက်ရန် လူကြီးများရှေ့၌ ဝန်ခံကတိ... ခိုင်းသည်။

'မာမီ့ကိုရော ကိုသားကြီးကိုပါ အရှမ်းအားနာပါတယ်... အချုပ်ခန်းထဲကို ပြန်ဝင်ရင် ဝင်ပါရစေ၊ မြတ်နိုးနဲ့ ပတ်သက်ပြီး... ဒီလို ကတိဝန်ခံမျိုးကို မင်းသွေး လက်မှတ်မထိုးနိုင်ဘူး'

အားလုံးက အသာတကြည် လက်မှတ်ထိုးပေးလိမ့်မည်...



...ဆင်ထားကြသည်။ မင်းသွေးတစ်ယောက် ပြောင်ပြောင်တင်း ...င် ငြင်းဆို၏။

'ထိုးလိုက်ပါ သားရယ်၊ မြတ်နိုးနဲ့ ပတ်သက်ပြီး မာမီ ...တခြားနည်းလမ်း ထပ်ရှာပေးပါ့မယ်၊ ဒီကာလတွေမှာတော့ ...နိုးနဲ့ လုံးဝမပတ်သက်နဲ့ကွယ်၊ အချိန်ကြာလာတာနဲ့အမျှ ...ရဲ့အခြေအနေကိုလည်း မြင်လာ ကြားလာမှာပဲမဟုတ်လား၊ ...လေးက မသိလို့ ပြောလိုက်မိတဲ့စကားအတွက် ကျွန်မ ...တောင်းပန်ပါတယ် စခန်းမှူးကြီး'

'ရပါတယ် ဒေါ်ခင်မင်းထွေး၊ ကျွန်တော်တို့က တာဝန် ...ရ ဆောင်ရွက်ရတာပါ၊ ဝန်ခံကတိကို ပြီးရင်ပြီးရော ထိုးလို့ ...ည်း မရပါဘူး၊ နောက်တစ်ခါ ကာယကံရှင်ကို နှောင့်ယှက် ...ပြဿနာဖြစ်လာရင်တော့ ကျွန်တော်တို့လည်း ဘာမှမတတ် ...နိုင်ပါဘူး'

သူ့အဖို့ အတော်လေး ဇောချွေးပြန်သွားရသည်။ မင်း ...သွေးမျက်နှာကို အသေအချာစိုက်ကြည့်ပြီးမှ ပြောဖြစ်လိုက်သည်။

'ကိုသားကြီးပြောတာကို ငါ့ညီ အသေအချာနားထောင် ...ပါ ဘာမဟုတ်တဲ့ကိစ္စအတွက် ခေါင်းမမာချင်စမ်းပါနဲ့ မင်းသွေး ...ရာ ငါ့ညီကိစ္စကို အစ်ကိုသားကြီးက ဘာမှမသိဘဲနဲ့ ဝင်ပြော နေတာလို့ မထင်လိုက်နဲ့ဦး၊ အခုလောလောဆယ်မှာတော့ အားလုံးစိတ်ချမ်းသာအောင် အဆင်ပြေသွားအောင် ငါ့ညီ ထိုး လိုက်ပါကွာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုသားကြီးနဲ့ အေးအေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး စကားပြောကြတာပေါ့'

သူ့စကားကို နားထောင်ပြီးသောအခါ မင်းသွေး
ယောက် သက်ပြင်းရှည်ချသည်။ စားပွဲပေါ်မှာ တင်ထား
စာရွက်နှင့်အတူ ဘောလ်ပင်ကို မင်းသွေး ထိတွေ့လိုက်

လက်ကိုင်ပဝါဖြင့် ချွေးမှုန်းများကို သုတ်ရင်း
သူ့ထွက်သက်ကို မှုတ်ထုတ်လိုက်ရတော့သည်။

✠ ✠ ✠



၂။

'ဘာ... စင်ဒရဲလားဖိနပ်အရောင်းဆိုင် ဟုတ်လား'

တိုက်တိုက်ဆိုင်ဆိုင် မိုးသက်ဝေ၏ ဆိုင်နာမည် ပါလာ
ည်။ စိတ်ထဲမှာတော့ နည်းနည်းလေး အံ့သြမိသည်။

'ဘာဖြစ်လို့လဲ ကိုသားကြီး၊ စင်ဒရဲလားဆိုတာနဲ့
သားကြီး ကြည့်ရတာ အရမ်းတုန်လှုပ်သွားသလိုမျိုးပဲ၊ မြတ်နိုး
ဦး တွေ့ရဖို့ ဒီတစ်လမ်းပဲရှိလို့ အဲဒီဆိုင်ထဲကို အရဲစွန့်သွားရင်း
အချုပ်ထဲရောက်တဲ့အထိ ဖြစ်ခဲ့တာပဲ ကိုသားကြီး'

မင်းသွေးတစ်ယောက် အချုပ်ထဲရောက်သည့်ဖြစ်စဉ်ကို
သားပြီးပြီ၊ မြတ်နိုးဖြူဆိုသော မိန်းကလေးကိုယ်တိုင်က
နေးသို့ လှမ်းအကြောင်းကြားခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နေဦး မင်းသွေး၊ အဲဒီ စင်ဒရဲလား ဆိုင်ပိုင်ရှင်
က ဘယ်သူများလဲ၊ မင်းသွေးနဲ့ မြတ်နိုးနဲ့ ဘယ်လိုများ
သက်လို့လဲ'

'မိုးသက်ဝေနဲ့ မြတ်နိုးတို့က အချစ်ဆုံးသူငယ်ချင်း
လေ၊ မိုးသက်ဝေက မြတ်နိုးဖြူအပေါ်မှာတင် မဟုတ်
မြတ်နိုးဖြူ အသိုင်းအဝိုင်းအပေါ်မှာလည်း ဩဇာညောင်း
အဓိကကတော့ မင်းသွေးနဲ့ မြတ်နိုးကို ဒီမိန်းမက ကွဲ
တာ၊ တစ်လျှောက်လုံး မြတ်နိုးကို သွေးထိုးတယ်၊ မင်းသွေး
လည်း ဒီမိန်းမက လုံးဝကြည်ဖြူတာမဟုတ်ဘူး၊ အခု
လည်း မြတ်နိုးကို ဒီမိန်းမ လုံးဝချုပ်ကိုင်ထားတာ သေချာ

မိုးသက်ဝေအပေါ် မင်းသွေးက လုံးဝ အမြင်မ
လင်ပေ။ သူနှင့် မိုးသက်ဝေတို့ ဆက်စပ်ပတ်သက်နေ
လည်း မင်းသွေးတစ်ယောက် သိဦးမည်မထင်ပေ။

'ဒါကတော့ကွာ... မင်းသွေးကလည်း ဆိုးခဲ့
အရမ်းဆိုးပေခဲ့တာ မဟုတ်လား၊ ပတ်ဝန်းကျင်ဆိုတာက
သူတို့မှာရှိနေတဲ့ အစွဲလမ်းကို ရုတ်တရက်ကြီး ဖျောက်
မလွယ်ဘူး၊ မင်းသွေးက ဆက်မဆိုးဖို့ပဲ လိုတယ်လေ၊
လည်း အချိန်ကြာကြာ စောင့်စရာမလိုပါဘူး၊ ဒီလောက်
စိတ်ရှည်သည်းခံရမယ်လေ မင်းသွေး'

'မင်းသွေး လူကောင်းဖြစ်ပါပြီ၊ မူးယစ်ဆေး
သားကောင်ဘဝကနေ ရုန်းထွက်နေပါပြီဆိုတာကို အသိ





ရင်ရတာလဲ၊ ဘာလဲ... အဲဒီဘဝထဲကို ပြန်ရောက်သွား
င် သူတို့တွေ ပြန်တွန်းပို့နေတာများလား ကိုသားကြီး'

အခုအခြေအနေအထိတော့ သူပြောသမျှ စကားများကို
သွား လက်ခံနေ၏။ အခုကိစ္စမှာလည်း အရမ်းကို နူးညံ့သိမ်
နေသည်။ မြတ်နိုးဖြူဆိုသော မိန်းမကလေးကို မင်းသွေး
ဘယ်ချစ်ခဲ့ပုံရသည်။

တိုက်တိုက်ဆိုင်ဆိုင် မြတ်နိုးဖြူမှာ မိုးသက်ဝေနှင့်ပတ်
င်နေ၏။

'အချိန်တန်တဲ့အခါ မင်းသွေးအပေါ် မြတ်နိုး နားလည်
လိမ့်မယ်၊ သူ့ခမျာလည်း မင်းသွေးရဲ့ဒဏ်ကို အလူးအလဲ
ပေကပ်နေခဲ့ရတာ မဟုတ်လား'

'မင်းသွေး မြတ်နိုးကို အရမ်းချစ်တယ်၊ ဒီဘဝမှာ ဘယ်
ည်းနဲ့ဖြစ်ဖြစ် မြတ်နိုးနဲ့ ခွဲခွာနေလို့ မဖြစ်ဘူး၊ ဒါကိုလည်း
နိုးသိတယ်၊ ခက်နေတာက ဟိုမိန်းမ မိုးသက်ဝေပဲ၊ အဲဒီ
ရဲ့စကားကို မြတ်နိုး အောင်နေပြီ၊ လုံးဝ ယုံနေပြီ၊ ဒီအခြေ
မှာပဲ မင်းသွေးနဲ့ မြတ်နိုးတို့ တစ်ဘဝလုံး ဝေးသွားအောင်
မိန်းမ ထပ်ကြံစည်ဦးမှာပဲ ကိုသားကြီး'

မိုးသက်ဝေနာမည်ကို ထပ်မပြောဖြစ်အောင် သတိထား
သည်။ မိုးသက်ဝေကလည်း သူနှင့် မင်းသွေးတို့ ဆက်စပ်
သက်နေတာကို သိမည်မထင်ပေ။ မင်းသွေးနှင့် မြတ်နိုးဖြူ



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြန်လည်အဆင်ပြေစေဖို့ ကြားဝင်စေ့စပ်ပေးရမည်ဟု စိတ်… တွေးဖြစ်သည်။ ဒီစိတ်ကူးကလည်း ရှိပြီးသား။ အခုတော့ အဆ… ပြေစရာလမ်းကြောင်းက သူ့အလိုလိုပေါ်လာသည်။

'မင်းသွေးနဲ့ မြတ်နိုးတို့ ဘယ်တော့မှ မကွဲစေရဘူး… ကိုသားကြီး လုံးဝ အာမခံတယ်၊ ဒီကိစ္စအတွက်လည်း ကိုသား… ကြီးတာဝန်ထားလိုက်၊ မင်းသွေးက ကိုသားကြီးကို ကတိ… ပဲ ပြန်ပေး'

'ဘာများလဲ ကိုသားကြီး'

'အန်တီခင်မင်းထွေးခများလည်း မင်းသွေးစိတ်နဲ့ နေ… ညညဖြစ်နေရတာ မဟုတ်လား၊ မူးယစ်ဆေးဝါးနဲ့ စိတ်… လူပါ လုံးဝမပတ်သက်တော့ပါဘူးဆိုတဲ့ ကတိပဲ၊ ဘာအခ… အခဲပဲရှိရှိ ကိုသားကြီးနဲ့ တိုင်ပင်ပါ၊ မင်းသွေးစိတ်နဲ့ပဲ မဆုံးဖြ… ပါနဲ့'

'မာမီ့အတွက်ရော မြတ်နိုးအတွက်ပါ အဲဒီဘဝထဲ… လုံးဝ ပြန်မသွားတော့ပါဘူး၊ မင်းသွေးရဲ့ စိတ်တွေကိုလည်း… အပြီးအပိုင် ဆေးကြောပစ်ပါ့မယ်'

'ဝမ်းသာတယ် မင်းသွေးရာ၊ မြတ်နိုးကလည်း မင်း… သွေးအပေါ် ပြန်ပြီး နားလည်လာပါလိမ့်မယ်၊ ကိုသားကြီး ယုံ… တယ်၊ မင်းသွေးနဲ့ မြတ်နိုးတို့ ပြန်ပြီးအဆင်ပြေလိမ့်မယ်'

မင်းသွေးနှင့်ပတ်သက်ပြီး မိုးသက်ဝေနှင့် စကားမပြော… ရသေးဘဲ ရဲရဲအာမခံမိသည်။ တကယ်တမ်းမှာလည်း သူနှင့်…





…သက်ဝေတို့ အခြေအနေက ဘာမှရေရေရာရာရှိကြသေးတာ …တ်ပေ။

သူ့အဖို့ မိုးသက်ဝေအပေါ် တစ်ဖက်သတ်စွဲလမ်းနေ… …ာ အနေအထားမှာပင် ရှိနေသေး၏။

'မြတ်နိုး နားလည်လာတဲ့အထိ စောင့်ဆိုင်းစောင့်နိုင်ပါ …ယ် ကိုသားကြီး၊ အဲဒီကာလတွေမှာပဲ ဟိုမိန်းမကြောင့် ပြင်လို့ …မရအောင် မြတ်နိုး တစ်ခုခုဆုံးဖြတ်လိုက်မှာကိုအကြောက် …ပါပဲ'

သူနှင့် မိုးသက်ဝေသာ ပတ်သက်ဆက်စပ်မှုရှိမနေရင် …ာ့ ဒီကတိကို ရဲရဲပေးရဲမှာတော့မဟုတ်ပေ။ သူ့အနေဖြင့် …ကြားဝင်စေ့စပ်ပေးနိုင်စွမ်းရှိနေသည်။ သူကိုယ်တိုင်ရှင်းပြရင် …ာ့ မိုးသက်ဝေက လက်ခံနိုင်ကောင်းရဲ့ဟု တွေးမိသည်။

မြတ်နိုးဖြူနှင့် မင်းသွေးတို့ နှစ်ယောက်ကြားမှာ …သက်ဝေက အဓိကကျသောလူဖြစ်နေပြန်၏။

'ကိုသားကြီး လုံးဝအာမခံတယ်၊ စီစဉ်ထားတဲ့အတိုင်း မင်းသွေး ဆယ်ရက် တရားပတ်ဝင်လိုက်ပါ၊ မင်းသွေးဘဝ …တွက်ရော စိတ်အခြေအနေအတွက်ပါ လုံးဝ အကျိုးထူးပါလိမ့် …၊ တရားပတ်ပြီးတဲ့နေ့မှာ ကိုသားကြီးနဲ့ အတူတူ မင်းသွေးရဲ့ …တ်နိုးဖြူ လာကြိုရင် ပြီးတာပဲမဟုတ်လား'

သူက ယုံယုံကြည်ကြည်ဖြင့် ပြောလိုက်သော်လည်း …းသွေး ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလောက်ထိ လွယ်လိမ့်မယ်မထင်ဘူး ကိုသားကြီး
မင်းသွေးအပေါ် မြတ်နိုး သံယောဇဉ်မထားနိုင်တော့ဘူး ထင်
တယ်'

မင်းသွေးကတော့ အကောင်းဆုံးအခြေအနေကို လုံး
မျှော်လင့်မထားပေ။ ကံကြမ္မာကို စိတ်လျှော့ထားပုံရသည်။

✠ ✠ ✠

ဆရာကြီး ဦးကိုအင်ကာ၏ မမ္မဇောတိရိပ်သာသို့
မင်းသွေးအား လိုက်ပို့ပေးဖြစ်သည်။ ဆယ်ရက်ကြုံတွေ့ရမည့်
တရားဒေသနာများကိုလည်း မင်းသွေးသိအောင် ပေးဖတ်ထား
ပြီးသား။

မင်းသွေး၏ စိတ်အစဉ်ကို ဒီနည်းဖြင့် ဆေးကြောတ
တာ အကောင်းဆုံးဟု တွေးပြီး တရားစခန်းဝင်နိုင်းခဲ့ခြင်းဖြစ်
သည်။ မင်းသွေးကိုယ်တိုင်ကလည်း လိုလိုချင်ချင် လက်ခံခဲ့
သည်။

'အရက်သောက်တတ်လား၊ မူးယစ်ဆေးဝါး သုံးစွဲဖူး
လားဆိုတာကို ဘယ်လိုရေးထည့်ရမလဲ ကိုသားကြီး'

တရားဝင်ပတ်သက်ဖို့ ရိပ်သာမှာ ဖောင်ထည့်ရသည်။
မင်းသွေးအတွက် အစစအရာရာ အဆင်ပြေအောင် သူစီစဉ်ပေး
ရသည်။

'အမှန်အတိုင်းပဲ ဖြည့်လိုက်ပါ မင်းသွေး၊ မင်းသွေးနဲ့
သက်တဲ့ စိတ်အခြေအနေကို ဆရာတွေ အမှန်အတိုင်း သိရ
ပေါ့'

သူ့အကြံဉာဏ်ကိုယူပြီး စာရွက်ပေါ်မှာ မင်းသွေး ရေးချ
သည်။ မင်းသွေးကိုစွန့်ဖို့ သတိမေ့လျော့တော့မလို ဖြစ်
သည်။ နာရီကိုကြည့်မိတော့ တစ်နာရီထိုးဖို့ စက္ကန့်အနည်း
သာ လိုတော့၏။ မင်းသွေးကို ခဏထားခဲ့ပြီး သစ်ပင်ရိပ်
တ်မှာ ဖုန်းဆက်လိုက်ရသည်။

'တို့ စက္ကန့်အနည်းငယ် နောက်ကျသွားတယ် မိုးသက်
ဒီအတွက် တို့ကို ခွင့်လွှတ်နော်'

'ရပါတယ်... ဘာလဲ အလုပ်တွေ အရမ်းရှုပ်နေလို့
၊ ဒါဆိုရင်တော့ ပြောမယ်လို့ တွေးထားစကားကို မပြော
တော့ဘူး'

'ဘာစကားလဲ ပြောပါ မိုးသက်ဝေ'

'ပြောလိုက်ရင် အလုပ်ရှုပ်နေရတဲ့ကြားထဲ ဘာလုပ်ရ
မသိအောင် ဖြစ်မှာစိုးလို့လေ'

'တို့ဘဝမှာ မိုးသက်ဝေလောက် အရေးကြီးတာ မရှိ
ဘူး၊ ပြောပါကွာ... ပြောမယ်လို့ ဆုံးဖြတ်ထားပြီး မပြောဘဲ
ရင် နားထောင်ချင်တဲ့လူကို ညှဉ်းဆဲခဲ့တဲ့အတွက် ငရဲကြီး
မယ်'

'ဒါဆိုရင် ပြောမယ်၊ မနက်ဖြန်ကျရင် အားရောအား



www.burmeseclassic.com

www.burmeseclassic.com



ရဲ့လား'

'အားပါတယ်... ပြောပါ'

'မနက်ဖြန် တစ်နာရီတိတိမှာ ကျွန်မတို့ချင်း ဆုံကြရအောင်'

အတိုင်းမသိအောင်ကိုပင် စိတ်ထဲမှာ ကြည်နူးသွားမိသည်။ မိုးသက်ဝေ ချိန်းဆိုထားသော နေရာကို ဝမ်းသာစိတ်ဖြင့် လိုက်မှတ်ဖြစ်သည်။ လူချင်းမလွဲရအောင်ကိုလည်း သေသေချာချာ ပြောရသေးသည်။

ဖုန်းချခါနီးမှာပင် သူ့အနားသို့ မင်းသွေး ရောက်လာခြင်း သူ့အတွက်ပါမဟုတ်၊ လူချင်းဆုံဖြစ်သည့်အခြေအနေသို့ ရောက်လာပါက မင်းသွေးအတွက်ပါ အလားအလာကောင်းနေသည်။

'နေရာတို့ အခန်းတို့ သိပြီမဟုတ်လား မင်းသွေး'

'သိပြီ ကိုသားကြီး၊ ဒီဝန်းကျင်က တိတ်ဆိတ် အေးချမ်းလွန်းတယ်၊ ဒီတရားပတ်မှာ ဆေးလိပ်လုံးဝမသောက်ရဘူး၊ စကားလုံးဝ မပြောရဘူးလို့ ကန့်သတ်ထားတော့ မင်းသွေး အတွက် တစ်မျိုးကောင်းတယ်'

'ဒါပေါ့... မင်းသွေး၊ တချို့ တရားစခန်းတွေက ဆေးလိပ်သောက်ခွင့်၊ စကားပြောခွင့်ကို မပိတ်ပင်ဘူး၊ မေမွှေးတိက မင်းသွေးနဲ့ ကိုက်တယ်လို့ထင်လို့လေ၊ ကိုသားကြီးလည်း ဒီစခန်းမှာ သုံးလေးခါ ဝင်ဖူးတားတယ်၊ ဒီကမ္မဋ္ဌာန်းနည်းက ဂုရုကြီးဦးဂိုအင်ကာရဲ့ ဘဝနေနည်းပါပဲ၊ လယ်တီဆရာတော်



ရဲ့မှုကို ဆရာသက်ကြီးက ဆက်ခံတယ်၊ ဆရာသက်ကြီး တစ်ဆင့် ဆရာကြီး ဦးဘခင် လက်ထဲ ရောက်တယ်၊ ကြီးဟာ ဆရာကြီးဦးဘခင်ရဲ့ တပည့်ပဲ၊ နေ့စဉ် ဓမ္မဒေသနာ ကို နားထောင်ရတဲ့အခါ မင်းသွေး သိလာပါလိမ့်မယ်၊ ကယ်တော့ မင်းသွေးရဲ့စိတ်ကို မင်းသွေးကိုယ်တိုင် တစ်ရက် တစ်ရက် အနက်ရှိုင်းဆုံးရောက်အောင် ခွဲစိတ်လာနိုင်ပါ မယ်'

တကယ်တမ်းမှာလည်း မင်းသွေး၏ အတွင်းရှိသူများ သော ကိလေသာအညစ်အကြေးများကို မင်းသွေးကိုယ်တိုင် များသုတ်သင်ပစ်မည်ဟု ယုံကြည်မိသည်။

'တရားပတ်က ညနေငါးနာရီမှ စမှာနော် ကိုသားကြီး၊ သားကြီး မင်းသွေးကို ထားရင်ထားခဲ့တော့လေ'

အဆောင်မှာ နေရာချပေးပြီးတော့ သူ့ကို မင်းသွေး ပြောသည်။

'ပစ္စည်းတွေ ထားခဲ့လို့ရတယ်၊ အပြင်မှာ ကိုသားကြီး လက်ဖက်ရည်ထွက်သောက်ပါလား၊ ဆေးလိပ်တွေဘာတွေ လည်း သောက်ရင် သောက်လို့ရအောင်လေ'

'ကောင်းသားပဲ'

'ဒီဆယ်ရက်တရားပတ်ကို ဖွဲ့ရှိရှိနဲ့ သည်းခံပြီးနေနိုင်အောင် ကြိုးစားကြည့်ပါ မင်းသွေး၊ တကယ့်ကို မင်းသွေး အတွက် အကျိုးထူးမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှာတော့ ဒီလောက်ပဲ မင်းသွေးအား ပြော
ဖြစ်သည်။ မနက်ဖြန်ဆို မိုးသက်ဝေနှင့် လူချင်းတွေ့ဖြစ်ကြသည်။
သူ့ကိုယ်ရေးကိုယ်တာထက် မင်းသွေးနှင့် မြတ်နိုး
တို့ကိစ္စက ပိုပြီးအရေးကြီးသည်ဟု ခေါင်းထဲမှာ စွဲမှတ်ထားဖြစ်
သည်။

ဓမ္မဓောတီ၏ ကြေညာချက်သင်ပုန်းတွင် ကပ်ထား
သော 'ဥပေက္ခာ'၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အား သူရော မင်းသွေး
ပါ တိုင်ပင်မထားဘဲ ပြိုင်တူဖတ်ဖြစ်ခဲ့ကြသည်။

Upekkha or Equanimity

is the state of mind free from craving (likes), aversion (dislikes) and Ignorance.

is the state of mind when one is not reacting to any lind of sensation either by liking or disliking.

(ဥပေက္ခာသည် ချစ်ခြင်း မုန်းခြင်း မသိကျိုးကျွံနေခြင်းစသော တုံ့ပြန်မှုများကို မပြုလုပ်ခြင်းဖြစ်သည်။)

✠ ✠ ✠





၃။

ချိန်းဆိုထားသော နေရာသို့ရောက်တော့ မိုးက အုံ့ဆိုင်းဆိုင်း။ ကားပေါ်မှာထိုင်ရင်းကပင် မိုးသက်ဝေအလာကို မျှော်နေဖြစ်သည်။ နေ့လယ် ဆယ့်နှစ်နာရီခွဲတော့ ကောင်းကင်တစ်ခုလုံး ညို့မှောင်လို့လာ၏။

လေအဝှေ့မှာပင် ရင်ထဲမှာ စိမ့်ချင်နေ၏။

မိုးပြိုက မိုးသက်ဝေ အလာခက်မည်ကို ပူပန်မိသည်။

မင်းသွေးတစ်ယောက်တည်း ဆယ်ရက်တာရားပတ်၏ ထမဆုံးနေ့ကို ကြုံတွေ့ရင်ဆိုင်ရပေတော့မည်။

ကြည့်နေရင်းမှာပင် လမ်းမပေါ်မှာ ကားတစ်စီးရပ်သည်ကို မြင်၏။ ညို့မှောင်သောမိုးမှာ ရွာဟန်ပြင်ပြီ။

အဖြူရောင်သဏ္ဌာန်လေး ကားပေါ်မှ ဆင်းလိုက်သည်။ သေချာကြည့်လိုက်တော့ မိုးသက်ဝေဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ဆုံတွေ့ခဲ့စဉ်က အဖြူရောင်ဝတ်စုံလေး မှတ်မှတ်ရရ မိုးသက်ဝေ ဝတ်လာဖြစ်သည်လား။

မိုးရွာတော့မည်ကို သတိရပြီး ထီးယူကာ ကားပေါ် ဆင်းလိုက်သည်။ အဝေးဆီမှ ပြိုကျလာသော မိုးလေသံ ကြောင့်ပင် ထီးဖွင့်ပြီး အနားရောက်အောင် အားကုန်ပြေးရသည်

သူ့ထီးရိပ်အောက်ဆီ မိုးသက်ဝေ ခိုသည်နှင့် သဲပြ မဲကြီးရွာချတော့သည်။

'တို့သာ အရောက်မမြန်ရင် မိုးသက်ဝေတော့ စ စက်ကျမှာ သေချာတယ်'

'ရှင်'

သူ့ကိုယ်သူ ဂရုမထားဘဲ မိုးသက်ဝေအား လုံအောင် ဆောင်းပေးဖြစ်သည်။ မျက်နှာချင်းအဆုံမှာ အံ့ဩထိတ်လန့် တုန်လှုပ်သော အမူအရာလေးက ချစ်စရာကောင်းနေသေး

'ကားပေါ်အရင်တက်လိုက်ပါ မိုးသက်ဝေ'

ဖုန်းထဲမှာ ရွှန်းရွှန်းဝေအောင် ပြောတတ်ပေမယ့် အပြင် မှာတော့ စကားနည်းလွန်းနေသည်။ သူခိုင်းစေသည့်အတိုင်း မိုးသက်ဝေ ပြုမူ၏။ လူချင်းဆုံတော့ သူ့ကို ရှက်ကြောက်နေပုံ ရသည်။

ဖုန်းထဲမှာလို မိုးသက်ဝေ နှုတ်မသွက်။ 'ရှင်'ဆိုသော စကားသံကိုသာ ခပ်တိုးတိုးကြားရတာပဲရှိသည်။

'မိုးတွေကတော့ သည်းကြီးမည်းကြီး ရွာနေတယ်





သက်ဝေ၊ ဘယ်သွားချင်လဲ၊ မိုးစဲအောင် ဒီမှာပဲ ခဏစောင့် လား'

သူ့ကိုယ်မှာ မိုးရေများစိုနေ၏။ မိုးသက်ဝေ၏နှုတ်မှ ဘဲ ခေါင်းယမ်းပြသည်။ မိုးကလည်း နှစ်ယောက်စလုံး မှာ သည်းကြီးမည်းကြီး ဖြစ်နေတော့၏။

'ဒါဆိုလည်း ဒီမှာပဲ ခဏစောင့်လိုက်ကြရအောင်၊ မှ တစ်နေရာရာ သွားကြတာပေါ့'

မိုးသက်ဝေ၏ နှုတ်ခမ်းအလှုပ်ကို ငံ့လင့်နေသော်လည်း မထူးခြား။ ခေါင်းညိတ်ရုံသာ မိုးသက်ဝေ ပြုမူသည်။

မိုးလေကြားမှာ သူနှင့်လာတွေ့ရသောကြောင့် မိုးသက် ကြောက်လန့်အားငယ်နေသည့်လား မပြောတတ်ပေ။

ဟုတ်တော့ ဟုတ်သည်ပဲ။ လူချင်းဆုံဖြစ်ကြတာ ပထမ အကြိမ်ဆိုတော့ မိုးသက်ဝေ စိတ်ရောကိုယ်ပါ မရဲတင်းနိုင် ပေ။ မင်းသွေးမျက်နှာလေးကို မြင်ယောင်ဖြစ်သည်။

အခုချိန်မျိုးမှာ ရင်ခုန်စရာကောင်းသော ကိုယ်ရေး ယ်တာတွေထက် မင်းသွေးနှင့် မြတ်နိုးဖြူတို့အကြောင်းကို ပြောတာ အကောင်းဆုံးပဲဟု တွေးမိလိုက်သည်။

'မိုးသက်ဝေ'

'ရှင်'

'ရှင်'ဆိုသော အသံက အနည်းငယ်ကျယ်ပြီး ကြောက် ထိတ်လန့်မှုတွေပါနေ၏။ သူ့အနားမှာ နေရထိုင်ရတာ မိုးသ



www.burmeseclassic.com

www.burmeseclassic.com



ဝေအဖို့ လိပ်ပြာငယ်နေသည်လား။

'ဘာလဲ… တို့နဲ့လာတွေ့ရတာ အခုမှ နောင်တ…
ကြောက်ရွံ့ထိတ်လန့်နေတာလား'

'မဟုတ်ပါဘူး… ဟို'

'ပြောလေ မိုးသက်ဝေ'

ဖုန်းထဲက အသံနှင့်တော့ လုံးဝမတူဘူး၊ ရင်ခုန်…
၍ အသံပုံမှန်မဖြစ်ခြင်းဟု တွေးမိသည်။

ဘာမှဆက်မပြောဘဲ သူ့ကို စိုက်ကြည့်နေပြန်၏။

'ဖုန်းထဲမှာ မိုးသက်ဝေအသံက နည်းနည်းမာဆ…
ဆတ်နိုင်နေသလိုပဲ၊ အပြင်မှာတော့ အရမ်းကို ပျော့ပျောင်းလျ…
နေတယ်၊ ပြီးတော့ အသံလည်း နည်းနည်းကွဲနေသလိုပဲ…
ဖြစ်တတ်ပါတယ်၊ အချို့ဆိုရင် အပြင်မှာ စကားပြောတာ…
တစ်မျိုး၊ ဖုန်းထဲမှာဆို အသံပြောင်းသွားတတ်ကြတယ်'

စကားမရှိ စကားရှာပြီး မိုးသက်ဝေ စကားပြော…
အောင် ရေလာမြောင်းပေးလုပ်ရတော့သည်။

မိုးသက်ဝေ၏ နားဝင်ချိုဖွယ် စကားသံများကို မ…
မထင်ဘဲ ကြားလိုက်ရတော့ ဘာဖြစ်မှန်းမသိအောင်ကိုပင် တု…
လှုပ်သွားမိသည်။

'ကိုရဲရင့်ဇော်'

'ပြောလေ မိုးသက်ဝေ'

'ကျွန်မက ရှင်နဲ့ ဖုန်းပြောနေကျ မိုးသက်ဝေ မဟု…





…း ကိုရဲရင့်ဇော်'

'ဘာပြောတယ်'

'ဟုတ်ပါတယ်… ကျွန်မက မိုးသက်ဝေ မဟုတ်ဘူး'

သူ့တုန်လှုပ်မှုများကြောင့်ပင် မိုးတိတ်သွားလေသလား၊
…စပ်စပ်ကြီးဖြစ်လာ၍ လေအေးစက်ကို ဖွင့်လိုက်ရသည်။

'ဟာ… မနောက်ပါနဲ့၊ တို့စတွေ့တဲ့နေ့တုန်းက ဒီဝတ်စုံ
…းကို မိုးသက်ဝေ ဝတ်ထားခဲ့တယ်၊ မိုးသက်ဝေက တို့ကို
…တ်မိပေမယ့် တို့ကတော့ အမြဲမှတ်မိသတိရနေတယ်၊ မင်း
… ဘယ်ဘက်နှုတ်ခမ်းထောင့်စွန်းက မှဲ့စိမ်းစိမ်းကိုပေါ့'

သူ့ဘက်က သက်သေအထောက်အထားများဖြင့် စွဲလမ်း
…ကို ပြလိုက်မိသည်။ ဒါပေမဲ့ ကြုံတွေ့ရသော အခြေအနေက
…မ်းမက်ကို မြင်မက်နေသလိုမျိုး ဖြစ်နေ၏။

'ကိုရဲရင့်ဇော် ဆိုခဲ့ စွဲလမ်းခဲ့တာ ကျွန်မ ဖြစ်ကောင်း
ဖြစ်ပါလိမ့်မယ်၊ ဒါပေမဲ့ အမြဲဖုန်းပြောဖြစ်တဲ့သူဟာ ကျွန်မ
မဟုတ်ဘူး၊ ကျွန်မဟာ မိုးသက်ဝေ မဟုတ်တာတော့ အရမ်း
သေချာတယ် ကိုရဲရင့်ဇော်'

ဖုန်းတွေ အပြန်အလှန်ပြောဖြစ်ကြပြီး လူချင်းလာတွေ့
သောအခါမှ လွဲမှားမှုတွေဖြစ်ရခြင်းကို မတွေးတတ်အောင် ခေါင်း
…းသွားတော့သည်။

အံ့သြခြင်း၊ တုန်လှုပ်ခြင်းများစွာလည်း ဖြစ်ရသည်။

'ဒါဆို မင်း ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



‘ကျွန်မ မိုးသက်ဝေမဟုတ်တာ သေချာတယ်၊ ကျွန်
နာမည်က မြတ်နိုးဖြူပါ’

‘မြတ်နိုးဖြူ’

မှတ်မထင်ဆုံခဲ့ပြီး တစ်ချိန်လုံးစွဲလမ်းခဲ့ရသောသူ
မြတ်နိုးဖြူဖြစ်နေသည်တဲ့။

မိုးကြိုးပစ်ချခံလိုက်ရသလို နေရာမှာပင် ကွယ်ပျော
သွားချင်တော့၏။

✠ ✠ ✠

မင်းသွေးတစ်ယောက်ကတော့ ကမ္ဘဋ္ဌာန်းနည်းဖြ
သမာဓိတွေ ပျိုးထောင်နေချိန်မှာ သူ့စိတ်တွေကတော့ က
ကလျား နိုင်လွန်းနေတော့သည်။ လွဲမှားမှုအတွက်လည်း ခေါင်း
နေဖြစ်သည်။

‘မြတ်နိုးဖြူဆိုတာ သေချာရဲ့လား’

‘သေချာပါတယ် ကိုရဲရင့်ဇော်၊ နိုင်ငံသားစိစစ်ရေးကတ်
တော့ ပါမလာဘူး၊ ကျောင်းတက်တုန်းက ရထားတဲ့ ကျောင်း
သားကတ်အဟောင်းတော့ ပါလာတယ်၊ ဒီမှာကြည့်ပါ’

အံ့သြခြင်း၊ ရှက်ကြောက်ခြင်းများဖြင့် လက်တွေယ
တုန်ယင်နေသည်။ မြတ်နိုးဖြူပေးသော ကျောင်းသားကတ်
ယူကြည့်ဖြစ်သည်။

စွဲလမ်းရူးသွပ်ခဲ့ရသောချစ်သူမှာ မိုးသက်ဝေဆိုတာ





တော်ဘဲ မြတ်နိုးဖြူအမှန်စင်စစ် ဖြစ်နေလေ၏။

‘ကျွန်မက တကယ့်ကို မြတ်နိုးဖြူပါ၊ မိုးသက်ဝေ
ဟုတ်ပါဘူး’

‘ဒါဆို မင်းသွေးကို မင်း သိလား’

‘သိပ်သိတာပေါ့ ကိုရဲရင့်ဇော်၊ မင်းသွေးဟာ မြတ်နိုး
ချစ်ရဆုံးသော လူဆိုးလူမိုက်လေးတစ်ယောက်ပဲ၊ ဒီအဖြစ်တွေ
လည်း မကြာခင်ကပဲ ပြီးဆုံးရပ်စဲသွားခဲ့ပါပြီ’

သူတို့တွေကြားမှာ မှားယွင်းမှုတွေအများကြီး ရှိခဲ့ကြ
သေချာနေသည်။ အမှားတကာ့ အမှားဆုံးကတော့ မင်းသွေး
သူ မြတ်နိုးဖြူအား လွဲမှားစွာ စွဲလမ်းခင်တွယ်နေခဲ့ခြင်းပင်။

‘ဒါဆို မိုးသက်ဝေဆိုတာ ဘယ်သူလဲ’

‘ဒီနေ့ချင်း မြတ်နိုးပြောရင် ပြီးတော့ပြီးပါတယ်၊ ဒါပေမဲ့
က်သေအထောက်အထားနဲ့ ရှင်းပြတာက ပိုပြီးသင့်တော်မယ်
င်တယ်၊ မိုးသက်ဝေဆိုတာ မြတ်နိုးရဲ့ အချစ်ရဆုံးသူငယ်
င်းတစ်ယောက်ပါ၊ အခုလိုဖြစ်ခဲ့ကြတာ ဘယ်သူ့ဘယ်သူမှ
ဖြစ်မရှိကြပါဘူး၊ ကိုရဲရင့်ဇော် စိတ်အနှောင့်အယှက်ဖြစ်အောင်
ခဲ့တဲ့ မြတ်နိုးရဲ့သူငယ်ချင်းကိုယ်စား မြတ်နိုးက တောင်းပန်
တယ်’

‘ဟုတ်ပါတယ် ကိုရဲရင့်ဇော်၊ မိုးသက်ဝေ လုပ်ခဲ့ကိုင်
တာတွေဟာ မြတ်နိုးနဲ့ ပတ်သက်နေပါတယ်၊ ဒါကြောင့်
တ်နိုး တောင်းပန်တာပါ၊ သူ့ဆီဖုန်းဆက်မနေပါနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုရဲရင့်ဖော်၊ မနက်ဖြန် တစ်နာရီ ဒီနေရာကို မြတ်နိုးကိုယ်တိ

ရောက်အောင် လာခဲ့ပါ့မယ်၊ မနက်ဖြန်ကျရင် အဖြစ်အပျ

အားလုံးကို ကိုရဲရင့်ဖော် ရှင်းရှင်းလင်းလင်း သိသွားပါလိမ့်မ

သက်သေအထောက်အထားတွေနှင့် ဖြစ်ပျက်ခဲ့သမျှ

ကို မြတ်နိုးဖြူ ရှင်းပြမည်တဲ့။

မိုးသက်ဝေဆိုတာကို သူ မမြင်ဖူး၊ မြတ်နိုးဖြူအထ

ဖြင့် စကားတွေနယ်ကျွံဖြစ်ခဲ့သော မိုးသက်ဝေ၏ လှည့်ဖြားမှု

ခံခဲ့ရသည်။

ရှက်ခြင်း၊ ထိတ်လန့်ခြင်းဖြင့် အသက်ရှုပင် မှား

သည်လေ။

✠ ✠ ✠



၄။

ချိန်းဆိုထားသည့်အတိုင်းပင် တစ်နာရီတိတိမှာ သူရှိ

နေရာသို့ မြတ်နိုးဖြူ ရောက်လာသည်။

မိုးသက်ဝေဆိုတာကိုတော့ အခုထိ လူလုံးမမြင်ရသေး

။ မြတ်နိုးဖြူနှင့် ပတ်သက်ပြီး ပြစ်မှုတစ်ခုကို စိတ်ဖြင့်

လွန်မိသလိုမျိုး ခံစားနေဖြစ်ပြန်သည်။

အပြင်ကို စိတ်တိမ်းညွှတ်အောင် ဖမ်းစားထားပေမယ့်

ဖြစ်နိုင်တော့ဘူးဆိုသော အသိကြောင့်ပင် ရင်နာဖြစ်ပြန်သည်။

'မြတ်နိုးရောက်လာတာ တစ်နာရီတိတိပါပဲနော် ကိုရဲရင့်

'

မင်းသွေးနှင့်သာ မပတ်သက်ခဲ့ဘူးဆိုရင်တော့ မြတ်နိုး

အား ဆက်လက်တမ်းတနေဖြစ်မှာ သေချာ၏။ လူချင်းဆုံ

သော်လည်း သူ့စိတ်ကိုယ်နှလုံး သုံးပါးစလုံးမှာ စောင့်စည်း

တွေ ပြည့်နှက်လို့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



'တို့ မြတ်နိုးဖြူသိအောင် ပြောပြစရာတွေရှိတယ် စကားတွေကိုတော့ အလေးအနက်ထားပြီး နားထောင်ပေး တယ်၊ ပြီးခဲ့တဲ့ ဖြစ်ခဲ့တာတွေအားလုံးကို အိပ်မက်တစ် တို့ သဘောထားပါတယ်'

'ဒါဆိုလည်း သက်သေအထောက်အထားနဲ့ မြတ် ပြောမှာကို အရင်နားထောင်၊ ပြီးမှ ကိုရဲရင့်ဇော် ပြောချင် စကားတွေကို မြတ်နိုး နားထောင်ပေးမယ်၊ ဟုတ်ပြီလား'

မြတ်နိုးဖြူပြောမည်ဆိုသည့် ကိစ္စတွေက မိုးသက် နှင့် ပတ်သက်ရာများဆိုတာကို အကြမ်းဖျင်း သိထားသည်

သူပြောပြမည့် မင်းသွေးနှင့် ပတ်သက်ရာများကို မြတ်နိုးဖြူတစ်ယောက် ရိပ်စားမိမည်မထင်ပေ။ သူနှင့် မင်း တို့ ဆက်စပ်ပတ်သက်ခြင်းကိုလည်း မြတ်နိုးဖြူသိမည်မထ

ယူလာသော လက်ကိုင်ဖုန်းအား သူ့လက်ထဲသို့ မြ နိုးဖြူ ထည့်ပေးလာသည်။

'ဟန်းဖုန်းထဲမှာ ရုတ်တရက်ရိုက်ပြီး မှတ်တမ်း ထားတဲ့ ပုံတွေကို တစ်ချက်လောက် ပြန်ကြည့်လိုက်ပါ ကို ဇော်၊ ဒီပြဿနာကို ဖြစ်ပွားစေတဲ့ အဓိကအကြောင်းရင်းတ ပါပဲ'

'တို့ပုံတွေပါလား မြတ်နိုး'

'ဟုတ်ပါတယ်... မိုးတွေရွာတဲ့ တစ်နေ့၊ မိုးသက် နဲ့ ကိုရဲရင့်ဇော်တို့ ဆုံဖြစ်တုန်းက မိုးသက်ဝေ ရိုက်ခဲ့တဲ့ပုံ





။ အဲဒီနေ့က ကိုရဲရင့်ဇော်နားကို အမျိုးသမီးတစ်ယောက် တ်လာပြီ၊ ချော်လဲမလိုဖြစ်မယ်၊ ကိုရဲရင့်ဇော်ဟာ ရုတ်တရက် လိုက်ရတယ်၊ ပြုတ်သွားတဲ့ အဲဒီအမျိုးသမီးရဲ့ ဖိနပ်ကိုလည်း ဖြစ်အောင် ပြင်ပေးလိုက်ရသေးတယ်၊ အဲဒီအဖြစ်အပျက်ကို ရဲရင့်ဇော် မှတ်မိနေလိမ့်မယ်ထင်တယ်'

မြတ်နိုးဖြူ၏ စကားတွေကြောင့်ပင် နောက်ကြောင်းပြန် စားရင်းက ရေးရေးပေါ်လာသည်။

ပထမတစ်ရက် မြတ်နိုးဖြူနှင့်ဆုံပြီး နောက်တစ်ရက် လိုတွေ့ကြား လာစောင့်တုန်းခိုက်မှာ ဖြစ်ပျက်ခဲ့ခြင်းပေပဲ။

'ရေးရေးတော့ မှတ်မိတယ်၊ ပြန်မပြောတော့ဘူးလို ဖြတ်ထားပေမယ့် ပြောပြချင်သေးတယ်၊ အဲဒီနားတစ်ဝိုက်မှာ တ်နိုးကို တွေ့လိုက်ရတယ်၊ နောက်နေ့တွေ့လိုတွေ့ကြား လာရှာ င်းက အဲဒီအဖြစ်အပျက်နဲ့ ကြုံလိုက်ရတာတော့ အမှန်ပါပဲ'

'ထားလိုက်ပါ ကိုရဲရင့်ဇော်၊ ဒီပန်းချီကားကိုလည်း စ်ချက်လောက် ကြည့်ပေးပါဦး'

လက်ကိုင်ဖုန်းပြီးတော့ ပန်းချီကားတစ်ချပ်ကို မြတ်နိုး ကိုယ်တိုင် ဖွင့်ပြလာပြန်သည်။

ရိုက်ထားတဲ့ပုံတွေကို တွေ့တုန်းကတော့ မအံ့ဩမိသေး ။ အသက်ဝင်လှသော သူ့ပုံတူပန်းချီကားကို မြင်လိုက်ရသော အခါ အတော်လေး အံ့ဩသွားဖြစ်သည်။

'တို့ပုံကို ဆွဲထားတာပါလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ကိုရဲရင့်ဇော်၊ ရိုက်ထားတဲ့ပုံတွေ ဆက်စပ်ကြည့်ပြီး မိုးသက်ဝေ ပူဆာလွန်းလို့ မြတ်နိုးကိုယ် ဆွဲပေးခဲ့ရတာပါ'

'မြတ်နိုးက တို့ကို စိတ်ထဲမှာ မှတ်မိနေတဲ့သဘော လား'

'မြတ်နိုး ကိုရဲရင့်ဇော်ကို မသိပါဘူး၊ ဆုံဖြစ်ခဲ့တာ လည်း အမှတ်လုံးဝမရဘူး၊ ဒီစကားပြောတဲ့အတွက် စိတ် မရှိပါနဲ့၊ ဒီပန်းချီကား အသက်ဝင်သွားရတာလည်း ကျွ စိတ်ထဲမှာ အမြဲတမ်းရှိနေတဲ့ လူတစ်ယောက်ရဲ့ မျက်လုံးအကြ နဲ့ နှာတံကျပုံကို ဆွဲထည့်ပေးလိုက်ဖြစ်တာပါ'

မြတ်နိုးပြောမှပင် သူလည်း အမှတ်ထားဖြစ်သည် သူနှင့် မင်းသွေးတို့မှာ သွေးသားမကင်းသူတွေမို့ မျက်လုံး နှာတံအကျတို့မှာ ဆင်ဆင်တူနေသည်ပဲ။

'မြတ်နိုးပြောချင်တဲ့ လူဆိုတာ မင်းသွေးမဟုတ်လ ဟင်'

'ဟုတ်ပါတယ်... မင်းသွေးနာမည်ကိုပြောတာ ဒါ နှစ်ခါရှိသွားပြီ၊ မင်းသွေးနဲ့ ကိုရဲရင့်ဇော်က ဘယ်လိုများပတ်သ နေလို့လဲ'

'မြတ်နိုးဝေ ပြောစရာရှိတာတွေကို ပြီးအောင်ပြော ပြီးမှ တို့ပြောပြပါ့မယ် မြတ်နိုး'

မြတ်နိုးဖြူမှာ ပြောစရာစကားတွေ ကျန်နေသေး





သဘောတူညီခဲ့သည့်အတိုင်း စည်းစောင့်ရမည်လေ။

'မြတ်နိုးထက်ငယ်တဲ့ မင်းသွေးဆိုတဲ့ ချာတိတ်ကို စွဲစွဲ မြဲမြဲ ချစ်ခဲ့မိတယ်၊ သူက လူဆိုးလေးတစ်ယောက်ပါ၊ မြတ်နိုးနဲ့ မင်းသွေးကို မိုးသက်ဝေက လုံးဝသဘောမတူပါဘူး၊ ဒီအချက်ကပဲ မြတ်နိုးနေရာမှာ မိုးသက်ဝေက လူစားဝင် ဟန် ဆောင်ဖြစ်ခဲ့တာပါ၊ ကျွန်မကို ရုတ်တရက် စိတ်ဝင်စားလာတဲ့ ကိုရဲရင့်ဇော်နဲ့ အဆင်ပြေစေဖို့ မိုးသက်ဝေက ဖုန်းနဲ့ လက်ခံ စကားတွေ ပြောခဲ့တာပါ၊ မြတ်နိုးနဲ့ ရုတ်တရက်ဆုံဖြစ်ခဲ့တာ အုတ်ကောင်းဟုတ်နိုင်ပါလိမ့်မယ်၊ ဆိုင်အထိလိုက်လာပြီး ဖိနပ် ဝယ်ခဲ့တယ်ဆိုပေမယ့် ကိုရဲရင့်ဇော်ကို မြတ်နိုး မမှတ်မိတာတော့ အရမ်းကို သေချာတယ်'

'ဩော်... တို့ယူလာဖြစ်တဲ့ လိပ်စာကတ်က မိုးသက် ဝေရဲ့ လိပ်စာကတ်ပဲကိုး'

'ဟုတ်ပါတယ်... စင်ဒရဲလားဟာ မိုးသက်ဝေရဲ့ဆိုင် ပါ၊ မြတ်နိုးကတော့ တစ်ခါတလေ အပျင်းပြေသဘောမျိုး ဆိုင် ထိုင်တတ်ပါတယ်၊ အဲဒီမနက်ကလည်း မိုးသက်ဝေ ခရီးသွား နေတဲ့ရက်ပါ'

'မြတ်နိုးပြောချင်တာတွေ ပြည့်စုံသွားပြီလား၊ ပြီးခဲ့ တာတွေအတွက် မိုးသက်ဝေ အပါအဝင် ဘယ်သူဘယ်သူ့ကိုမှ တို့အပြစ်မတင်ချင်ပါဘူး၊ တို့ပြောမယ့်စကားတွေကိုတော့ မြတ်နိုး နားထောင်ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ခဏလေးစောင့်ပါဦး ကိုရဲရင့်ဇော်၊ မြတ်နိုး အခ်
ပြောပြချင်တဲ့ စကားတွေ ကျန်နေသေးတယ်၊ မင်းသွေးနဲ့ လွဲ
ပြီးရော၊ ကိုရဲရင့်ဇော်နဲ့ မြတ်နိုးကို ဟန်ဆောင်ဆက်သွယ်ပေ
တယ်ဆိုပေမယ့် ကိုရဲရင့်ဇော် ဘယ်သူဘယ်ဝါဆိုတာ မိုးသ
ဝေ မသိရှာဘူး၊ တကယ်တော့ မိုးသက်ဝေစိတ်ထဲမှာ ယောက်
တစ်ယောက်ကို အစွဲအလမ်းဖြစ်ခဲ့တယ်၊ ဖုန်းထဲကပုံတွေ ဒီပန်
ကားတွေက မိုးသက်ဝေ စွဲလမ်းမှုရဲ့ ပြယုဂ်တွေပါပဲ ကိုရဲရ
ဇော်၊ မြတ်နိုးအတွက် သူကိုယ်တိုင် ဟန်ဆောင်အောင်သွယ်လု
ပေးခဲ့တဲ့ ယောကျ်ားတစ်ယောက်ဟာ သူ တိတ်တခိုးစွဲလမ်းဖြ
တဲ့သူဆိုတာကို အခုချိန်ထိ မိုးသက်ဝေ မသိရှာသေးဘူး ကိုရဲရ
ဇော်'

ကံကြမ္မာက ကျီစယ်ခြင်းလား။

မြားနတ်မောင်ကပဲ နှောင်ပြောင်ခြင်းလားမသိ။ သူ
အဖြစ်ကတော့ စန်းတွေထပြီး ငိုအားထက် ရယ်အားသန်ရမည့်
မျိုး ဖြစ်နေ၏။ သူ မိုးသက်ဝေ။ မြတ်နိုးဖြူတို့သုံးယောက်ကြား
မှာ မထင်မှတ်သော လွဲမှားမှုလေးကြောင့် ရင်ခုန်စရာတွေ ဖြစ်
ပျက်ခဲ့ခြင်းပဲ။

မြတ်နိုးဖြူမှာ ပြောစရာစကားတွေ ကုန်သွားတော့ သူ
အလှည့်ရောက်လာသည်။ သူပြောပြသော စကားတွေကြောင့်ပင်
မြတ်နိုးဖြူလည်း 'မျှားစွာအံ့အားသင့်နေပေတော့သည်။

✠ ✠ ✠





'ရှင် . . . မင်းသွေးဟာ ကိုရဲရင့်ဇော်ရဲ့ညီ ဟုတ်လား'

'ဟုတ်ပါတယ် မြတ်နိုး၊ တို့လုပ်ကိုင်နေတဲ့ လုပ်ငန်း
ဆော်တော်များများကိုလည်း မင်းသွေးတို့ သားအမိပဲ ပိုင်ဆိုင်
ကြတာပါ၊ မင်းသွေးက အတော်ဆိုးပါတယ်၊ မင်းသွေးဟာ
မြတ်နိုးတို့ မိုးသက်ဝေတို့နဲ့ ပတ်သက်နေလိမ့်မယ်လို့ မထင်ထားမိ
ဘူး၊ ဖိနပ်ဆိုင်မှာ ပြဿနာဖြစ်ပြီးမှ တို့လည်း သိခဲ့ရတာ၊
အဲဒီအချိန်အထိ မြတ်နိုးနဲ့ မိုးသက်ဝေ လွဲနေတာကို တို့ မသိ
သေးဘူးလေ'

အရင်ကတည်းက မင်းသွေးနှင့် မြတ်နိုးဖြူတို့ကို ပြန်
သည်ပြေလည်စေချင်သည့်ဆန္ဒ သူမှာရှိနေသည်။ ပြေလည်ရမည်
ဟုလည်း မင်းသွေးအား ကတိတွေပေးထားခဲ့ပြီးဖြစ်၏။

တစ်ထိုင်တည်းနှင့်တော့ မြတ်နိုးဖြူ မဝင်ဘူးဆိုတာကို
သူနားလည်ထား၏။

'အားတော့နာပါတယ် ကိုရဲရင့်ဇော်၊ မြတ်နိုးအနေနဲ့
မိုးသက်ဝေနဲ့ ကိုရဲရင့်ဇော်ကို အဆင်ပြေစေချင်လို့ ကြားထဲကနေ
ပြန်ပြီး အောင်သွယ်ပေးမိတာပါ၊ မင်းသွေးအပေါ် နားလည်ခွင့်
လွှတ်ပေးဖို့ဆိုတာကတော့ လုံးဝမဖြစ်နိုင်ပါဘူး'

'တို့ပြောတာ ယုံပါ မြတ်နိုး၊ အခုချိန်မှာ မင်းသွေး
ဟာ လူကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေတဲ့သူပါ၊
သူ့ အမှားတွေကိုသိပြီး လမ်းမှန်ပေါ်ရောက်အောင် စိတ်ရော
ကိုယ်ပါ ပြဿနာဖြစ်ခဲ့ရတာကလည်း မြတ်နိုးကို သူကိုယ်တိုင်
ရှင်းပြချင်လွန်းလို့ ဖြစ်ခဲ့ရတဲ့ကိစ္စပါ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းသွေးအပေါ် မြတ်နိုး ယုံခဲ့ပေါင်း မရေတွက် တော့ပါဘူး ကိုရဲရင့်ဇော်၊ သူ့အတွက် စိတ်ဒုက္ခတွေ အများ ရောက်ခဲ့ရသူပါ၊ မင်းသွေးရဲ့လုပ်ရပ်တွေဟာ ခွေးမြီးကော ကျည်တောက်စွပ်သလို အမြဲတမ်းဖြစ်နေတဲ့ လူစားမျိုးပါ'

'ကြားထဲကနေ ဝို့ လုံးဝအာမခံပါတယ် မြတ် မင်းသွေး အရင်အခါတွေလိုပဲ အပြောနဲ့အလုပ် မညီဘူးဆို ကြားထဲက တို့အသက်ကို အလဲအထပ် လုပ်ရဲပါတယ်'

သူ့စကားတွေကြောင့်ပင် မြတ်နိုးဖြူ တစ်ချက်တွေ သည်။

'ကြည့်လည်းလုပ်ပါဦး၊ တော်ကြာ ညီတော်မော အတွက် အလကားသေပေးနေရဦးမယ်'

'တို့ တကယ်ပြောနေတာပါ၊ မြတ်နိုးနဲ့ပတ်သက် မိုးသက်ဝေဟာ အမိကကျတယ်လို့ မင်းသွေးက ပြောတယ တို့ကိုယ်ရေးကိုယ်တာကိစ္စကို မင်းသွေး မသိခဲ့ပါဘူး၊ တို့ လည်း မပြောပြခဲ့ဘူး၊ မြတ်နိုးမဟုတ်ဘဲ မိုးသက်ဝေဆိုရင်လည်း တို့ ရှင်းပြဖို့ အစောကြီးကတည်းက ဆုံးဖြတ်ပြီးသားပါ၊ အ တော့ ကာယကံရှင်ကို ကိုယ်တိုင်ပြောပြခွင့်ရတော့ အမြတ် ထွက်သွားတာပေါ့'

'မြတ်နိုးအတွက်ကတော့ ဒီကမ္ဘာလောကကြီးမှာ မယုံ ကြည်ရဆုံး လူတစ်ယောက်ကို လက်ညှိုးထိုးပြပါလို့ မေးလာ ရင် မင်းသွေးတစ်ယောက်ပဲ ရှိတော့တယ် ကိုရဲရင့်ဇော်'

'ဒီတစ်ခါတော့ မြတ်နိုး တကယ် ယုံသင့်ပါတယ်





နိုးတို့နှစ်ယောက်ဘဝအတွက် ရဲရဲယုံပါ၊ မင်းသွေးကလည်း နိုးကိုပဲ အမိကထားတယ်၊ မြတ်နိုးအတွက် စိတ်ရောကိုယ် အားလုံးပြောင်းလဲပစ်ဖို့ ကြိုးစားနေတဲ့သူပါ မြတ်နိုး'

'ဒီလောက်တောင် ကိုရဲရင့်ဇော်က ကြားထဲကနေပြီး ခံနေမှတော့ မြတ်နိုး တစ်ထစ်လျှော့ပေးပါ့မယ်၊ စောင့်ကြည့် သးတာပေါ့ ကိုရဲရင့်ဇော်'

'ဝမ်းသာလိုက်တာ မြတ်နိုးရယ်၊ တို့တွေကြားမှာ ဖြစ် ကျက်ခဲ့ရတာတွေကလည်း မြတ်နိုးနဲ့ မင်းသွေးတို့ကောင်းဖို့ အတွက်လို့ ယူဆလိုက်ပါ့မယ်'

'မြတ်နိုးက မင်းသွေးနဲ့ပတ်သက်ပြီး တစ်ထစ်လျှော့ပေး အတွက် ကိုရဲရင့်ဇော်ကလည်း လိုက်လျောမှုပေးရမယ်'

'ဘာများလဲ မြတ်နိုး'

'ကိုရဲရင့်ဇော်နဲ့ မိုးသက်ဝေကို လူချင်းဆုံပေးချင်တယ်၊ ကိုလူချောဆိုတဲ့လူနဲ့ ကိုရဲရင့်ဇော် တစ်ယောက်တည်းဆိုတာကို အသိပေးလိုက်တော့မယ်'

မြတ်နိုးဖြူပြောသော စကားကို နားလည်သော်လည်း ခေါင်းညိတ်ခေါင်းခါဖို့ အခက်အခဲဖြစ်ရသည်။

သူကိုယ်တိုင်ကပင် မြတ်နိုးဖြူအထင်ဖြင့် မိုးသက်ဝေ နှင့် ရင်းနှီးဖြစ်သည်။ သူ့နှုတ်မှနေပြီး တရားဝင် ချစ်ရေးဆိုခဲ့ သည်မဟုတ်လား။

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com



၅။

မင်းသွေးဆိုသမျှ အနစ်နာခံခဲ့ခြင်းကို သူသိထားသည်။ မြတ်နိုးဖြူအနေဖြင့် သံယောဇဉ်ဖြတ်ဖို့ ခက်တယ်ဆိုတာလည်း နားလည်မိသည်။ မြတ်နိုးဖြူအပေါ် မှတ်မထင် စွဲလမ်းဖြစ်ခြင်းက နောက်ဆုံးတော့ မင်းသွေးအတွက် အကျိုးဖြစ်သွားခဲ့လေသည်။

မြတ်နိုးဖြူကို မင်းသွေး၏မာမီ အန်တီခင်မင်းထွေးနှင့် တွေ့ပေးဖြစ်သည်။ မြတ်နိုးဖြူတို့ချင်းက အရင်ကတည်းက ရင်းနှီးပြီးသားတွေ။ အန်တီခင်မင်းထွေးကလည်း မင်းသွေးအတွက် မျက်ရည်ခံထိုးပြီး တောင်းပန်ရှာသည်။

နောက်ဆုံးတော့ မြတ်နိုးဖြူ စိတ်တင်းထားသမျှတွေ တစ်ထစ်စီ လျှော့လျှော့ကျလာတော့သည်။





ထို့အတူ မြတ်နိုးဖြူနှင့် နှစ်ယောက်သား အပေးအယူ ...ခဲ့သည့်အတိုင်း သူနှင့် မိုးသက်ဝေတို့ လူချင်းဆုံဖို့ ဖြစ်လာ ...သည်။

မင်းသွေးနှင့် မြတ်နိုးဖြူတို့ကိစ္စအတွက် စိတ်အေးရ ...လည်း သူ့မှာ အခက်ကြုံရသည်။

သူ့အပေါ်ထားသော မိုးသက်ဝေ၏ သဘောထားကို ...ထားသည်။ သူကလည်း လူချင်းလွဲပြီး မိုးသက်ဝေ၏ ဝစီကံ ... စကားတွေလွှန်ကျူးထားသည်။ တကယ်တမ်းဆုံရမည်ဆို ...တော့ မရဲဝံ့ရှေ့မျက်နှာနောက်ထားပြီး ရင်ဆိုင်လိုက်ရုံသာ ရှိတော့ ...သည်။

✠ ✠ ✠

မြတ်နိုးဖြူ ချိန်းဆိုထားသော ဆိုင်မှာ တစ်နာရီမထိုးခင် ...တည်းက ရောက်နှင့်နေဖြစ်သည်။

ဆိုင်အဝင်ပေါက်ကို ကျောပေးရင်းကပင် နာရီလက်တံ ...တွေ ရွေ့လျားရာအတိုင်း စိတ်စောနေဖြစ်သည်။

တစ်နာရီထိုးဖို့ စက္ကန့်အနည်းငယ်အလိုမှာတော့ သူရှိ ...စားပွဲဆီသို့ လျှောက်လာသော ခြေသံများကြောင့် ဇောချွေးများ ...င် ပြန်ဖြစ်သည်။

ဣန္ဒြေရရ ရင်ဆိုင်နိုင်ဖို့အတွက် စိတ်ကို အတည်ငြိမ် ...ဖြစ်အောင် စုစည်းလိုက်ရသည်။

'ကဲ… မိုးသက်ဝေ ထိုင်ပါရှင်၊ မျက်နှာပူလို့ရဲ့ ကိုရဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ဇော်ရေ၊ ပါလာအောင် မနည်းခေါ်ခဲ့ရတာ'

'နင်ကလည်းဟာ'

ဖုန်းထဲမှာ ရင်းနှီးပြီးသားမို့ အသံကို ချက်ချင်းမှတ်မိလိုက်သည်။ သူ့မျက်နှာကို မကြည့်ဘဲ မိုးသက်ဝေ ခေါင်းငုံ့ထား၏။

'ဟဲ့… မျက်နှာလေးဘာလေး မော့ကြည့်ပါဦး မိုးသက်ဝေရဲ့၊ နင်ပဲ ကိုလူချောနဲ့တွေ့ပြီး စကားတွေပြောချင်လို့ဆိုပြီး နပူးစာ ရှာလည်တယ်ဆိုတာ ဒါမျိုးပဲ မိုးသက်ဝေရဲ့'

မြတ်နိုးဖြူကတော့ စကားလုံးတွေဖြင့် သူတို့နှစ်ယောက်စလုံးကို အနေခက်အောင် ချည်နှောင်နေ၏။

'နင် ဒီစကားတွေချည်းပဲ ဆက်ပြောနေမယ်ဆိုရင်တော့ ငါထွက်သွားတော့မှာနော် မြတ်နိုးဖြူ'

ငိုမဲ့မဲ့မျက်နှာလေးက ကရုဏာဖြစ်ချင်စရာ အမှတ်မဲ့ အကြည့်ဆုံစိုက်မှာတော့ သူကိုယ်တိုင်ကပင် မျက်နှာလွှဲနေလိုက်ရ၏။

'ကဲပါဗျာ… ပြီးခဲ့တာတွေ ဖြစ်ခဲ့တာတွေကို မေ့ထားလိုက်ကြရအောင်၊ အခုချိန်ကစပြီး ခင်ခင်မင်မင်နေကြတာပေါ့ဗျာ'

တစ်ယောက်နှင့်တစ်ယောက် အနေမခက်စေရန်အတွက် အသင့်လျော်ဆုံးစကားတွေကို ရွေးချယ်ပြီးပြောလိုက်ရသည်။

မြတ်နိုးဖြူ၏ ဆန္ဒကတော့ သူနှင့် မိုးသက်ဝေတို့အား တရင်းတနှီးဖြစ်စေချင်တာ သေချာနေ၏။





'ဓာတ်လမ်းအစကနေ အဆုံးအထိတော့ မြတ်နိုး ရှင်းပြခဲ့သလောက် ရှင်းပြပြီးပြီ ကိုရဲရင့်ဇော်၊ မိုးသက်ဝေ ဒီကိုခေါ်လာတာ မင်းသွေးနဲ့ ပတ်သက်တာတွေကို ကိုယ်တိုင်ကိုယ်ကျ မေးချင်လို့တဲ့၊ ဟုတ်တယ်မဟုတ်လား မိုးသက်ဝေ'

မြတ်နိုးဖြူကတော့ မဝံ့မရဲဖြင့် မဝံ့မရဲသောအမူအရာဖြင့် မိုးသက်ဝေ ခေါင်းညိတ်ပြရှာသည်။

'မေးပါ မိုးသက်ဝေ၊ ကိုယ့်ကို စိတ်တိုင်းကျ လွတ်လွတ်လပ်လပ် ပေးနိုင်ပါတယ်'

'ကဲ… မြတ်နိုးရှိနေရင် မေးတဲ့လူအဖို့ရော ဖြေရမယ့်လူအတွက်ပါ မလွတ်မလပ်တွေဖြစ်ပြီး စကားတွေကျန်နေဦးမယ်၊ ဒါအေးလေးကုန်အောင်တော့ သောက်ခွင့်ပြုပါ၊ မြတ်နိုး ရှောင်ပေးပါ့မယ်'

သူနှင့် မိုးသက်ဝေတို့ကို နှစ်ယောက်တည်းထားခဲ့ဖို့ မြတ်နိုးဖြူ ပြောနေ၏။ သူကလည်း တားဆီးသည့်စကားမပြောသလို မိုးသက်ဝေခမျာလည်း နှုတ်ဆိတ်နေ၏။

သူတို့စားပွဲမှ ထွက်ခါနီးမှာပင် 'အပြန်ကျရင် မိုးသက်ဝေတို့ လိုက်ပို့ပေးဦးနော်၊ ဆိုင်ကပဲ စောင့်နေတော့မယ်' ဟု မြတ်နိုးဖြူ ပြောသွားသေး၏။

မြတ်နိုးဖြူထွက်သွားတော့ စကားတွေမပြောဖြစ်ကြသေးပေ။ မင်းသွေးနှင့်ပတ်သက်ပြီး သိချင်တာတွေမေးဖို့ စကားစရှာနေဟန်တူသည်။

မိုးသက်ဝေမှာ မြတ်နိုးဖြူအား မမီသော်လည်း အချော



www.burmeseclassic.com

www.burmeseclassic.com



အလှတစ်ယောက်ဟု ပြောရင် မှားမည်မထင်ပေ။ မင်း
ပြောပြထားသော စကားတွေအရ အခြေအနေကြည့်ပြီး ဆ
ဖို့ တွေးလိုက်မိသည်။

'မိုးသက်ဝေက မင်းသွေးနဲ့ပတ်သက်ပြီး ဘာတွေ
မေးချင်သိချင်လို့လဲ၊ အားမနာတမ်းပြောပါ ဆိုပါ မိုးသက်

'အခု အဖြစ်အပျက်တွေက တော်တော်လေး
အုံဩဖို့ကောင်းတာ အမှန်ပဲ'

'ထားလိုက်ပါဗျာ… မင်းသွေးနဲ့ မြတ်နိုးဖြူတို့အ
ပဲ သဘောထားလိုက်ပါတော့၊ မြတ်နိုးဖြူကိုယ်တိုင်လ
နောက်ဆုံးအခြေအနေထိ တော်တော်များများ ပြောပြပြီးပြ
တယ်'

'ဟုတ်တယ်… ကျွန်မကတော့ ယုံရခက်ခက်
မင်းသွေးက ခွေးမြီးကောက် ကျည်တောက်စွပ်သလို ထပ်မဖြ
ဘူးလို့ ရှင် အာမခံရဲလို့လား'

'တို့ကိုယ်တိုင်အာမခံတာထက် ကာယကံရှင် မင်း
ကိုယ်တိုင် လက်တွေ့သက်သေပြတာကို မိုးသက်ဝေ မျ
တစ်ဆုံး စောင့်ကြည့်နိုင်ပါတယ်'

'ရှင်တို့က ညီအစ်ကိုချင်းတွေ သွေးသားချင်းတွေ
နှစ်နာစရာ စိတ်ဆင်းရဲစရာဖြစ်ရင် ကျွန်မသူငယ်ချင်းပဲ ခံ
ပြီးတော့ သူ့မိဘတွေကလည်း ကျွန်မကို ယုံယုံကြည်ကြည
စိတ်ချထားတာ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်မမှာ တာဝန်အ
ကြီးရှိတယ်လို့ ယူဆပြီး ရှင့်ကိုလာတွေ့ရတာပဲ'





သူငယ်ချင်းအပေါ်မှာထားသော စေတနာတရားကို
တော့ များစွာလေးစားမိသည်။ မိုးသက်ဝေကတော့ မင်းသွေး
အကြောင်းကို ကောင်းကောင်းသိထားပုံရသည်။

'မင်းသွေးဟာ တို့ရဲ့ညီဝမ်းကွဲ၊ သူ့မိဘလုပ်ငန်းတွေကို
တို့တွေက လုပ်ကိုင်ပေးနေရတာ၊ မင်းသွေးဆိုးတာ မိုက်တာကို
တို့လည်းသိတယ်၊ သူ့အတွက်လည်း တို့အသိုင်းအဝိုင်းတစ်ခုလုံး
ရှက်စဉ်နဲ့အမျှ ကြောင့်ကြရတယ်ဆိုရင် မမှားဘူး၊ ဒီတစ်ခါတော့
မင်းသွေး တကယ်လိမ္မာပါပြီ မိုးသက်ဝေ၊ မူးယစ်ဆေးဝါးလည်း
တကယ်ပြတ်ပါပြီ၊ တို့စကားကို မယုံဘူးဆိုရင် ဆရာဝန်ဆီ
ခေါ်သွားပေးပါ့မယ်'

'ဒီလိုလူမျိုးတွေဟာ သူတို့စိတ်ကို သူတို့နိုင်ကြတာ
မဟုတ်ဘူး၊ ပတ်ဝန်းကျင်ရဲ့ စေ့ဆော်မှုကြောင့် အချိန်မရွေး
မူးယစ်သားကောင် ပြန်ဖြစ်သွားနိုင်တယ်နော်၊ လိမ္မာပါပြီ၊
ပြတ်ပါပြီဆိုတဲ့ ရှင့်ရဲ့စကားနဲ့ ကျွန်မတို့က ယုံကြည်ရမှာလား'

ကာယကံရှင် မြတ်နိုးဖြူကို များများစားစား မစည်းရုံး
ခဲ့ရပေ။ မိုးသက်ဝေကိုတော့ အတော်ပြောယူရမည်။ မင်းသွေး
နှင့်ပတ်သက်ပြီး ယုံကြည်လက်ခံဖို့ဆိုတာ တော်တော်ခက်ခဲသည့်
ကိစ္စ။

နောက်ဆုံးတော့ မြတ်နိုးဖြူအား ပြောဖြစ်ခဲ့သော
စကား ကိုပင် သက်သေထူလိုက်ရသည်။

'ကောင်းပြီလေ… လူတွေဟာ ကိုယ့်ကိုယ်ကိုယ်
အချစ်ဆုံး ကိုယ့်အသက်ကို ကိုယ်တန်ဖိုးအထားဆုံးပဲ မိုးသက်



www.burmeseclassic.com

www.burmeseclassic.com



ဝေ၊ တစ်စုံတစ်ခု မှားယွင်းခဲ့ရင် တို့အသက်ကို အလဲအ လုပ်ထားမယ်၊ ဘယ်လိုသဘောရလဲ မိုးသက်ဝေ'

'ဒီစကားဟာ ရှင် ဒုတိယအကြိမ်ပြောတာမဟုတ် မြတ်နိုးဖြူတုန်းကလည်း ဒီစကားပဲ ရှင်ပြောခဲ့တာ၊ ကောင် လေ… ဒါဆိုရင်တော့ ရှင့်အသက်ကို ပိုင်တဲ့ လူနှစ်ယော ဖြစ်သွားပြီပေါ့'

'ရပါတယ် မိုးသက်ဝေ၊ ယုံကြည်မှု တစ်ခုအတွ လမ်းမှန်ပေါ်ပြန်ရောက်ဖို့ ကြိုးစားနေတဲ့ လူငယ်တစ်ယော အတွက် တို့စတေးခံရပါတယ်'

မင်းသွေးနှင့်ပတ်သက်ပြီး ယုံချင်ကြသော်လည်း အ လုံးက တစ်ကွက်ချန်ထားချင်ပုံရသည်။ ဆယ်ရက်တရားပတ် နေသော မင်းသွေး၏စိတ်တို့သည်လည်း ညစ်ထေးမှုတွေ လွှ စပြုနေပြီထင်၏။

'မဆိုးပါဘူး… ဒါကြောင့် ရှင်က အောင်မြင်နေ လုပ်ငန်းရှင်တစ်ယောက် ဖြစ်နေတာပဲ၊ ရင်းရဲ့ လျော်ရဲတ ကျွန်မ မေးပါဦးမယ်၊ အခုထိ မင်းသွေးကို အရိပ်ယောင် မ ရဘူး၊ သူဘယ်မှာရှိနေလဲ'

'ဓမ္မဇေတီမှာ ဆယ်ရက်တရားပတ်ဝင်နေပါတ မိုးသက်ဝေ၊ ဂုရုကြီး ဦးဂိုအင်ကာရဲ့ ကမ္မဋ္ဌာန်းနဲ့ သူ့စိတ်တွေ ဆေးကြောနေပါတယ်'

'မင်းသွေးလိုလူမျိုးက အဲဒါမျိုးတွေကို တကယ်လ နိုင်ပါ့မလား၊ ရှင် တစ်ခါလောက် သွားကြည့်ပါဦး၊ အဲဒီမှာ





နေပါ့မလား'

'မလုပ်နိုင်ဘူး… မဖြစ်နိုင်ဘူးလို့ မိုးသက်ဝေ ထင်တာ ားပါဘူး၊ မင်းသွေးကိုလူမျိုးမပြောနဲ့၊ ရိုးရိုးသာမန်လူတွေ ောင် မလုပ်နိုင်ကြလို့ ရက်မပြည့်အောင် သည်းမခံနိုင်လို့ ထွက်သွားတာလည်း ရှိပါတယ်၊ မင်းသွေး ဓမ္မဇေတီကမှာ နေပါတယ် မိုးသက်ဝေ၊ တရားပတ်ပြည့်အောင် သူကြိုးစား မှာပါ'

'ဒါဆိုရင် အရင်ကတည်းက မင်းသွေးကို ရှင်တို့ ာလို့ မတားဆီးဘဲ ဒီအတိုင်းလွှတ်ပေးထားရတာလဲ'

မေးသင့်သောစကား။ သူ့အဖို့ အဖြေရခက်သောမေးခွန်း င်ဖြစ်သည်။

'ကိုယ်လွှတ်ရုန်းပြီး တာဝန်မရှိဘူးလို့ ဖြေတဲ့သဘော မဟုတ်ဘူး မိုးသက်ဝေ၊ မင်းသွေးမာမီရဲ့ အလိုလိုက်မှု၊ း၀ိထားမှုတွေကြောင့် တားမရဆီးမရတဲ့ အနေအထားထိ ောက်ခဲ့ရတာပါ၊ အခုကိစ္စမှာလည်း မင်းသွေးကိုယ်တိုင်က ိုလိုလားလားနဲ့ ရုန်းထွက်ချင်လို့ မင်းသွေးအတွက် အစာတ ိုင်ဆိုးလိုက်ပြီး တို့ဖြည့်ဆည်းပေးနေရတာပါ မိုးသက်ဝေ'

'ရှင်သာ ကျွန်မတို့ကြားမှာ မပေါ်ပေါက်ခဲ့ဘူးဆိုရင် ော့ မင်းသွေးနဲ့ မြတ်နိုးဖြူဟာ လုံးဝပြတ်စဲနေတဲ့ အနေအထား ိုးပဲ'

'တို့မှာလည်း ညီမလေးနှစ်ယောက် ရှိပါသေးတယ်၊ ချင်းကိုယ်ချင်းစာစိတ်လည်း ရှိပါတယ်၊ မင်းသွေးမှာ ဆိုးသွမ်း



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ညာဥ်ပဲရှိတာ၊ ကျန်တာတွေက ဘာမှပြဿနာ မဟုတ် မင်းသွေးတို့ချင်းကလည်း အရမ်းချစ်ခဲ့ကြတဲ့သူတွေပဲမဟု လား၊ မြတ်နိုးတို့ ဒုက္ခရောက်မယ့်ကိစ္စမျိုးကို တို့ မျက်စိစုံမှိတ် ဘယ်လိုတိုက်တွန်းရက်မှာလဲ၊ သူ့စိတ်ကိုသူပြုပြင်နေတဲ့ မင်းသွေ အတွက် မြတ်နိုးဖြူဟာ အားတစ်အားပါပဲ မြတ်နိုးဝေ၊ တို့ နားလည်ပါ၊ မင်းသွေးအတွက်လည်း နားလည်ပေးပါလို့ တောင်းပန်ပါတယ်'

သူ့စကားတွေကို နားထောင်ပြီး မိုးသက်ဝေ မဲ့ပြုံးပြုံး သည်။ သူ့စကားတွေကို မိုးသက်ဝေ လက်ခံကောင်းရဲ့ဟု တွေး မိသည်။

'ရှင်က တရားဟောလည်းကောင်းတယ်၊ လူတစ်ဖက် သား နားဝင်လွယ်အောင်လည်း ကျိုးကြောင်းပြပြီး ပြောနိုင်တယ် အကုန်မဟုတ်တောင် ခြွင်းချက်အနေနဲ့ ကျွန်မ လက်ခံချင်စိတ် ဖြစ်တာတော့ ဝန်ခံတယ်'

သူ့စကားတွေ နားဝင်ပေသည့်အတွက် မိုးသက်ဝေအား ကျေးဇူးတင်မိသည်။ စင်ဒရဲလားဖိနပ်ဆိုင်သို့ မိုးသက်ဝေအား ပြန်လိုက်ပို့ပေးသည်။ သူတို့နှစ်ယောက်ကို မြတ်နိုးဖြူက ဆီးကြို

'ကြုံလို့မေးတာနော်၊ အရင်တစ်ခါ မြတ်နိုးကို အစမ်း စီးခိုင်းတဲ့ ဖိနပ်က ဘယ်သူ့အတွက်ဝယ်တာလဲ'

မြတ်နိုးဖြူအတွက်ပဲလေဟု ပြောမထွက်သောအခြေ အနေ။ သူဖြေမည့်စကားကို မြတ်နိုးဖြူနှင့်အတူတူ မိုးသက်ဝေ ကလည်း စောင့်စားနေ၏။





'တစ်စုံတစ်ယောက်သောသူအတွက် ကြိုဝယ်ထားတဲ့ ပေါ့ မြတ်နိုးရာ၊ တစ်နေ့တော့ ဒီဖိနပ်ပိုင်ရှင်က သူ့အလို ပေါက်လာမှာပါ'

'ကြုံလို့ပြောတာနော်၊ မြတ်နိုးခြေထောက်အတိုင်းနဲ့ ်ဝေဖိနပ်အတိုင်းက အတူတူပဲ၊ မြတ်နိုးစီးတဲ့ဖိနပ်ကို သို့ရသလို သူစီးတဲ့ဖိနပ်တိုင်းကိုလည်း မြတ်နိုးကောက်စီး ာယ် ကိုရဲရင့်ဇော်'

'နင့်စကားက ဘာလဲ၊ အနှောင့်အသွားမလွတ်ဘူးနော်၊ ို့ စိတ်ဆိုးမိလိမ့်မယ် မြတ်နိုးဖြူ'

သူငယ်ချင်းနှစ်ယောက်၏ အချေအတင် အငြင်းပွား စကားတွေကြောင့် သူ အနေရခက်သည်။ ကိုယ့်အပြစ်နှင့် ို့ နှစ်ယောက်စလုံးကိုနှုတ်ဆက်ပြီး အမြန်ပြန်လာဖြစ်သည်။ မြတ်နိုးဖြူနှင့် မင်းသွေးကို ပြေလည်စေချင်သလို မြတ်နိုး လည်း သူနှင့် မိုးသက်ဝေတို့အတွက် ကြုံတိုင်း စကားလမ်း ခင်းတတ်၏။

'အားလုံး ဇာတ်ရည်လည်သွားပြီနော်၊ တစ်နာရီထိုး သတိရတဲ့အခါ ဖုန်းလေးဘာလေး လှမ်းဆက်ဦး' ဟု ိုးဖြူက ထပ်ပြောလိုက်သေးသည်။ ခေါင်းညိတ်ခေါင်းခါ နေတော့ဘဲ ကျောခိုင်းကာ အမြန်လစ်ထွက်ခဲ့ရ၏။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



၆။

တရားပတ်ဆယ်ရက် မပြီးဆုံးခင်မှာပင် မင်းသွေ
အခက်အခဲ တော်တော်များများကို သူ ဖြေရှင်းပေးနိုင်ခဲ့သ
ကာယကံရှင် မြတ်နိုးဖြူကိုယ်တိုင်က စိတ်တိမ်းညွတ်သော အ
အယောင်တွေကို အတိုင်းသားမြင်ရသည်။ မိုးသက်ဝေအ
လည်း မင်းသွေးနှင့်ပတ်သက်ပြီး သူပြောသောစကားမျာ
မယုတ်မလွန်သဘောမျိုး လက်ခံ၏။

'ကဲ… သားကြီး၊ မင်းအန်တီရောက်နေတယ်၊
မေမေလည်း ပါလာတယ်ကွ'

အပြင်မှ ပြန်ရောက်ရောက်ချင်း ကုမ္ပဏီရုံးခန်းတွင်
အဝင်မှာပင် ဖေဖေက ဆီးပြောသည်။

'ဘာလဲ ဖေဖေ၊ မြတ်နိုးဖြူတို့ဘက်က သဘော
ကို အရမ်းသိချင်နေကြတာမဟုတ်လား'





'ဒါပဲပေါ့ သားကြီး'

သူ့အခန်းထဲမှာ မေမေနှင့်အတူ အန်တီခင်မင်းထွေးအား
တွေ့လိုက်ရသည်။

'သားကြီးနဲ့ ပြောစရာရှိလို့ အားချင်းထလိုက်လာကြတာ၊
ခင်းအန်တီ မင်းကိုပြောပြလိမ့်မယ်'

သူရော ဖေဖေပါ အန်တီခင်မင်းထွေးပြောမည့်စကားကို
နားထောင်နေလိုက်ကြသည်။

'ဒီလို သားကြီး၊ အန်တီတို့ညီအစ်မချင်း တိုင်ပင်ပြီး
ထွက်လာခဲ့ကြတာ၊ ဖြစ်နိုင်မယ်ဆိုရင် မင်းသွေးနဲ့ မြတ်နိုးကို
အမြန်လက်ထပ်ပေးချင်တယ်၊ ဒါမှ မင်းသွေးကို မြတ်နိုးက
အနီးကပ်ထိန်းပေးနိုင်မှာမဟုတ်လား၊ လူပျိုလူလွတ်နေတာထက်
စာရင်တော့ အိမ်ထောင်သည်ဖြစ်သွားတော့ ပိုကောင်းမလားလို့
ပါ၊ မြတ်နိုးဖြူရဲ့မိဘတွေကို နားပေါက်အောင် သားကြီးပဲ
တာဝန်ယူပြီး ပြောပေး ဆိုပေးပါဦး'

အခုမှ အခြေအနေကောင်းခါစပဲရှိသေး၏။ မေမေတို့
အန်တီတို့က အဆုံးစွန်ထိ တွေးပစ်လိုက်ကြသည်။

'မင်းတို့ဟာက မလွန်လွန်းဘူးလား၊ သားကြီးအနေနဲ့
စိတ်ရောကိုယ်ပါ ကြိုးစားလို့ ကောင်မလေး စိတ်ပြောင်းလာရုံ
ရှိသေးတယ်၊ လက်ထပ်ဖို့အထိ အရေးဆိုလာတော့ သားကြီး
ခန်ထုပ်ဝန်ပိုးဖြစ်မှာကို တွက်ကြပါဦး'

ဖေဖေပြောတာ မှန်သင့်သလောက် မှန်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝို့မယ့်ပို့တော့ ကျူးတို့ရောက်အောင် ပို့ပေးဖို့ပဲရှိတော့၏။

သူ့အတွက် မနိုင်ဝန်ဆိုတာ မှန်သော်လည်း သူ့မှာ ကူညီနိုင်သည့်သူ ရှိနေ၏။ ဒါကလည်း အခြားမဟုတ်။ မိုးသက်ဝေပင်ဖြစ်သည်။

'ဆိုးတော့ မဆိုးဘူး၊ သားကြီး အဲဒါကို လုံးဝမတွေးဖြစ်ဘူး၊ ကြိုးစားကြည့်ပေးပါ့မယ် အန်တီ'

ပြောပြောဆိုဆိုပင် သူဆက်နေကျဖုန်းကို လှမ်းခေါ်လိုက်သည်။ နာရီကို လှမ်းကြည့်မိတော့ တိုက်တိုက်ဆိုင်ဆိုင် တစ်နာရီထိုးပြီးလို့ စက္ကန့်အနည်းငယ်သာ စွန်းနေလေ၏။

'ဟဲလို... စင်ဒရဲလားကပါ၊ အမိန့်ရှိပါရှင်'

ဒီတစ်ခါတော့ မှားစရာအကြောင်းမရှိတော့။ အသံကို ရော ရုပ်ကိုပါ သူ့မှာ ခွဲခြားနိုင်စွမ်းရှိနေ၏။

'တို့ပါ မြတ်နိုးဖြူ၊ မိုးသက်ဝေ ရှိနေလားဟင်'

'ရှိပါ့... တစ်နာရီထိုးခါနီးတိုင်း ဖုန်းနားမှာရှိနေတာ မိုးသက်ဝေအတွက် အကျင့်ဖြစ်နေပြီလေ၊ မိုးသက်ဝေနဲ့ စကားပြောလိုက်ဦးနော်'

ထုံးစံအတိုင်း မြတ်နိုးဖြူကတော့ စကားလုံးများဖြင့် ပြဿနာရှာသည်။

သူတို့မိန်းကလေးချင်း ပြောနေသံများကို ဖုန်းထဲမှာ ကြားနေရသည်။ မိုးသက်ဝေက မူပြီး ဖုန်းကို ချက်ချင်းမကိုင်ဘဲနေ၏။





မြတ်နိုးဖြူက အလိုက်သိစွာဖြင့် အရမ်းတိုက်တိုက် [illegible]န်းတွန်းလုပ်သောအခါမှ မိုးသက်ဝေတစ်ယောက် ဖုန်းကို [illegible]ာက်ကိုင်၏။

'မိုးသက်ဝေလား'

'ဟုတ်တယ်'

'အချိန်ပေးနိုင်မယ်ဆိုရင် ထွက်လာပါလား၊ တို့ချင်း [illegible]အားပြောစရာလေးရှိနေလို့'

တစ်စုံတစ်ခုအတွက် စဉ်းစားသလိုပြုပြီး ချက်ချင်း [illegible]ဖြေမပေး။ သူ တစ်ခေါက်ပြန်မေးလိုက်ရသည်။

'ထွက်လာခဲ့မယ် မဟုတ်လား မိုးသက်ဝေ'

'ဟိုလေ... မြတ်နိုးဖြူပါ ခေါ်ခဲ့ရမလား'

'မိုးသက်ဝေတစ်ယောက်တည်း ထွက်လာခဲ့ပါ၊ တို့ [illegible]ာင့်နေမယ်'

မိုးသက်ဝေနှင့် ဆုံကြသည့်အခါ အန်တီနှင့် မေမေတို့ [illegible]ဆွေးထားသည်နှင့် ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးဖို့ စကား [illegible]တွေကို အတွေးဖြင့် စီနေဖြစ်တော့၏။

✠ ✠ ✠

'လက်ထပ်ဖို့အဆင့်အထိတော့ ကျွန်မမှာ ဆုံးဖြတ်ပေး [illegible]ခွင့်မရှိပါဘူး၊ ဒီကိစ္စက မြတ်နိုးဖြူနဲ့ သူ့မိဘတွေ လက်[illegible] [illegible]စားရမယ့်အပိုင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် မိုးသက်ဝေ၊ တို့ဘက်က လူကြီးတွေ
လက်ထပ်ပေးချင်နေကြတယ်၊ အချိန်မဆွဲဘဲ မြန်နိုင်သမျှ
ချင်နေကြတယ်၊ ဒီအတွက် မိုးသက်ဝေက အများကြီးကူညီနိုင်
တယ်၊ ဒါကြောင့် မိုးသက်ဝေကို တိုင်ပင်ရတာလေ'

သူအပါအဝင် လူကြီးတွေ ပြောကြဆိုကြတာထ
မိုးသက်ဝေစကားက မြတ်နိုးဖြူတို့မိဘတွေအတွက် အများကြီ
အရာရောက်သည်။

'မင်းသွေးကို ကျွန်မကိုယ်တိုင်က စောင့်ကြည့်ချင်
စိတ် မကုန်သေးဘူး၊ လက်ထပ်ဖို့အထိဖြစ်လာတော့ အ
လောနေသလိုမျိုးကြီး ဖြစ်မနေဘူးလား'

'သူတို့ နှစ်ယောက်လုံးအတွက် အားလုံးအတွ
အကောင်းဆုံးနည်းလမ်းပဲလေ မိုးသက်ဝေ'

'ကဲပါ... ဒါကိုထားပါဦး၊ ကျွန်မစိတ်ထဲမှာ ရှ
ပတ်သက်ပြီး မရှင်းတာတစ်ခုရှိတယ်၊ မေးသင့် မမေးသင့်လည်
ချိန်ဆရခက်နေတယ်'

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး မိုးသက်ဝေ ပြောလို
သည်။ မိုးသက်ဝေ ဒွိဟမဖြစ်ရအောင် သူကပင် လမ်းဖွင့်
လိုက်၏။

'တို့နဲ့ပတ်သက်ပြီး မိုးသက်ဝေမှာ မေးသင့် မမေးသင့်
ဆိုတာ မရှိပါဘူး၊ စိတ်ထဲရှိတဲ့အတိုင်း မေးနိုင်တယ်'

'တခြားတော့မဟုတ်ဘူး၊ ရှင်ဟာ မြတ်နိုးဖြူ





တ်တရက်တွေ့ပြီး စွဲလမ်းခဲ့တယ်၊ ကျွန်မရဲ့လှည့်ဖြားမှု တစ်
တ်တစ်ပိုင်းပါတယ်ဆိုပေမယ့် မြတ်နိုးဖြူစိတ်နဲ့ပဲ ရှင်ချစ်တယ်
ပြောခဲ့တာ ကျွန်မနားနဲ့ ဆတ်ဆတ်ကြားတယ်၊ အခုကျတော့
တ်နိုးဖြူကို မင်းသွေးနဲ့ ပြေလည်အောင် ကြိုးစားပေးနေရုံတင်
ဘူး၊ သူတို့ချင်း လက်ထပ်နိုင်ဖို့အထိပါ ရှင်လုပ်လာတယ်
၊ ရှင် မြတ်နိုးဖြူအပေါ် တကယ်စွဲလမ်းခဲ့ တကယ်ချစ်ခဲ့
ရော ဟုတ်ရဲ့လား'

'မျက်နှာပူပူနဲ့ပဲ မခြွင်းမချန် တို့ ဖြေပါ့မယ်၊ မြတ်နိုး
ကို ချစ်ခဲ့တာမှန်တယ်၊ စွဲလမ်းခဲ့တာ အမှန်ပဲ၊ သေသေချာချာ
လိုက်ရတဲ့အချိန်မှာ တို့နှလုံးသားက နေရာမှားပြီး ခိုနားဖို့
ကြိုးစားသလိုမျိုး ဖြစ်နေခဲ့တယ်၊ တို့အတွက် မြတ်နိုးဖြူ နှလုံး
သားမှာ နေရာမှမရှိဘဲ၊ မြတ်နိုးဖြူဟာ မင်းသွေးအတွက်ပဲ
ဖြစ်ရမှာပေါ့၊ အခု အဖြစ်အပျက်မှာမှ မဟုတ်ဘူး၊ ဘယ်ကိစ္စ
မှာမဆို ဆင်ခြင်တုံတရားနဲ့ ကင်းလွတ်ပြီး တို့ မမိုက်မဲဘူး
မိုးသက်ဝေ'

ကံကြမ္မာ၏ လှည့်ဖြားမှုကြောင့်သာ မြတ်နိုးဖြူနှင့်
ဖြစ်ပြီး အခုလို ဖြစ်ပျက်ခဲ့ခြင်းဟု ဆင်ခြင်မိသောအခါ သူ့
အတွက် လိပ်ပြာငယ်နေစရာမလိုပေ။

'ဟုတ်ပါတယ်... တကယ်တော့ ရှင် နုတ်ကပ်ဖြစ်
အောင် ကျွန်မကိုယ်တိုင်က ဖြားယောင်းခဲ့တာပဲ၊ ရှင်တစ်ယောက်
တည်းဆိုရင် ဒီလိုအခြေအနေထိ ဖြစ်လာမှာမဟုတ်ဘူး၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပယောဂကြောင့်သာ ရှင် အရှက်ကွဲသလိုမျိုး ဖြစ်ခဲ့ရတား… အတွက် ကျွန်မမှာ အပြစ်ရှိပါတယ်’

‘အပြစ်လို့ တို့မယူဆပါဘူး မိုးသက်ဝေ၊ မိုးသက်… ကလည်း အရှက်ကွဲစေဆိုတဲ့ စိတ်နဲ့ လုပ်ခဲ့တာမှမဟုတ်… သူငယ်ချင်းကို ချစ်တဲ့စိတ်နဲ့ ပြုခဲ့တာပဲမဟုတ်လား၊ ဒီအတွ… မိုးသက်ဝေ မတောင်းပန်ခင်ကတည်းက တို့အနေနဲ့ ခွင့်လွှ… ပြီးသားပါ’

သူ့စိတ်ကို ဘယ်သူ့ကိုရည်စူးရည်စူး သူ့နှုတ်မှ ပြော… ခဲ့သည့် ‘ချစ်တယ်’ဆိုသော စကားကို နားထောင်နေသူမှာ မိုးသက်ဝေပင် ဖြစ်၏။

သူနှင့် မိုးသက်ဝေတို့ ဆုံဆည်းပုံကလည်း စိတ်လှုပ်ရှားစရာ ကောင်းနေသေး၏။ သူနှင့် မိုးသက်ဝေတို့နှစ်ယောက် ရှေ့ကို ဘယ်လိုဆက်ပြီး စခန်းသွားမည်ဆိုတာကို ရေရေရာရာ မတွေးနိုင်သေးပေ။

‘ကောင်းပြီလေ… ရှင့်ကို ကူညီတဲ့အနေနဲ့ တစ်ခုတော့ ကတိပေးနိုင်မယ်၊ မင်းသွေးရဲ့ အနေအထားကိုကြည့်ပြီး မြတ်နိုးဖြူရဲ့မိဘတွေကို ကျွန်မ ပြောပေးမယ်၊ ဒီအဖြေကို ရှင် ကျေနပ်နိုင်တယ်မဟုတ်လား’

ကျေနပ်ဝမ်းသာစိတ်ဖြင့် သူ ခေါင်းညိတ်ဖြစ်သည်။

မိုးသက်ဝေစိတ်ထဲမှာ ဘာတွေဖြစ်နေသည်ကို သူမမှန်းဆရဲ။ သူ့စိတ်တို့မှာလည်း ဟိုရောက် ဒီရောက်။

✠ ✠ ✠



၇။

မင်းသွေးအဖို့ ဆယ်ရက်တရားပတ်ကို ပင်ပန်းဆင်းရဲစွာ ဖြတ်ကျော်ရမှာ သေချာသည်။ အခုလောက်ဆို မင်းသွေး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့ နူးညံ့ဖြူစင်နေမှာ သေချာ၏။

သဘာဝကမ္မဋ္ဌာန်းနည်းဖြင့် ဝိပဿနာကို မင်းသွေးတစ်ယောက် ထိတွေ့ခွင့်ရခဲ့ပြီး အနည်းဆုံး အကျိုးတရားကတော့ ဘဝနေနည်း၊ ဘဝကို ပစ္စုပ္ပန်ထဲမှာ ဘယ်လိုအသက်ရှင်ရမယ်ဆိုတဲ့နည်းကို မင်းသွေး ရလောက်ပြီဖြစ်၏။

ပထမတုန်းက မင်းသွေးအား သွားကြိုမည့် အစီအစဉ်မှာ မိုးသက်ဝေ မပါဝင်ပေ။ သူနှင့် မြတ်နိုးဖြူတို့သာ နှစ်ယောက်တည်းသွားဖို့ဖြစ်၏။ ညရောက်တော့ မိုးသက်ဝေပါလိုက်မည့် အကြောင်းကို မြတ်နိုးဖြူ ဖုန်းဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ခမ္မဓောတီရိပ်သာရှေ့သို့ သူ့ကားရောက်ပြီး မရှေ့ မနှောင်းမှာပင် မြတ်နိုးဖြူတို့ကား ရောက်လာ၏။

အချိန်က မနက်ခြောက်နာရီထိုးပြီးစ။

'ကိုရဲရင့်ဇော် ရောက်နေတာ ကြာပြီလား၊ မြတ်နိုးတို့ မဆိုသလောက်လေး နောက်ကျသွားတယ်'

'မကြာသေးပါဘူး မြတ်နိုး၊ မင်းသွေးတို့တွေလည်း စုပေါင်းတရားထိုင်ခန်းမထဲမှာပဲ ရှိနေကြဦးမှာပါ၊ ခြောက်နာရီ ခွဲလောက်မှ ပြီးကြမှာလေ'

'မပြောချင်တော့ပါဘူးရှင်၊ ဒီမိန်းမ ပြင်တာဆင်တာကို စိတ်မရှည်လောက်အောင်ကိုပဲ ထိုင်စောင့်ခဲ့ရတာ၊ သူ့ခမျာ ပြင် လို့မဆုံးဖြစ်နေတာလေ'

မရိုင်းသော ဝတ်စားဆင်ယင်မှု၊ အခြယ်အသများဖြင့် မြတ်နိုးဖြူမှာ ကြည့်လို့ကောင်းနေသေး၏။ မြတ်နိုးဖြူကတော့ မင်းသွေးအတွက် မက်မောစရာ ချစ်သူတစ်ယောက် ပီသပါပေ သည်။

'နင်က အကောင်းမမြင်သမားပဲ၊ အဝတ်အစားရွေး ရတာနဲ့ အချိန်ဖင့်သွားရတာပါ၊ နင်ကူပြီး အကြံမပေးဘဲ နေခဲ့ တာကိုး မိုးသက်ဝေ'

သူငယ်ချင်းနှစ်ယောက်၏ အပြန်အလှန် ကျီစယ်စကား တွေကြောင့်ပင် ရင်မှာ ကြည်နူးမဆုံးဖြစ်ရသည်။

မြတ်နိုးဖြူတို့နှစ်ယောက်ကို တွဲပြီး ရတ်တရက်ပြန်





[illegible]ခဲ့တာ မင်းသွေးအများလည်း ပြောပြတတ်အောင် ဝမ်းသာ [illegible]ရာ သေချာသည်။

"ရှင့်ကို တစ်ခါပြီးပြောတာ မယုတ်တူးရော့၊ တရားဝင် [illegible]ခဲ့ပေါ ညတာစေတာဘဲ နေလို့ဖြစ်တောင်းဖြစ်မယ်။ စကား [illegible]ရှာကိုတဲ့ ရည်းတာမ်ချက်တာတော့ တွေ့ဖို့မေဆို ပြောသနာ [illegible] သေချာတယ်"

"တရားဝတ်တင်နေတဲ့အတောကီထိုင်သော မြတ်သောတိတ် [illegible]မှုဖြင်းကို အစီတတတပြီးစောင့်ထိန်းရတယ် မိုးသက်ဝေ"

"သူအမေပြောနဲ့ ကိုရဲရင့်ဇော်၊ မိုးသက်ဝေကို ရေ [illegible]သတ် တမင်းစေတာဘဲ နေနိုင်းလို့ရတောင်းရမယ်၊ စကား [illegible]ဖြေရှာကိုချင်တော့ အဲဒီမိန်းမ သေသွားနိုင်တယ်"

မိုးသက်ဝေ ပုံစံလေးက အသွေးတိလျှာသွတ်နိုင်ပြောင်း [illegible] အတင်းအရှူးသီမြင်နိုင်၏။

"တရားဝတ်စေယံရှက်လုံးလုံး စကားမပြောဘဲနေရတာ [illegible]တို့၊ ရှင်ရော ဒီရိပ်သာမှာ တရားဝင်ဖူးလား"

"စကားမပြောဘဲ ဆိတ်ဆိတ်နေရတာက ကိုးရက်ထဲ [illegible] မင်းသွေးတို့ မနက်က မနက် အသယ်နာရီတာပြီး စကားပြော [illegible]ပေါတယ်၊ ကိုးအနေနဲ့တော့ ဒီမှာ တရားဝတ်နှစ်ခါဝင်ပြီး [illegible] မိုးသက်ဝေ၊ စိတ်ငြိမ်းမှုတွေ တွေ့ရပါတေတယ်၊ သာသနာ [illegible]တဲ့ အနုတ်အရာတနဲ့ စိတ်ငြိမ်းအောင်မြင်း ခံစားမှုကို ရရှိ [illegible]၊ ဖြစ်နိုင်မယ် အချိန်ပေးနိုင်မယ်ဆိုရင်တော့ တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါလောက် ဝင်သင့်တယ်လို့ အကြံပေးချင်တယ် မိုးသက်

မိုးသက်ဝေက နားစိုက်ထောင်နေတုန်းမှာ မြတ်နိုး

က အဖော်စပ်၏။

'ငါတို့ ဆယ်ရက်လောက်ကြိုးစားပြီး တရားပတ်

မလားလို့ မိုးသက်ဝေ၊ ဦးကိုအင်ကာရဲ့ ဝိပဿနာတရားစခန်း

က နိုင်ငံအနှံ့အပြားမှာ ရှိနေတယ်၊ နိုင်ငံခြားသား လူမျိုး

တွေတောင် တလေးတစားနဲ့ ဝိပဿနာကို ကျင့်ကြံအားထုတ်

ကြသေးတာပဲ'

'ဝင်တာပေါ့ မြတ်နိုးဖြူ၊ ဗုဒ္ဓရဲ့ ဓမ္မနဲ့ ငြိမ်းချမ်း

အစစ်အမှန်ကို ငါလည်း တန်ဖိုးထားပါတယ်'

'ဟုတ်တယ် မိုးသက်ဝေ၊ တို့အပါအဝင် လူတွေ

လုံးဟာ အပူတွေနဲ့ လောင်ကျွမ်းပျော်မွေ့နေကြတာ၊ ကမ္ဘာ

ကို၊ ပတ်ဝန်းကျင်ကိုသာ ငြိမ်းချမ်းစေချင်ကြတာ၊ ကိုယ့်

ကိုယ်စာကိုတော့ ငြိမ်းချမ်းအောင် မလုပ်နိုင်ဘဲ စိတ်ရောဂါ

ပါ ကန်းနေဖြစ်ကြတာ၊ ငြိမ်းချမ်းရေးကို ဗန်းပြ၊ ငြိမ်းချမ်း

အောင် ရည်ရွယ်ပြီး လုပ်နေကြတဲ့လူတွေကိုယ်တိုင်က အတ္တ

နဲ့ ကျွမ်းလောင်နေကြတာပဲမဟုတ်လား'

သူ့ငြိမ်းချမ်းရေးတရားကို မိုးသက်ဝေတို့နှစ်ယော

ကြားနေခိုက်မှာပင် အထုပ်အပိုးတွေဆွဲပြီး ရိပ်သာအဝန်းဝိုင်း

လူတွေ ထွက်လာကြသည်။

'ဟိုမှာ သူတို့တွေ ထွက်လာကြပြီ၊ ကိုရဲရင့်





ကြိုမှာကို မင်းသွေး သိထားတယ်မဟုတ်လား'

မြတ်နိုးဖြူတစ်ယောက်ကတော့ ပျော်ပါးမြူးတူးနေတာ

သာလွန်း၏။

'သိတယ် မြတ်နိုး၊ သူ့စိတ်ဓာတ်ကို မြှင့်ပေးချင်တဲ့

နဲ့ မြတ်နိုးတောင်ပါရင် ပါလာမှာလို့ ရိပ်သာဝင်တုန်းက

ခဲ့သေးတယ်၊ အခုတော့ အမှုပါမှဲ ပြောခဲ့မိတဲ့ စကားက

တယ်ဖြစ်နေပြီ'

'ကျွန်မကတော့လေ မင်းသွေးတစ်ယောက် စိတ်ရော

ပါ ငြိမ်းချမ်းနေတာကိုပဲ တောင့်တမိတယ်၊ ဒီလိုမဟုတ်

အရင်အတိုင်းပဲဆိုရင်တော့ ကျွန်မတို့အားလုံး ပူလောင်ကြ

ဟုတ်လား'

ရိပ်သာထဲမှ ထွက်လာသော မင်းသွေးကို ရိပ်ခနဲမြင်

တ်ရသည်။

'မိုးသက်ဝေတို့နှစ်ယောက် ဒီအကွယ်လေးမှာ မသိ

လေး ကွယ်နေကြဦး၊ တို့ သွားကြိုလိုက်မယ်'

သူ့စကားအတိုင်းပင် အကွယ်လေးမှာ မြတ်နိုးဖြူတို့

ရစ်ခဲ့ကြသည်။ အမှုမဲ့ အမှတ်မဲ့ဖြစ်သလို ထင်မထားသော

ကြောင့် မိုးသက်ဝေတို့ကို မင်းသွေး ဘယ်လိုမှ အလွယ်တကူ

မှာ မဟုတ်ပေ။

✠ ✠ ✠

www.burmeseclassic.com

www.burmeseclassic.com



"ကိုသားကြီးရဲ့ကျေးဇူးတွေ များလေလေ့ ခိုင်သ
ဖြစ်အောင် ပံ့ပိုးတိုက်တွန်းခဲ့တဲ့ကျေးဇူးတလေတော့ မင်းသွေး
အကြီးမားဆုံးပါပဲ"

မြတ်နိုးမြို့တို့ရှိသော အတွယ်လေးနားအရောက်
မင်းသွေး ပြော၏။ ဗုဒ္ဓ၏ တရားတော်တို့ ဂုဏ်ကြီး ဦးကိုးခင်
နည်းလေးလမ်းဖြင့် မင်းသွေးစိတ်အစဉ်တို့ လေးကြည်ခဲ့

"အစအဆုံးရာ အသင်ပြောတယ်မဟုတ်လား မင်းသွေး

"နှစ်ရှည်ပြောက်တဲ့ရေမှာ ထွက်မြောချင်လောက်
ဖြစ်ရတယ်၊ လေးရက်လောက်မှ နေသာတော့ပြီး စိတ်ချမ်း
ခဲ့တာ"

"ဒါပေါ့ မင်းသွေး၊ တို့ဆိုစိတ်ရဲ့ သဘောသဘာ
ဒီအသိရှိတဲ့အခွင့်မှာ ကိုယ်တိုင်ကိုယ်ကျ သိခွင့်ရလိုက်
အကျိုးအမြတ်တစ်ခုပဲမဟုတ်လား၊ မင်းသွေးအဖို့ ခိုင်သ
တစ်လှမ်းချင်း ထွက်လာတာနဲ့အမျှ စိတ်သစ်ကိုယ်သစ် အ
သစ်တွေနဲ့ အသက်တိုက်တဲ့ကောင်းမှုတွေ ရတော့မှာ
တယ်"

"မှတ်တယ် ကိုသားကြီး၊ အရွှန်းသင် အကုန်အ
တဲ့ ကိုယ့်စိတ်ရှိနိုင်း၊ ကိုယ့်စိတ်ကြမ်းတို့ ကိုယ်တိုင်ဆုံး
ယဉ်ပါးအောင် လုပ်နိုင်ခဲ့ပြီလို့ ပြောရမှာပဲ"

သူတို့နှစ်ယောက် နောက်ပါးဆီကနေ ဗိုလ်သက်
မြတ်နိုးမြို့တို့ ထပ်ပါလာကြသည်။ သူနှင့် မင်းသွေးတို့





[illegible]ပြောလေကားများကိုလည်း မြတ်နိုးမြို့တို့ကြားမှာ လေးမျှ
[illegible]။ နောက်တစ်ခါရပ်ပြီးကြားညိပြီး မြတ်နိုးမြို့အား မျှော်ရိပ်ကြ
နိုင်ခဲ့၏။

"မင်းသွေး"

ချဉ်းကပ်မှ လှိုက်ခတ်ကာ ပြီး ခေါ်လိုက်သော တရားအသံ။
မင်းသွေးတစ်ယောက်တော့ အသာယ်ပျံကြားသည့်လေသံ။

သူ့အကြားမှာတော့ ပွဲတော်တစ်ခု ရှိုက်ရောက်သွားခဲ၏။

"တော…… မြတ်နိုး၊ မနိုးသက်လေလည်း ပါလာတယ်"
အိမ်ဝတက်လော့ကာလာရှိတာကို မင်းသွေး သိရသည်။
မင်းသွေးလက်ကို ကလေးကလေးကိုင်ပြီး ပြောလိုက်သည်။

"မင်းသွေးရဲ့အောင်မြင်မှုကို ကိုသားကြီးရဲ့ တစ်သီးတစ်ခါး
အကိုး ချီးမြှင့်လိုက်တာပဲ၊ ကိုယ့်စိတ်ကို ကိုယ်အောင်နိုင်မှု
အောက် ကြိုးတချယ်လဲနေရာတာမျိုး မရှိနိုင်တော့ဘူး မင်းသွေး"

"မင်းသွေးမှာ ဒီလိုအခါတိုင်းရှိတာ အများကြီး ကျေးဇူး
မှုတာ သိလား၊ မင်းတို့ အမြဲပဲဆုံကြည့်ချင်တယ်၊ အမြဲ
မကြည့်ရတာလည်း အလိုတော့မှ မတွေ့ရုံကလွဲရင်လည်း မှား
ညစ်လိုက်ပြီ မင်းသွေး"

မိုးသက်လေကိုယ်ကိုင်တယ်ဆိုင် မင်းသွေးအား ထပ်၍
ခိုးလိုက်လေပြီ။

မြတ်နိုးမြို့ကတော့ အလျှင်းပျော်ရွှင်ပြီး မျက်ရည်များ
စီးရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ် မမိုးသက်ဝေ၊ ကျန်ခဲ့တဲ့ ညစ်ညမ်းစိတ်ပျက်ဖွယ်ရာကောင်းတဲ့ရက်တွေကို မင်းသွေး ဘယ်တော့မှ နောက်ကြောင်းပြန်မလှည့်တော့ပါဘူး'

'အဲ… ဒါဆိုရင် မြတ်နိုးက မင်းသွေးကို အိမ်ရောက်အောင် လိုက်ပို့ပေးလိုက်၊ ကိုသားကြီးက မိုးသက်ဝေကို လိုက်ပို့ပေးလိုက်မယ်'

သူ၊ မိုးသက်ဝေ၊ မြတ်နိုးဖြူတို့ ဘယ်လိုပေါင်းစည်းသွားဖြစ်ကြသည်ကို မင်းသွေးတစ်ယောက် သိဦးမည်မထင်ပေ။

မြတ်နိုးဖြူကပင် ဖြစ်ကြောင်းကုန်စင်ကို သူတို့မျက်ကွယ်မှာ ပြောပြပေတော့မည်။

မင်းသွေးနှင့် မြတ်နိုးဖြူတို့ကားလေး ထွက်သွားသည်ကို နှစ်ယောက်သား ငေးကြည့်ဖြစ်ကြသည်။

'မိုးသက်ဝေ'

'ရှင်… ဘာများပြောချင်လို့လဲ'

'ဆိုင်ကို လိုက်ပို့ပေးရမှာလား၊ အိမ်ကို လိုက်ပို့ပေးရမှာလား၊ ကားပေါ်တက်ရအောင်လေ'

'ရှင့်သဘောပဲ'

မိုးသက်ဝေကပင် ဦးဆောင်ပြီး ဆိုင်ပေါ်သို့တက်လိုက်၏။ မိုးသက်ဝေရင်ထဲမှာ ဘာတွေဖြစ်နေသည်ကို သူသိချင်နေ၏။ သူ့စိတ်တွေကိုရော မိုးသက်ဝေ သိချင်နေသလား မပြောတတ်။





'မြတ်နိုးတို့နှစ်ယောက် ဘဝကတော့ ရွှေရှော်ဦးမိအေးကြတော့မှာပဲနော်'

'အဲဒါ ဘာဖြစ်လဲ'

ခနဲ့တဲ့တဲ့ စကားရိသဲ့သဲ့ အပြုံးများဖြင့် သူ့ကို မိုးသက်ဝေ ရင်ဆိုင်လိုက်သည်။ သူလည်း ရောယောင်ပြီး ပြုံးဖြစ်သေးသည်။ သူနှင့် မိုးသက်ဝေတို့၏ ရှေ့ရေးရှေ့ရာများမှာတော့။

ရုတ်တရက်ဆိုသလို ကောင်းကင်တစ်ခုလုံး ပြိုကျလာသည်။ မိုးတွေလေတွေကြောင့် ကားကို သတိထားမောင်းနေရသည်။ အမြင်မှာ ဝင်းခနဲဖြစ်သွားပြီး ကျယ်လောင်သောမိုးကြိုးပစ်သံကို ကြားလိုက်ရသည်။

ရုတ်တရက်မို့ သူ့လက်မောင်းကို မိုးသက်ဝေ ဆုပ်တွယ်သည်။ ခဏအတွင်းမှာပင် မိုးသက်ဝေ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး သူ့မျက်နှာကို မကြည့်ဝံ့အောင် ခေါင်းငုံ့ထားသည်။

သူ့ရင်ထဲမှာလည်း…

✠ ✠ ✠

**မောင်ညိုအေး(ပန်းတော)**

www.burmeseclassic.com